ပဓာန နာယက ညောင်ကန်အေးဆရာတော်

ဘဒ္ဒန္တကုန္ဒကမဟာထေရ်မြတ်အား

စုပေါင်းချီးကျူး ဂုဏ်ပြုပူဇော် အပ်သော

မဟာဓမ္မကထိကဗဟုဇနဟိတဓရဂုဏ်ဝိသိဋ္ဌပူဇာသဘင်

ညောင်ကန်အေး

# မဟာပူဇာမှတ်တမ်း





မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေးဆရာတော်အား ဝေယျာဝစ္စအမှုဆောင်လူကြီးများက ပင့်ဆောင်ပူဇော်ကြသည်

နိုင်ငံကျော်အဆိုတော် ထား နှင့် ခင်စိုးဝင်းတို့က ရတုတေးထပ် ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်

ပဓာနနာယက

ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တကုလန္ဒက

မဟာထေရ်မြတ်အား

ဦးဆန်းတင်
(ပြည်ပသာသနာပြု)

စုပေါင်းချီးကျူးဂုဏ်ပြုပူဇော်အပ်နှင်းသော သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ဖုန်း - ၆၅၃၃၅

မဟာဓမ္မကထိကဗဟုဇနဟိတဓရ

ဂုဏာဝိသိဋ္ဌပူဇာသဘင်

# ညောင်ကန်အေး
# မဟာပူဇာမှတ်တမ်း

[illegible]ပြန့်ပွားရေးဦးစီးဌာန
[illegible]
[illegible]

၁၃၅၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက်၊
(၂၀-၉-၉၂) တနင်္ဂနွေနေ့တွင် ကျင်းပသည်။

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ဦးမြင့်သန်း၏ ညောင်ကန်အေးဆရာတော်ဘဝနှင့် စာပေနိဒါန်း .... | ၃၅ |
| ၁၇။ | မင်းလှအရှင်ဇင်္ဂိုသပဏ္ဍိတ၏မင်္ဂလာရတုပို့ဒ်စုံ .... | ၄၀ |
| ၁၈။ | အရှင်စက္ကိန္ဒ၏ ဂုဏာဘိကိတ္တနဂါထာ — | ၄၃ |
| ၁၉။ | တောင်တွင်းကြီး မဟာစည်ရိပ်သာဆရာတော်၏ ထုတိမင်္ဂလာပူဇော်လွှာ .... | ၄၆ |
| ၂၀။ | ဦးမင်းကြည်၏ ထေရုပ္ပတ္တိကထာထုတိမင်္ဂလာဩဘာစာ | ၄၈ |
| ၂၁။ | ဟသ်ာတမဟာစည်ရိပ်သာ ဆရာတော်၏ မေတ္တာဆန္ဒမွန် လက်ာများ .... | ၆၁ |
| ၂၂။ | ပူဇော်အဆင့် မြင့်ထက်မြင့် ဒေဝတာသုတ်တရားတော် .... | ၆၂ |
| ၂၃။ | တရားတိုးတက်အောင် ကျင့်နည်းတရားတော် .... | ၆၅ |
| ၂၄။ | ပူဇော်ပွဲ အလှူရှင်များ — | ၇၅ |



အင်္ဂလန်နိုင်ငံ
ဗြိတိန်မြန်မာကျောင်း ဥယျာဉ်အတွင်းရှိ ပန်းသီးပင်အောက်၌
သောင်ကန်အေးဆရာတော်အား တွေ့မြင်ရပုံ



အင်္ဂလန်နိုင်ငံ ဗြိတိန်မြန်မာကျောင်းတွင် သီတင်းသုံးကြသော သံဃာတော်များ
(ဝဲမှယာ) ဦးပေသလ၊ ဦးပညာသာမိ၊ ညောင်ကန်အေးဆရာတော် နှင့် ဦးပညာသီဟ



ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့
ဦးစိုးထွန်းအောင် ဒေါ်ရင်ရင်
မိသားစု အား
ညောင်ကန်အေးဆရာတော်
တရားဟောကြားပုံ



ပြင်သစ်နိုင်ငံ
သကျမုနိကမ္မဋ္ဌာန်းဌာနခွဲ
(ဝဲမှယာ) မစ္စတာလိ
ဦးပညာသီဟ
ပုသိမ်ဆရာတော်ကြီး
ညောင်ကန်အေးဆရာတော်
ဆရာတော် ဦးဇဋိလ
ဒေါက်တာကျော်မြင့်

သီရိလင်္ကာနိုင်ငံ ဘန်ဘာရာဂရ
အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ
ကမ္မဋ္ဌာန်းသင်တန်းဌာနဖွင့်ပွဲ ▶




ညောင်ကန်အေးဆရာတော်
နီပေါနိုင်ငံ ရောက်ရှိခဲ့စဉ် ▼





▲ သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့၊ ရာဇာသင်္ဂဟ ပေါထဂူးကျောင်းတိုက်
တရားပွဲ တရားနာပရိတ်သတ်များ



နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံ
ကိုးဆောင်ဆရာတော်ဘုရားကြီး ဩဝါဒတရားချီးမြှင့်တော်မူသည်

ကြွရောက်ချီးမြှောက်တော်မူကြသော
ဝက်လက်မစိုးရိမ် ဆရာတော်ဘုရားကြီး၊
ပခုက္ကူအလယ်တိုက်
အဂ္ဂမဟာပဏ္ဍိတဆရာတော်
နိုင်ငံတော် သံဃမဟာနာယက
တွဲဖက်အကျိုးတော်ဆောင်
ဘဒ္ဒန္တဝဏ္ဏသိရိ နှင့်
ညောင်ကန်အေးဆရာတော်
▶





◀
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ပူဇော်ပွဲတွင်
ဝက်လက် မစိုးရိမ်ဆရာတော်ဘုရားကြီးအား
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ
မြင်းခြံ ကိုးဆောင်ဆရာတော်ကြီးက
ရှိခိုးပူဇော်နေပုံ



▲ပူဇော်ပွဲသို့ ကြွရောက်ချီးမြှောက်တော်မူကြသော ဆရာတော်များ
အချိုပွဲ ဘုဉ်းပေးတော်မူကြပုံ



◄ ရန်ကုန်တိုင်း သံဃမဟာနာယကအဖွဲ့
ဥက္ကဋ္ဌ ဆရာတော်နှင့်
အကျိုးတော်ဆောင် ဆရာတော်တို့ကို
ညောင်ကန်အေးရိပ်သာ
အမျိုးသမီး ဝေယျာဝစ္စအဖွဲ့ဝင်များက
လှူဖွယ်ပစ္စည်းများကို
ဆက်ကပ်ကြသည်

▼ အမျိုးသမီးဝေယျာဝစ္စ အဖွဲ့ဝင်များက ညောင်ကန်အေးဆရာတော်
အား ဆွမ်းဆက်ကပ်ကြသည်။





ညောင်ကန်အေးဆရာတော်အား တွဲဖက်အတွင်းရေးမှူးများဖြ
သော ဦးလှအောင်နှင့် ဦးသန်းခင်တို့က ထီးဖြူမိုး ပူဇော်လ
ပင့်ဆောင်ကြသည်။

မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ညောင်ကန်အေးဆရာ
အား ပရိသတ်များက ပူဇော်ကြသည်။ ▼



ဓာတ်ပုံ တင်ထွန်းထွန်း



ပူဇော်ပွဲတွင် ညောင်ကန်အေးရိပ်သာ အမျိုးသမီးဝေယျာဝစ္စအဖွဲ့ဝင်
များက လှူဖွယ်ပစ္စည်းများကို ပြင်ဆင်နေကြသည်

များကိုယ်စား အလှူငွေများကို အင်းစိန်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက လှူဒါန်း၍ ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်က လက်ခံရယူသည် ▶





◀ ညောင်ကန်အေး ဆရာတော် အား ရန်ကုန်မြောက်ပိုင်းခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အင်းစိန်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဖူးမြော် ပူဇော်ကြသည်



▲ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စ အမှုဆောင် အဖွဲ့ဝင်များက ဆွမ်းဆက်ကပ်ကြသည်





▲ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၏ အလှူငွေ ၅၀၀၀ိ/-ကို ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိန်က လက်ခံရယူသည်



▲ ညောင်ကန်အေးဆရာတော်အား စုမွန်ကဖီး ဦးပိုက် ဒေါ်ငွေကြည် မိသားစုတို့က ဆရာတော်၏ဓါတ်ပုံကို လှူဒါန်းဆက်ကပ်ကြသည်

ညောင်ကန်အေးဆရာတော်အား ခိုင်ဝင်းဓါတ်ပုံတိုက် ဒေါ်တင်ရွှေ မိသားစုက ဆရာတော်၏ ပုံတူပန်းချီကားကို ဆက်ကပ်ပူဇော်သည် ▶






၁။ ရန်ကုန်မြို့
ကမ္ဘာအေးဘုရားလမ်း မဟာစည်
အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြု
သင်တန်းကျောင်း အရှင်စက္ကိန္ဒ
၂။ ညောင်ကန်အေးရိပ်သာကမ္မဋ္ဌာနာစရိယ
အရှင်ဝိစာရ
၃။ ညောင်ကန်အေးရိပ်သာကမ္မဋ္ဌာနာစရိယ
မုံရွာအရှင်ပညာသာမိ









ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ
လက်ထောက် ကမ္မဋ္ဌာနာစရိယ များဖြစ်ကြသော
အရှင်ဝဏ္ဏ နှင့်
အရှင်ဓမ္မသာမိ တို့က ညောင်ကန်အေးထေရဂုဏ
ထောမနာဂါထာများကို ရွတ်ဖတ်ပူဇော်
လျှောက်ထားသည်။



အတွင်းရေးမှူး ဦးထွန်းအေး လျှောက်ထားနေပုံ ▶



၁။ သဒ္ဓမ္မဇောတိက ဓဇ မဟာစရိယ ဦးငွေလှိုင် က ချီးကျူးပူဇော်စကား လျှောက်ထားသည်။
၂။ ညောင်ကန်အေးရိပ်သာဥက္ကဋ္ဌ ဦးကျော်စိန်က ဝမ်းမြောက်စကားလျှောက်ထားသည်။
၃။ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းကြည် က ဂုဏ်ပြုပူဇော်စကား လျှောက်ထားသည်။
၄။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒု ဦးစီးမှူး ဦးမြင့်သန်း(မောင်ပွင့်ခိုင်-သရက်)က ဘဝနှင့်စာပေအကြောင်း လျှောက်ထားသည်။
၅။ ဘဏ္ဍာရေးမှူး ဦးတင်ငွေ လျှောက်ထားနေပုံ၊
၆။ သာသနာရေးဦးစီးဌာန ဌာနစုမှူး ဦးထွန်းရွှေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

# ဆန္ဒမွန်ပန်ကြားလွှာ

---

* မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဣန္ဒကမဟာထေရ်မြတ်အား ထပ်ဆင့်ပူဇော်ပွဲကြီးကို ၁၃၅၄-ခုနှစ် တော်သလင်း လပြည့်ကျော် ၉-ရက် (၂၀-၉-၉၂) တနင်္ဂနွေနေ့၌ ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင်အဖွဲ့က ကြီးမှူး၍ တပည့်, ရဟန်း, ရှင်လူအပေါင်းတို့က ကျင်းပပူဇော်ခဲ့ကြပါသည်။
* ပူဇော်ပွဲတွင် စုစုပေါင်း အလှူငွေကျပ် (၁၅၂၇၇၀ - ကျပ်နှင့် ၁၅-ပြား) ရရှိခဲ့ပါသည်။
* ပင့်သံဃာ ၇၄-ပါးနှင့်ဧည့်ပရိသတ်အပေါင်းတို့အား ဆွမ်းဆက်ကပ်ကျွေးမွေးဧည့်ခံခြင်းနှင့် လှူဖွယ်ပစ္စည်းအသီးသီးတို့ကို လှူဒါန်းခြင်း အသွယ်သွယ်တို့၏ ကုန်ကျငွေမှာ(၁၂၅၁၀၀)ကျပ်ဖြစ်ပါသည်။
* သုံးငွေထက်ပိုငွေကျပ်(၂၇၆၇၀-ကျပ်နှင့် ၁၅-ပြား)ကိုဆရာတော်၏ နဝကမ္မအကျိုးငှာ ကပ္ပိယထံ လွှဲအပ်လှူဒါန်းပါသည်။
* အထူးအားဖြင့် အင်းစိန်မြို့နယ် မင်းကြီးလမ်း အမှတ် ၁၁၊ ဦးမြင့်-ဒေါ်သစ်သစ်လွင် မိသားစုတို့က ထိုင်းနိုင်ငံဖြစ် ရဟန်းတော်သုံး လွယ်အိတ် အလုံး ၅၀-နှင့် ခါးပန်းကြိုး ၅၀-တို့ကို လှူဒါန်းကြပါသည်။
* မရမ်းကုန်းမြို့နယ် ၇-မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း အမှတ် ၂၇၊ အငြိမ်းစား သံအမတ်ကြီး ဦးသိန်းမောင်-ဒေါ်ခင်ခင်စီ မိသားစုတို့က ဒရဲခဲသေတ္တာ ၁-လုံး လှူဒါန်းကြပါသည်။
* အင်းစိန်မြို့နယ်သမ်းသစ်လမ်း(သီရိစန္ဒာဆေးတိုက်ပိုင်ရှင်)ဦးတင်မြင့် ဒေါ်စိုးစိုးမိသားစုတို့က ကွန်ပျူတာသုံး မှန်စားပွဲ ၁-လုံး လှူဒါန်းကြပါသည်။

၁၃၅၄-ခုနှစ် သီတင်းကျွတ်လပြည့်(၁၁-၁၀-၉၂)တနင်္ဂနွေနေ့တွင် ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင်အဖွဲ့ လပတ်ပုံမှန် အစည်းအဝေး (၈/၉၂)ကို ၁၂:၀၀ နာရီအချိန် မေတ္တာအေးစံကျောင်း အပေါ်ထပ်ဝယ် ကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေးက "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌ ပူဇာသဘင်မှတ်တမ်း"ကို ပုံနှိပ်၍ ဖြန့်ချိရန် ဆုံးဖြတ်ခဲ့ပါသည်။

# ကျေးဇူးတင်ပါသည်

ဤမှတ်တမ်းကို မူရင်းအသံသွင်းတိတ်ခွေမှ စာမူဖြစ်အောင် ရေးကူးပေးသော ညောင်ကန်အေးရိပ်သာ အရှင်ဝိစာရအား ကျေးဇူးတင်ပါသည်၊ ဤအခမ်းအနားတွင်ပါဝင်ရေးသားရွတ်ဆိုဟောပြောချီးမြှင့်ဂုဏ်ပြုပူဇော်ကြသော ဆရာတော် သံဃာတော် ရဟန်းရှင်လူပညာရှင်များအား ကျေးဇူးတင်ပါသည်။

ဝေယျာဝစ္စအမှုဆောင်အဖွဲ့
မဟာစည်သြဝါဒခံညောင်ကန်အေးသာသနာ့ရိပ်သာ
အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ အရှေ့ကြို့ကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တော်
မြန်မာနိုင်ငံ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တော်

---

ဂဏာဝါစကရိယဂုဏ်၊ ဗာဟုသစ္စဂုဏ်၊ သံဃဂဏာဝမိဇ္ဈောမနုဂုဏ်၊ ဗဟုဇနဟိတာဝဟဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်—

ညောင်ကန်အေး မဟာစည် သာသနာ့ရိပ်သာ

## ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ

အရှင်မြတ်အား သာသနာတော်နှစ် ၂၅၃၅၊ ကောဇာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ ၂၁-ရက်) ကြာသပတေးနေ့တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

မှတ်ချက်။ ။ဘွဲ့တံဆိပ်တော် စာသားမိတ္တူဖြစ်ပါသည်။

၁၃၅၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက် (၂၀-၉-၉၂)
တနင်္ဂနွေနေ့၌ ကျင်းပသည့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြို့တော်ရန်ကုန်၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်
ရန်ကုန်-အင်းစိန် လမ်းမကြီး၊ အမှတ် -၆
မဟာစည်သြဝါဒါ ညောင်ကန်အေးသာသနာ့ရိပ်သာ
ပဓာနနာယက ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဇဋိလ
မဟာထေရ်မြတ်အား
စုပေါင်းချီးကျူး ဂုဏ်ပြု ပူဇော်အပ်သော
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌ ပူဇာသဘင်

# အခမ်းအနားအစီအစဉ်

---

ပထမပိုင်း (ပင့်ဆောင်ရေး)

ပရိသတ်များ စုံလင်သော (၁၁း၅၀) နာရီ အချိန်တွင်—

၁။ သက်ဆိုင်ရာလူကြီးများက ဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များကို ပင့်ဆောင်ရန်။

၂။ သာသနာရေး ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှုလက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်က အဘိယာစနနိမန္တနဂါထာဖြင့် ညောင်ကန်အေးဆရာတော်အားပူဇာသနပလ္လင်ပေါ်သို့ကြွရောက်တော်မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားပြီး ဂါထာဆုံး၍ သာဓု ၃-ကြိမ် ခေါ်ပြီးသည်နှင့် တစ်ပြိုင်နက် တာဝန်ယူထားကြသည့် လူကြီးများက အခမ်းအနားဖြင့် ပင့်ဆောင်လာရန်မှာ—

(က) သာသနာ့အောင်လံတော်ကြီးကို- ဥက္ကဋ္ဌ ဦးကျော်စိန် ကလည်းကောင်း၊

(ခ) အလှပန်းစိုက်ငွေဖလားကြီးများကို-ဒု ဥက္ကဋ္ဌ ဦးထွန်းဦး၊ နာယကကြီးဦးထွန်းဝင်းနှင့် ဒု ဥက္ကဋ္ဌ ဦးစံလှတို့ ကလည်းကောင်း၊

(ဂ) ဘွဲ့အမည်တော် ဆိုင်းဘုတ်ကို - တွဲဖက် အတွင်းရေးမှူး ဦးစံသိန်း က လည်း ကောင်း၊

(ဃ) ဘွဲ့တံဆိပ်သေတ္တာကို ဘဏ္ဍာရေးမှူး ဦးတင်ငွေက လည်းကောင်း၊

(င) ဘွဲ့တံဆိပ်လက်မှတ်တော်ကို - အတွင်းရေးမှူး ဦးထွန်းအေးကလည်းကောင်း၊

(စ) ပန်းပေါက်ပေါက်များကို - နာယကကြီး ဦးလှမြင့်က ဖြန့်ကြဲ၍ လည်းကောင်း၊

(ဆ) ဘွဲ့ခံဆရာတော်၏ (၁)ယာထီးဖြူကို- တွဲဖက် အတွင်းရေးမှူး ဦးလှအောင်က လည်းကောင်း၊

(၂) ဝဲထီးဖြူကို- တွဲဖက် အတွင်းရေးမှူး ဦးသန်းခင် က လည်းကောင်း၊

(ဇ) လှူဖွယ်ပစ္စည်းများကို- ပူဇော်ပွဲ ကျင်းပရေး အမှုဆောင် လူကြီးများ ကလည်းကောင်း ကိုင်ဆောင် လိုက်ပါကြရန်။

**မှတ်ချက်။** ။အခမ်းအနားဖြင့် ပင့်ဆောင်နေချိန်အတွင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်နှင့် အမျိုးသမီးများက ပူဇာသနပလ္လင်ပေါ်သို့ ဆရာတော်ရောက်ချိန်အထိ မေတ္တာပို့ လက်ာများကို ရွတ်ဆိုပူဇော်ကြရန်။

ဒုတိယပိုင်း (ပူဇော်ရေး)

၁။ သက်န်းကျွန်း ညောင်ကန်အေး ကွင်းကျောင်းဆရာတော် အရှင်ပညာဝံသ ရေးသားပူဇော်အပ်သော အခါတော်ကြားဂါထာကို ညောင်ကန်အေး ကွင်းကျောင်း အရှင်မေမ္မသာမိက ဖတ်ကြား၍ ပူဇော်ပွဲအခမ်းအနားကို ဖွင့်လှစ်ရန်။

၂။ ပရိသတ်များက မဟာစည်သြဝါဒါစရိယ ပုသိမ် သဒ္ဓမ္မသိတဂူဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ် ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြရန်။

၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာ ရဋ္ဌဂုရု မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ် မိန့်ကြားတော်မူအပ်သော ဩဝါဒကထာကို နာကြားရန်။

၄။ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်က အမျိုးစုပေါင်း လှူဒါန်းသော ငွေပဒေသာပင်ကို အားလုံး၏ ကိုယ်စား ဆက်ကပ်လှူဒါန်း၍ အင်းစိန်မြို့နယ်၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး ခင်မောင်သန်းက ကပ္ပိယဒါယကာအဖြစ်ခံယူပါရန်။

၅။ အင်းစိန်မြို့နယ်မှ အလှူရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေကို အင်းစိန်မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး ခင်မောင်သန်းက ဆက်ကပ်လှူဒါန်း၍၊ ညောင်ကန်အေး ဝေယျာဝစ္စအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးထွန်းအေးက ကပ္ပိယဒါယကာအဖြစ် ခံယူပါရန်။

၆။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီး-ယောဂီစောင့်ရှောက်ရေးအမှုဆောင်အဖွဲ့၏ အလှူငွေများကို အဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နွဲ့ရီက ဆက်ကပ်လှူဒါန်း၍ ညောင်ကန်အေး ဝေယျာဝစ္စအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်က ကပ္ပိယဒါယကာအဖြစ် ခံယူရန်။

၇။ ညောင်ကန်အေး ဝေယျာဝစ္စအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန် မိသားစုက လှူဒါန်းသော အလှူငွေကို ဦးကျော်စိန် ကိုယ်တိုင် ဆက်ကပ်လှူဒါန်း၍ ဝေယျာဝစ္စအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးထွန်းအေးက ကပ္ပိယဒါယကာအဖြစ် ခံယူပါရန်။

၈။ လူကြီးများနှင့်တကွ ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ အမှုဆောင်ပုဂ္ဂိုလ်များက ပြန်လည် ကြွတော်မူကြမည့် ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရန်။

၉။ ညောင်ကန်အေး သာသနာ့ရိပ်သာ အရှင်ဝိစာရက ဟသ်ာတ မဟာစည်ရိပ်သာဆရာတော် သာသနဓဇသိရီပဝရဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တကုဏ္ဍလမထေရ်၏ ရေးသားသီကုံးအပ်သော "အာသီသပတ္ထနာဂါထာ" ကို ဖတ်ကြားပူဇော်ရန်။

၁၀။ ညောင်ကန်အေးယောဂီ နိုင်ငံကျော် အဆိုတော် ခင်စိုးဝင်းက မင်းလှ အရှင်ဇဋိလပဏ္ဍိတ ရေးသားအပ်သော ဂဝ-မပါတေးထပ် ဖြင့် ပူဇော်ရန်။

၁၁။ မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ဧယျာ ဝစ္စ-အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်က ပူဇော်ပွဲကျင်းပရခြင်း အကြောင်းကို လျှောက်ထားရန်။

၁၂။ သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဦးဌေးလှိုင်က ဂုဏ်ပြုစကား လျှောက်ထားရန်။

၁၃။ ညောင်ကန်အေးယောဂီ နိုင်ငံကျော်အဆိုတော် ''ထား'' က သဒ္ဓမ္မ ဇောတိကဓဇ ဓမ္မာစရိယဆရာ သီကုံးရေးသားသော ညောင်ကန် အေး ထေရဂုဏ်ရည်အဖြည့်ခံရတုကို ဖတ်ကြားပူဇော်ရန်။

၁၄။ ညောင်ကန်အေးကွင်းကျောင်း အရှင်ဝဏ္ဏသာမိက ဿဃ်န်းကျွန်း ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာဆရာတော် အရှင် ပညာဝံသ ရေးသားအပ်သော ''ညောင်ကန်အေးထေရအာသီသ ပတ္ထနာဂါထာ'' နှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပြည်လမ်း ထောက်ကြံ့တောရကျောင်းတိုက် ဆရာတော် အရှင်ဓမ္မရက္ခိတ (ချောင်းဦး မောင်စန္ဒာ) ရေးသားသော ညောင်ကန် ဝန္ဒနာ ဂါထာများကို ဖတ်ကြားပူဇော်ရန်။

၁၅။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒု-ဦးစီးမှူး ဦးမြင့်သန်း (ဓမ္မာစရိယ၊ ဘီအေ, အိပ်ချ်, ဂျီ ပီ) (မောင်ပွင့်ခိုင် သရက်) က ညောင်ကန်အေးဆရာတော်၏ဘဝနှင့်စာပေအကြောင်း ကို ဂုဏ်ပြုလျှောက်ထားရန်။

၁၆။ မဟာစည်ယောဂီ နိုင်ငံကျော် မင်းသမီးကြီး အောင်သန်းတင် က ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယကအဖွဲ့ဝင် မင်းလှ အရှင်ဇဋိလပဏ္ဍိတ ရေးသားသောရတုပိုဒ်စုံကို ရွတ်ဖတ်ပူဇော်ရန်။

၁၇။ ရန်ကုန်မြို့ ကမ္ဘာအေး မဟာစည်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ ပြု သင်တန်းကျောင်း သာသနဓဇဓမ္မာစရိယ အရှင်စက္ကိန္ဒ က ကိုယ် တိုင် ရေးသားအပ်သော ညောင်ကန်အေးထေရဂုဏာဘိကိတ္တန ဂါထာနှင့် အာသီသပတ္ထနာ ဂါထာတို့ကို ရွတ်ဖတ်ပူဇော်ရန်။

၁၈။ တောင်တွင်းကြီးမြို့ မဟာစည်ရိပ်သာ ဆရာတော် ဦးသံဝရ ရေး- သားဂုဏ်ပြုသော ထုတိမင်္ဂလာပူဇော်လင်္ကာ ဂါထာကို ညောင်ကန် အေးသာသနာ့ရိပ်သာ အရှင်ပညာသာမိက ရွတ်ဖတ်ပူဇော်ရန်။

၁၉။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းကြည် က ကိုယ်တိုင် ရေးသားသော ညောင်ကန်အေးထေရုပ္ပတ္တိ ကထာထုတိမင်္ဂလာ သြဘာစာကို ဖတ်ကြား ပူဇော်ရန်။

၂၀။ ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးထွန်းအေးက ငွေစာရင်းရှင်းတမ်းကို တင်ပြ လျှောက်ထားရန်။

၂၁။ ညောင်ကန်အေးဆရာတော်က ရေစက်ချ ချီးမြှင့်ရန်။

၂၂။ ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့က ဟံသာတ မဟာစည်ရိပ်သာဆရာတော် ရေးသားသော ဆန္ဒမှန် ကဗျာများကို ဖတ်ကြား၍ ပူဇော်ပွဲအခမ်းအနားကို ရုပ်သိမ်းရန်။

မှတ်ချက်။ ။အခမ်းအနားမှူးအဖြစ် သာသနာရေး ဦးစီးဌာန ဌာနစုမှူး ဦးထွန်းရွှေက ဆောင်ရွက်ပါသည်။

၁၃၅၄-ခု၊ တော်သလင်းလပြည့်ကျော် ၉-ရက်

(၂၀-၉-၉၂) တနင်္ဂနွေနေ့တွင်

အင်းစိန်မြို့၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး

ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ကျင်းပသော

ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဣန္ဒကမဟာထေရ်မြတ်အား

စုပေါင်းချီးကျူးဂုဏ်ပြုပူဇော်သည့်

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနားဝယ်

သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းကြည်(ဓမ္မာစရိယ၊ ဝိဇ္ဇာ)သီကုံးရေးသားသော ပူဇာသနပလ္လင်ပေါ်သို့ကြွလာတော်မူပါရန်တောင်းပန်လျှောက်ထားသည့်-

## အဘိယာစနနိမန္တနဂါထာ

ယော မဟာဓမ္မကထိက၊ ဗဟုဇန ဟိတဓရော၊
အာယသ္မတော ဣန္ဒကဿ၊ ဣဿရိယေန ပူဇိတော။
တာဒိသံ ညောင်ကန်အေးထေရံ၊ မယံ ယာစာမ ပူဇိတုံ။
ဒယာယ အမှာကံ ဘန္တေ၊ သွာဂစ္ဆ ဓမ္မမဏ္ဍကံ။

အာယသ္မတော ဣန္ဒကဿ - အင်းစိန်မြို့ အရှေ့ကြို့ကုန်းအရပ်ဒေသ ရန်ကုန်-အင်းစိန် လမ်းမပေါ်မှာ ညောင်ကန်အေး သာသနာ့ရိပ်သာဟူ ဘေးတိတ်စယအမြိုက်ဆေး တရားတော်မြတ် ရေအေးတို့ကို တိုက်ကျွေး ဒေသနာ ဟောပြရာဌာန ပဓာနနာယကဟု သာစွာထင်ပေါ် ဘဒ္ဒန္တဣန္ဒက အမည်ရှိသော ညောင်ကန်အေးဆရာတော်အား၊ ယော မဟာဓမ္မကထိက ဗဟုဇနဟိတဓရော - ညောင်ကန်အေးရိပ်သာ တရားဟော တရားပြတည် နေရာ၌ ဒေသနာရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးပြီး ဂုဏ်အရည်တို့ စုံညီသီးသီး ဒကာ ဒကာမတွေ ကောင်းကျိုးကြီးအောင် မငြီးရှင်ပျ သာသနာပြုတော်မူသည့် မြတ်ထေရဟု နာမဂုဏ်ဟိတ် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရဟူသော အကြင်ဘွဲ့တံဆိပ်ကို၊ ဣဿရိယေန ပူဇိတော - ဂုဏ်ဟိတ် အလျှော် နိုင်ငံတော်က ပူဇော်ကောင်းစွာ ဂုဏ်ပြုတော်မူအပ်ခဲ့ပါပြီဘုရား။

တာဒိသံ-ညောင်ကန်အေးထေရံ-မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရပါသည့် သီလ သမာဓိ ပညာဟုသိက္ခာသုံးစုံ ကိုယ်ကျင့်

ဂုဏ်တို့ ပြည့်စုံထင်ရှားထိုကဲ့သို့သော ညောင်ကန်အေး ဆရာတော်ဘုရားကို၊ မယံ-မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေးဆရာတော် ဘွဲ့တံဆိပ်ရပြီဟု မြန်မာ့အသံရေဒီယိုမှ ကြားစဉ်ကပင် နားရှင်ဟဒယ တပည့်တွေ စုပေါင်းလို့ ပူဇော်ကြမည်ဟု ယူမျှော်ဆခဲ့တဲ့စိတ်ကူး ယခုအခါ ကိုယ်တိုင်ဖူး၍ ရှင်မြူးရှင်ပျ ထပ်ဆင့်ပူဇော်ပွဲ ကျင်းပဖို့တွေးဆစောင့်မျှော် တပည့်တော်တို့သည်၊ ပူဇိတုံ-ဆရာတော့် ကျေးဇူးဂုဏ်ကို အစုံဖော်ပြ၍ တစ်မျိုး ရှိခိုးဦးချ၍တစ်ရပ်လူဒါန်းဖွယ်ပစ္စည်းတွေဆက်ကပ်၍တစ်ဖုံဂုဏ်တင် လေးစားအရေးထားလျက် ဝပ်တွားကော်ရော် ဖူးကာမြော်၍ ပူဇော် ကြဖို့ရန်အလို့ငှာ၊ ယာစာမ-သီလ သမာဓိ ပညာ သိက္ခာသုံးစုံ အကျင့် ဂုဏ်တို့ကို အာရုံပြုမိဋ္ဌာန် အကြောင်းခံ၍ တောင်းပန်ကြပါကုန်၏ အရှင် ဘုရား။

ဘန္တေ-အင်းစိန်မြို့ အရှေ့ကြို့ကုန်းအရပ်ဒေသ ရန်ကုန်အင်းစိန်လမ်းမ ပေါ်မှာ ညောင်ကန်အေး သာသနာ့ရိပ်သာဟု ဘေးတိတ်စရာအမြိုက်ဆေး တရားတော်မြတ်ရေအေးတို့ကို တိုက်ကျွေးဒေသနာ ဟောပြရာဌာန ပဓာန နာယကဟု သာစွထင်ပေါ် ဘဒ္ဒန္တကုန္ဒက အမည်ရှိသော ညောင်ကန်အေး ဆရာတော်သခင် အရှင်သူမြတ်ဘုရား၊ တွံ-သီလ သမာဓိ ပညာ သိက္ခာသုံးစုံ ကိုယ်ကျင့်ဂုဏ်တို့ စုံညီထင်ရှား အရှင်ဘုရားသည်၊ အမှာက် - ဆရာတော်ကို လွန်ကြည်ညို၍ ခုလိုရှင်ပျ ပူဇော်ကြဖို့ တူတကွစောင့်မျှော် တပည့်တော် တို့ကို၊ ဒယာယ-လောကသံသရာ နှစ်ဖြာတိုးပွား အကျိုးများစေခြင်း အလို့ငှာ စာနာထောက်ထားသဘောသွားဖြင့်၊ ဒယာယ·ယခုဘဝမှာလည်း ကောင်း ဟို-သံသရာဘဝ အပြောင်းကြတော့လည်း အကောင်းတကာ့ ထိပ်တင် အကောင်းဘုရင်တွင်မှန်း ဤနှစ်လမ်းတည်းဟူသော အကျိုးငှာ စာနာထောက်ထား သဘောသွားဖြင့်၊ ဓမ္မမဥ္ဇကံ-မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော်ရမှု အကြောင်းပြု၍ ခုလိုဆင့်ကဲ ပူဇော်ပွဲကို ဆင်နွှဲ ဖို့ရာ အခွင့်သာသည့် နေရာသင့်လျော် ပူဇာသနပလ္လင်ပေါ်သို့၊ သွာဂစ္ဆ သုအာဂစ္ဆ-တပည့်တွေ ပူဇော်မှုကို ခွင့်ပြုလိုလား သဘောသွားကြောင့် စိတ်ထားကြည်သာ ကရုဏာဖြင့် ကြွလာတော်မူပါ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ
လက်ထောက်ညွှန်ကြားရေးမှူး
ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ) စီကုံးရေးသား၍
ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအမျိုးသမီးများအဖွဲ့က
ဂုဏ်ပြုဖတ်ကြားသီကျူးပူဇော်သော

# ထေရဂုဏ်ရည် မွေးမျိုတည် ကဗျာများ

---

၁။ ပဥ္စမာရံ ဇယန္တံ ဗုဒ္ဓံ ပူဇေမိ။

၂။ သုခဒံ သီတလံ ဓမ္မံ ပူဇေမိ။

၃။ ဒက္ခိဏေယျံ သာဝကံ သံဃံပူဇေမိ။

၄။ ငါးမာရ်ပယ်ရှား မြတ်ဘုရား ဝပ်တွားပူဇော်ပါသည်ဘုရား။

၅။ အေးချမ်းမှုဖော် တရားတော် ပူဇော်မြတ်နိုးပါသည်ဘုရား။

၆။ မြတ်သောအလှူ လက်ခံယူ၍ ပူဇော်ကောင်းစွာ ထိုက်တန်ပါသည့် အရိယာနွယ်ဝင် ထေရ်အရှင်နှင့် မျက်မြင်ခုနေ တရားအမွေကို ဆက်စေတောက်လျှောက် မကွယ်ပျောက်အောင် စောင့်ရှောက်လိုက်နာ မြတ်သံဃာသို့ ကြည်သာ မြတ်နိုးလက်စုံမိုး ရှိခိုးပူဇော်ပါသည်ဘုရား။

၇။ သည်ချိန်သည်ခါ ပြည်မြန်မာ၌ သာသနာပြုပုံ အဖုံဖုံကို အာရုံယူမျှော် နိုင်ငံတော်က ပူဇော်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်ဖြင့် ခပ်နှိပ်လှူရာ များသံဃာတွင် ပါဝင်ပျံ့မွှေး ညောင်ကန်အေးခေါ် ဆရာတော်သို့ ဟောဖော်ကောင်းစွာ ဒေသနာကြောင့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရဟုဓမ္မဂုဏ်ဟိတ်ဘွဲ့တံဆိပ်ဖြင့် ခပ်နှိပ်သင့်လျှော် နိုင်ငံတော်ကပူဇော်ပြီးရာ ခုချိန်ခါတွင် ကောင်းစွာအသင့် သဒ္ဓါပွင့်၍ ထပ်ဆင့်ဆင်နွဲ ပူဇော်ပွဲကို လက်တွဲညီညာကျင်းပပါသည် ခေမာနန်းမြင့် လမ်းအဖွင့်ပါဘုရား။

၈။ အရှေ့ကြို့ကုန်း ခေါ်သုံးမည်သာ၊
အင်းစိန်မြို့တွင်း ပျံ့သင်းနေရာ။
ရန်ကုန်အင်းစိန်လမ်း အောင်ပန်းပွင့်လှာ၊
ညောင်ကန်အေး ပျံ့မွှေး ဤရိပ်သာ။

၉။ ညောင်ကန်အေးဟု ပျံ့မွှေးမည်ဆောင်၊
ရိပ်သာသစ်ကြီး ပေါ်ပြီးလာအောင်။
ဘဒ္ဒန္တဣန္ဒက ထေရခေါင်းဆောင်၊
ဟောညွှန်ပြ မမှအလင်းရောင်။

၁၀။ ညောင်ကန်အေးဟု ပျံ့မွှေးရိပ်သာ၊
တစ်ဆုံးလေးနှစ် သက္ကရာဇ်ကောဇာ။
တရားမျိုးစေ့ ပျိုးရှုလာရာ၊
ရှင်သန်ခဲ့ တစ်ဆယ့်နှစ်နှစ်တာ။

၁၁။ တစ်ဆယ့်နှစ်နှစ် အားသစ်ရှင်ပျော်၊
ညောင်ကန်အေးဟု ပျံ့မွှေးဆရာတော်။
ဘွဲ့တံဆိပ်ဖြင့် ခပ်နိုပ်သင့်လျော်၊
ပဋ္ဌာန်မှု ဂုဏ်ပြု နိုင်ငံတော်။

၁၂။ ဤသို့ဂုဏ်ထူး ဆွတ်ခူးဆရာတော်၊
ရှိသေညွတ်ပျောင်း စုပေါင်းဖူးမြော်။
ဆရာ့ကျေးဇူး ချီးကျူးဂုဏ်ဖော်၊
ပဋ္ဌာန်ပွဲ ဆင်နွှဲ တူမျှော်ပျော်၊

၁၃။ ညောင်ကန်အေးဟု ပျံ့မွှေးမထေရ်၊
အဟောအပြ မမှဂုဏ်ရည်။
အင်္ဂလန်စသား နယ်ခြားတိုင်းပြည်၊
ဂုဏ်သတင်း ပေါက်ထွင်းပျံ့မွှေးစည်။

ဣတိ-ဤသို့၊မရမ္မကာဗျ ဂီတသဒ္ဒန-မြန်မာ့ထံတျာ သံပေါက်ရှစ်လုံ ဖွဲ့ဟူသော ကဗျာလင်္ကာဖြင့်၊ဒါနိ ဣဒါနိ-၁၃၅၄-ခုနှစ်အတွင်း ရွှေယင်းမာ ကြွင်ကြွင်းသင်းပါသည့် တော်သလင်းလပြည့်ကျော် ၉-ရက် နေ့လယ်ဘက် ဟု နှစ်သက်ဖွယ်ရာ ပရိသတ်စုံလင်သော သည်မှာ့ချိန် သည်အခါ၌၊ ညောင် ကန်အေး မဟာထေရ်ဆား-အင်းစိန်မြို့ အရှေ့ကြို့ကုန်းအရပ်ဒေသ ရန်ကုန် အင်းစိန် လမ်းမပေါ်မှာ ညောင်ကန်အေး သာသနာ့ရိပ်သာဟု ဘေးတိတ် စရာ အမြိုက်ဆေး တရားတော်မြတ် ရေအေးတို့ကို တိုက်ကျွေးဒေသနာ ဟောပြရာ၌ာန ပဓာနနာယကဟု သာစွထင်ပေါ် ဘဒ္ဒန္တဣန္ဒက အမည် ရှိသော ညောင်ကန်အေးဆရာတော်၏၊ ဂုဏာနိ-မဟာမမ္မကထိက ဗဟုနေ

ဟိတဓရဟု ဓမ္မဂုဏ်ဟိတ် ဘွဲ့တံဆိပ်ရမှု အကြောင်းပြု၍ ပေါင်းစုထင်ပေါ် အဟောအပြန့်နှင့် သီလ သမာဓိ ပညာ ဂုဏ်တော်တို့ကို၊ သန္တာဃ-စိတ်ထား ရှင်လန်း ရည်ရွယ်မှန်း၍၊ မယ်-ဆရာတော်ကို လွန်ကြည်ညို၍ ခုလိုပူးမြော် စာပည့်တော်တို့သည်၊ ပူဇော်-ဂုဏ်တော်ရည်မှတ် သဒ္ဒါဓာတ်ဖြင့် လေးမြတ် ကြည်သာ ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

၁၃၅၄-ခု၊ တော်သလင်းလပြည့်ကျော် ၉-ရက် (၂၀-၉-၉၂)
တနင်္ဂနွေနေ့တွင်
အင်းစိန်မြို့၊ အရှေ့ကြို့ကုန်း ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊
ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ကျင်းပသော
ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်အား
စုပေါင်းချီးကျူးဂုဏ်ပြုပူဇော်သည့်
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားဝယ်
သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ
လက်ထောက်ညွှန်ကြားရေးမှူး
ဦးမင်းကြည်
(ဓမ္မာစရိယ၊ ဘီအေ) သီကုံးရေးသားသော

# ဆန္ဒမွန်ကဗျာများ

---

(ဆရာတော်ကို အခမ်းအနားဖြင့် ပင့်ဆောင်လာစဉ်အတွင်း ပူဇော သနပလ္လင်ပေါ်သို့ ဆရာတော်ရောက်သည်အထိ ဤဆန္ဒမွန် ကဗျာများကို ပရိတ်သတ်တို့အား တိုင်ကြားပေးနေရန်ဖြစ်သည်။)

၁။ ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်။

၂။ နေမင်းပမာ သာသနာသည် ကမ္ဘာတစ်ဝှမ်း ရောင်ခြည်လွှမ်း အောင် စွမ်းအားရှိသမျှ မြတ်ဗုဒ္ဓ၏ ဆုံးမညွှန်ကြားမြတ်တရား ကို ပြန့်ပွားစေမှု သာသနာပြုသည့် ယခုကြွလာ ထေရ်ဆရာ ကြည်သာကိုယ်စိတ်မြဲစေသော်။

၃။ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဟု ဗုဒ္ဓညွှန်ကြား မြတ်တရား ကို ဟောကြားဂုဏ်ဟိတ် ဘွဲ့တံဆိပ်ဖြင့် သိက္ခာသုံးစုံ ကိုယ်ကျင့် ဂုဏ်တို့ ကုံလုံပြည့်ဝ စင်ကြယ်လှသည့် သီလ, သမာဓိ, ပညာ ဟု ဂုဏ်ပေါင်းစုသည့် ယခုကြွလာ ထေရ်ဆရာ ကြည်သာ ကိုယ်စိတ်မြဲစေသော်။

၄။ ထေရ်မြတ်ဆရာ အုပ်ချုပ်ပါသည့် သာသနာ့ရောင်ဝေသွေး ညောင်ကန်အေးဟု ပျံ့မွှေးသညာ ကျောင်းရိပ်သာလည်း၊ သာသနာ့ရောင်ရှိန် မြို့အင်းစိန်တွင် ထိန်ထိန်ပဝင်း နေသို့လင်း ထိုးထွင်းဉာဏ်ရောင် မြင့်ဝေစေသော်။

၅။ သာသနာထွန်းထိန် မြို့အင်းစိန်တွင် ဂုဏ်သိရ်စည်ဖြာ ဘာဝ နာဖြင့် သာယာအေးမြ မြက်မေ့ကို ဟောပြတိုက်ကျွေး ညောင်ကန်အေးဟု ပျံ့မွှေးသညာ ကျောင်းရိပ်သာ၌ ဓမ္မသနာ ရေစအေး အမြိုက်ဆေးကို တိုက်ကျွေးရှင်ပျော် ဆရာတော်သို့ ပူဇော်သူများ ကုသိုလ်ပွားတရားပျော်မွေ့ အေးစေသော်။

၆။ ညောင်ကန်အေးခေါ် ဆရာတော်၏ ဟော်ဖော်ညွှန်ကြား မြတ်တရားကို နာကြားဆောမြ သောဘယ ဝေးပကင်းလို လန်းစေသော်။

၇။ ညောင်ကန်အေးခေါ် ဆရာတော်ကို ပူဇော်နိုင်ရေး ရည်မျှော် တွေး၍ စုဝေးရောက်လာ လူများစွာ ချမ်းသာကိုယ်စိတ် မြဲ စေသော်။

သက်န်းကျွန်း ညောင်ကန်အေး ကွင်းကျောင်း သာသနာ့ရိပ်သာ

ဆရာတော်အရှင်ပညာဝံသ ရေးသားပူဇော်အပ်သော

ညောင်ကန်အေးထေရမဟာပူဇာ

# အခါတော်ကြားဂါထာ

(ညောင်ကန်အေးကွင်းကျောင်း အရှင်ဓမ္မသာမိ ရွတ်ဖတ်ပူဇော်သည်)

---

သမယော ဒွါနို သမ္ဘတ္တော၊ ယံ ဒိသာဟိ စ အာဂတာ။

မဟာ ထေရဿ ပူဇာယ၊ သန္နိသဇ္ဇန္တိ သာဝကာ၊

ဘဒ္ဒန္တ-မြန်မာပြည်မှ အစိုးရလျှင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့သညာကို ခေါ်ကာသတ်မှတ် လှူဆက်ကပ်သည့် တိုင်းရပ်ပြည်ပါ သတင်းပြာသည့် မဟာသခင် ကျေးဇူးရှင် ဆရာတော်ဘုရား၊ ဒွါနိက္ခဒ နိ- တစ်ထောင့်သုံးရာ ငါးဆယ်သာ၍ သင်္ချာဂဏန်း လေးခုပြွမ်းလစ် သက္ကရာဇ်၏ တွက်စစ်ခါပြု ရတုဝဿာ မိုးမှာရွာ၍ ကြည်သာအေးမြ တော်သလင်းလ၏ ပြည့်ဝလွန်ကျော် ထင်ပေါ်ကိုးရက် ဖြိုးလက်ရွှန်းဝေ တနင်္ဂနွေနေ့လှ ယခုအခါ သမယ၌၊ မဟာထေရဿ- သုံးဆယ်ကျော်ကာ ငါးဝါသာလျက် မဟာထေရ်တွင် စာရင်းဝင်သည့် ရှင်ပင်မြတ်စွာ သာသနာဝယ် ရှည်စွာတည်ရေး ညောင်ကန်အေးဟု ခေါ်ရေးပြုကာ ကေသရာသို့ လွန်စွာလုံ့လ ဥဿာဟဖြင့် သာသနာ့ရိပ်သာ့ တည်ထောင်ကာပင် ကြည်သာရှင်လန်း တရားပန်းကို၊ဆင်မြန်းပေးတတ် ဆရာမြတ်ထေရ်မဟာအား၊ ယံ ယေနကာရဏေန တိတာပုညကျိုးဖလနှင့် မုချရည်သန် ပစ္စုပ္ပန်ဝယ် ရှင်သန်ဖွံ့ဖြိုး ပေါင်းစပ်မျိုးသော် ကောင်းကျိုးသွယ်ညောင်း အကြင်အကြောင်းကြောင့် ပူဇာယ-ရှင်လန်းနှင့်သက် ပီတိဆက်၍ တစ်သက်တစ်ခါ ကြုံခဲစွာမို့ နှစ်ပြာဓမ္မအာမိသနှင့် တကွရှင်ပျော် ရှိပူဇော်ခြင်းငှာ၊ ဒိသာဟိစ-ရန်ကုန်မြို့အားဗဟိုထား၍ တိုင်းကားပြည်နယ် သွယ်သွယ်သတ်မှတ် အရပ်မျက်နှာတို့မှလည်း၊ အာဂတာ- ဆရာ့ကျေးဇူး ဂုဏ်အထူးကို ကြည်နူးမှန်းဆ ပဏာမဖြင့် ဂါရဝတင်၍ အဥ္စလီနှင့် ရှင်ကြည်စိတ်ထား ရှေ့တော်ဖျားသို့ ညွတ်တွားရောက်လာကြကုန်သော၊ သာဝကာ-တိုင်းနယ်ရန်ကုန် မြို့နယ်စုံမှ လွှမ်းခြုံသဒ္ဒါ စေတနာဖြင့် ညီညာဖြဖြ တပည့်သာဝကတို့သည်၊ သန္နိသဇ္ဇန္တိ - သစ်တစ်ပင်ကော်င်း ငှက်တစ်သောင်းလည်း ခိုအောင်းနေ

ဟု ပမာရှုသို့ ဂုဏ်ပြုသဘင် အောင်ပွဲဆင်ဖို့ ကြည်လင်ရွှန်းပ နေထိုင်စုဝေးကြပါကုန်၏ဘုရား၊ တံတေနကာရဏေန-တိတာပုည ကျိုးဖလနှင့် မုချရည်သန် ပစ္စုပ္ပန်ဝယ် ရှင်သန်ဖွံ့ဖြိုး ပေါင်းစပ်ပျိုးသော် ကောင်းကျိုးသွယ်ညောင်း ထိုအကြောင်းကြောင့်၊ သမယော - မဟာဓမ္မကထိက ဗဟုဇနဟိတဓရော ဘွဲ့သညာကို ပူဇာဆင်ယင် ပွဲသဘင်ဝယ် စတင်ဖို့ရာ ချိန်အခါသည်၊ သမ္ပတ္တော - ကောင်းတာမှန်က သုမင်္ဂလဟု ဗုဒ္ဓမိန့်မှာ ဟောထုတ်လာ၍ ကောင်းစွာလျှံဝေ အောင်ပီသပြေနှင့် အောင်စေနိုင်ကြောင်း၊ အောင်ဆုတောင်းကာ အောင်မှောင်းသုံးဟိ ကျင်းပရန်အချိန် ရောက်ပါပြီ ဘုရား။

အဘိဓဇမဟာရဋ္ဌဂုရုနိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဒုတိယဥက္ကဋ္ဌ-မြင်းခြံမြို့၊ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသော

# အပ္ပမာဒဩဝါဒကထာ

---

တို့တေ့—

ယနေ့ ဩဝါဒပေးရမယ်ဆိုတော့ ဩဝါဒဆိုတာ မြတ်စွာဘုရားရှင် အမြတ်မ်း နေ့စဉ်နေ့စဉ်လေးဆယ့်ငါးဝါပတ်လုံး မနေမနားပေးထားခဲ့တဲ့ ပိဋကသုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဆိုတဲ့ဩဝါဒ တွေ ရှိခဲ့ပါတယ်၊ ဒီဩဝါဒတွေထဲမှာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင်၊နိကာယ်ငါးရပ်,ပိဋကတ်သုံးပုံလုံး အကုန်ပါဝင်သွားတဲ့—

"အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ" ဆိုတဲ့
ဩဝါဒနဲ့ နောက်ဆုံးမှာတဲ့—

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"လို့

ဩဝါဒပေးတော်မူခဲ့တဲ့ အပ္ပမာဒဩဝါဒကိုပေးခဲ့ပါမယ်၊ ဘုရားရှင် လေးဆယ့်ငါးဝါပတ်လုံး ဩဝါဒပေးတော်မူခဲ့တဲ့ ဟောကြားဆုံးမတော် မူခဲ့တဲ့ ပိဋကတော် ဓမ္မက္ခန္ဓာ အရပ်ရပ်တွင် အကုန်သိမ်းကျုံးပြီး ဝင်သွား တာ ဖြစ်ပါတယ်၊ မမေ့မလျော့ကြနဲ့၊ သတိအမြဲရှိကြပါ၊ "သတိပန ဗလ ဝတီ ဝဋ္ဋတိ" သတိဟာ များလေလေ ကောင်းလေလေလို့ ဘုရားရှင်မိန့် ကြားခဲ့တယ်။ "သတိလက်မလွှတ်စေကြပါနှင့်" လို့ မဟာစည်ဩဝါဒခံ ကျောင်းကန်အေးရိပ်သာမှာလည်းပဲ သတိပဋ္ဌာန်တရားများကို အမြဲပွားများ နေကြတဲ့အတွက် ဘာမှပြောစရာမလိုတော့ပါဘူး၊

"အပ္ပမာဒ"ကို အဲဒီ သတိပဋ္ဌာန်ကိုပွားများတော့—

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်—

သတိပဋ္ဌာန်အားဖြင့်လေးပါးအပြားရှိသော်ငြားလည်းပဲ သတိတရားတစ်ခု လက်မလွှတ်ဖို့ အရေးကြီးပါတယ်၊ အဲဒီသတိကလည်းပဲ စိတ်ယဉ်ကျေးသိမ်မွေ့အောင် ဘုရားရှင်က စိတ္တဝိသုဒ္ဓိ–စိတ်ယဉ်ကျေးသိမ်မွေ့အောင် စိတ်လိမ္မာဖြစ်အောင် စိတ်ကောင်းအောင် ဟောကြားတော်မူခဲ့တယ်၊ မမေ့မလျော့နှင့်၊ ဒီတော့ စိတ်ဆိုတာ—

"ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော၊
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။"

ဘုရားရှင်က ဒီလိုဟောခဲ့တယ်၊ "နှိပ်ကွပ်နိုင်ခဲတယ်၊ ဆုံးမနိုင်ခဲတယ်၊လျင်မြန်တယ်၊ သူသွားလိုတဲ့နေရာ ရောက်သွားတတ်တယ်။"

အဲဒီလို နှိပ်ကွပ်နိုင်ခဲတဲ့ သူသွားလိုရာ ရောက်ရောက်သွားတတ်တဲ့ အလွန်လျင်မြန်တဲ့ အဆုံးအမခက်တဲ့စိတ်ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမကြဖို့ပဲ၊ "စိတ်ယဉ်ကျေးသိမ်မွေ့လို့ရှိလျှင် ယဉ်ကျေးသိမ်မွေ့တဲ့စိတ်ဟာ သုခါဝဟံ-လူ, နတ်, နိဗ္ဗာန်ချမ်းသာကို ဆောင်ပေးနိုင်ပါတယ်။

တို့ဒကာ၊ ဒကာမတွေကို အမြဲတမ်း မဟာစည်သြဝါဒခံ ဒီညောင်ကန်အေး ဆရာတော်က သတိပဋ္ဌာန်တရားတွေ ဟောပြောနေတဲ့အတွက် နိုင်ငံတော်အစိုးရက "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ် ပေးအပ်ပါတယ်၊ "မဟာဓမ္မကထိက-အကြီးစား ဓမ္မကထိက၊ ဗဟုဇန-လူအများ သတ္တဝါအများရဲ့၊ ဟိတဓရ-အကျိုးစီးပွားချမ်းသာကို ဆောင်တဲ့အရှင် မြတ်လို့ အဓိပ္ပာယ်ရပါတယ်၊ များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ရဲ့ အကျိုးစီးပွားကို ဆောင်နိုင်တဲ့ ဆောင်ရွက်နေတဲ့ဓမ္မကထိက၊ မဟာဓမ္မကထိက အရှင်ဘုရားလို့ ချီးကျူးလိုက်တာ ဖြစ်ပါတယ်။

ဒီတော့ ဒီမှာ အရှင်ဘုရားကို နိုင်ငံတော်အစိုးရကချီးမြှင့်လှူဒါန်းလိုက်တဲ့ ဘွဲ့တံဆိပ်ကို ပင်ကိုယ်မူလကတည်းက ကိုယ့်ဆရာသမားကို ကြည်ညိုလေးစားပြီးနေကြတဲ့အတိုင်း ဘွဲ့တံဆိပ်တော်ရတော့ ပိုပြီးတော့ ကြည်ညိုလေးစားလိုက်ကြတာ ဒါကြောင့် ယခုချီးကျူးပူဇော်ပွဲ ဂုဏ်ပြုပူဇော်ပွဲ လုပ်ကြတာ ဖြစ်ပါတယ်၊ အဲဒီ ဂုဏ်ပြုတာဟာ ပစ္စည်းဝတ္ထုအစုစုဖြင့် ဂုဏ်ပြုတာထက် မိမိတို့ကို အရှင်ဘုရားကဟောပြနေတဲ့ သတိပဋ္ဌာန်တရားတွေကို ဆတက်ထမ်းပိုးတိုးပြီးတော့ ခုနက ဘုန်းကြီးပြောခဲ့သလို စိတ္တဝိသုဒ္ဓိ-စိတ်သန့်ရှင်းကြည်လင် စိတ်လှပအောင် ဟောပြတဲ့ သတိပဋ္ဌာန်တရားတွေကို လေးလေးစားစား ပွားများပြီးတော့ မယုတ်မလျော့အောင် ကြိုးစားအားထုတ်ကြရမယ်၊ စိတ်လှပလို့ရှိလျှင် ရုပ်ပါလှတယ်။

"စိတ္တေ သုဒ္ဓေ 'ဝိသုဇ္ဈန္တိ၊ ဉာတိဝုတ္တံ မဟေသိနာ" စိတ်စင်ကြယ်လျှင် လူတွေလှလာတာပဲလို့ ပြောပါတယ်၊ စိတ်စင်ကြယ်လျှင် ယဉ်ကျေးသိမ်မွေ့စွာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု အစုစုအရာရာမှာ အကုန်လုံး လှပယဉ်ကျေးလာမြဲပဲ၊ ဒါကြောင့် ဒီညောင်ကန်အေးရိပ်သာတွင် တရားကျင့်ကြလို့ စိတ်ယဉ်ကျေးသူ မြန်မာဆန်ဆန်ယောဂီတွေနဲ့ တွေ့ရတာတော့ အတော်ဝမ်းသာစရာ ကောင်းပါတယ်၊

ဒါကြောင့် ဒီပွဲကြီးမှာကြာရှည်လေးမြင့်လဲပဲ သြဝါဒပေးဖို့အချိန်မရပါဘူး၊အရှင်ဣန္ဒက လဲပဲ မပြတ်မပြတ်သတိပဋ္ဌာန်တရားတွေကို ဟောကြားနေတာဖြစ်တော့ ယခုနောက်ဆုံးပိတ် ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့–

"အပ္ပမာဒေန သမ္ပာဒေထ–ဘိက္ခဝေ အိုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့၊ ဘိက္ခဝေ·ညောင်ကန်အေး အရှင်ဣန္ဒကအရှင်မြတ်၏ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဂုဏဝိသိဋ္ဌ ပူဇာသဘင် ပူဇော်ရန် လာရောက်ကြတဲ့ ဒကာ ဒကာမအပေါင်း၊ အိုသူတော်ကောင်းတို့၊ တုမှေ·သင်တို့သည်၊ အပ္ပမာဒေန–မမေ့မလျော့ မဓပါ့မတန် ထက်သန်သော သတိတရားဖြင့်၊ သမ္ပာဒေထ–မိမိတို့ ဒါန သီလ ဘာဝနာကုသိုလ် အလုပ်ကိစ္စဟူသမျှကို ပြည့်ပြည့်ဝဝ ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

သာဓု....သာဓု....သာဓု....။

ဟင်္သာတ မဟာစည်ရိပ်သာ ဆရာတော်
သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူ
ဘဒ္ဒန္တကုဏ္ဍလမထေရ် ရေးသားစီကုံးအပ်သော

# ညောင်ကန်အေးထေရဂုဏ်ရည်ဂါထာ

(ညောင်ကန်အေးသာသနာ့ရိပ်သာ အရှင်ဝိစာရ ရွတ်ဖတ်ပူဇော်သည်)

---

မဟာဓမ္မ ကထိကော နေဝ၊
ဗဟုဇန ဟိတံ ဓရော။
ဣန္ဒကောယံ ဂန္ထကာရော၊
စိရံ ဒိဗ္ဗတု သာသနေ။
(သကာရ ရကာရ ဝိပုလာဂါထာ အာသီသ အလင်္ကာ)

ဘဝန္တ-မလျှောက်ဝံ့စံ့ ကြောက်ရွံ့ရွံ့မို့ နောက်တွန့် လျက်သာ လျှောက်ရပါသည် ဆရာတော်အရှင်မြတ်ဘုရား၊ မဟာဓမ္မကထိကော-မဟာဓမ္မကထိကဖြစ်တော်မူပေထသော၊ မဟာဓမ္မကထိကော-ဘုရားဟောတရားဓမ္မဟောဖော်ပြသည့် ဓမ္မကထိကအရှင်မြတ်တို့သည် ရှိသေတုပ်ဝပ် ပူဇော်အပ်ပါပေထသော၊ ဗဟုဇနဟိတံဓရော- များစွာသောင်းသောင်း လူအပေါင်းတို့၏ လောကီလောကုတ္တရာ နှစ်ဖြာကြီးထွား အစီးအပွားကို ကောင်းစွာမသွေ ရွက်ဆောင်တော်မူပါပေထသော၊ ဂန္ထကာရော-ဓမ္မကြေးမုံ့ဒေသနာကြေးမုံ မဟာသတိပဋ္ဌာန် ကဗျာစသား ဝိပဿနာဆိုင်ရာ ဒေသန္တရအဖြာဖြာ အတန်ဟန်သော ကျမ်းဂန်တို့ကိုလည်း ပြုစုတော်မူပါပေထသော၊ ဣန္ဒကောယံ နေဝ မဟာထေရော-မြန်မာသက္ကရာဇ် ၁၃၀၀-ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃-ရက် တနင်္ဂနွေနေ့၌ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ ရွှေအံတော်ရပ် ခမည်းတော် ဦးဘဒေါင်-မယ်တော် ဒေါ်ပွဲဟန်တို့၏ ရင်နှစ်သည်းချာ သားရတနာအဖြစ် လူ့ပြည်ဌာန လူ့လောကဝယ် ပေါ်ပေါက် ဖွားမြင်လာကာ နုနယ်ပျိုမြစ် ၁၂-နှစ်အရွယ်တွင် ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက် သင်္ဘောကျောင်းဆရာတော် အထံတော်ဝယ် ရှင်သာမဏေ ကိုရင်အဖြစ်ကို ရယူခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၂၀-ခုနှစ် ဒုတိယဝါဆိုလဆန်း ၅-ရက်နေ့၌

မယ်တော်ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဥပဇ္ဈာယ်ဖြစ်တော်မူသော ရှစ်မျက်နှာကျောင်းတိုက် သင်္ဘောကျောင်းဆရာတော် အရှင်ဣန္ဒဝံသ မဟာထေရ်နှင့် အနုသာသကဆရာတော် ပုစ္ဆကဆရာတော် ကမ္မဝါစာဆရာတော် ကာရကသံဃာတော်တို့၏ ဓမ္မာနုဂ္ဂဟဖြင့် သာသနာ့ဒါယာဒ ကိုယ်တာဝန်ဟု အားသန်ကြိုးပမ်း ရှက်ဆောင်ထမ်းဖို့ ရဟန်းတော်ဖြစ်ခဲ့ပါသော ညောင်ကန် အရှင်ဣန္ဒက ဘွဲ့နာမဖြင့် ပါကဋထင်ရှား တပည့်တော်တို့၏ ဤဆရာတော် အရှင်မြတ်ဘုရားသည်၊ ဣန္ဒကောဃ် နေ့ မဟာထေရ-ညောင်ကန်ရွာ၊ ရှစ်မျက်နှာ ကျောင်းတိုက် သင်္ဘောကျောင်းဆရာတော် သင်္ဘောကျောင်း ကျောင်းခန်းနေ ဘုန်းကြီး ဦးပဏ္ဍိတနှင့် မန္တလေးမြို့ တောင်ပြင်မဟာအောင်မြေကျောင်းတိုက်ဆရာတော် အရှင်ပဏ္ဍိတမဟာထေရ် မန္တလေးမြို့ အနောက်ပြင် မိုးကောင်း ကျောင်းတိုက် ဂန္ဓဂေါ ကျောင်း ဆရာတော် အရှင်ကုမာရမဟာထေရ် မုံရွာမြို့ မဏိရတနာပုံကျောင်းတိုက် မဟာနာယကဆရာတော် အရှင်နန္ဒိယမဟာထေရ် တိုက်အုပ်ဆရာတော် အရှင်ကောသလ္လမဟာထေရ် တိုက်ကြပ်ဆရာတော် အရှင်နာဂိကမဟာထေရ် ပခုက္ကူမြို့ အလယ်တိုက်ကြီးခေါ် မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဂန္ဓမာမဟာထေရ် ဂဏမဟာဝိနာယက ဓမ္မာလင်္ကာရ ဆရာတော် အရှင်ကုသလမဟာထေရ်တို့၏ထံတော်၌ ပရိယတ္တိပညာရပ်များကို ဆည်းပူးတော်မူခဲ့ကာ ပညာဂုဏ်ရောင် ထွန်းလင်းပြောင်လျက် ညောင်ကန် အရှင်ဣန္ဒက ဘွဲ့နာမဖြင့် ပါကဋထင်ရှား တပည့်တော်တို့၏ ဤဆရာတော်အရှင်မြတ်ဘုရားသည်၊ ဣန္ဒကောဃ် နေ့ မဟာထေရ - မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ် တပေါင်းလပြည့်ကျော်၆-ရက်နေ့မှစ၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဆင္ဃသင်္ဂီတိ ပုစ္ဆက ကမ္မဋ္ဌာနာသနာပြု ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကာနာယကကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ပဏ္ဍိတာဘိဝံသ မဟာထေရ်၏ညွှန်ပြမှုဖြင့်ဆရာတော်ကျေနပ်၍ ဉာဏ်စဉ်နာခွင့်ရသည်အထိ သတိပဋ္ဌာန် ဝိပဿနာတရားအလုပ်ကို အားထုတ်တော်မူခြင်း၊ မန္တလေးမြို့ အနောက်ပြင်စိန်ပန်းရပ် စိန်ပန်းရိပ်သာခေါ် ရတနာပုံ သာသနာ့ရိပ်သာ၌ နာယကဆရာတော် အရှင်သုဇာတ မဟာထေရ်၏ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ရွက်ဆောင်တော်မူခြင်း မော်လမြိုင်မြို့ ထောင်ဝိုင်းကလေး မဟာစည် သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ရွက်ဆောင်တော်မူခြင်း ပုသိမ်မြို့ အောင်မြေဘုံကျော် ပဋိပတ္တိသာသနာ့ရိပ်သာ၌ နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ရွက်ဆောင်တော်မူခြင်း၊ ရှမ်းပြည်နယ် သတင်းမွှေးသည့် အင်းလေး အင်ကြင်းကုန်းရွာ ဓမ္မပီတိကာရာမတော်ရ မဟာစည်သာသနာ့ရိပ်သာ၌ နာယကကမ္မဋ္ဌာနာ

စရိယဓမ္မကထိကအဖြစ် ရွက်ဆောင်တော်မူခြင်း မြန်မာသက္ကရာဇ် ၁၃၄၂-ခုနှစ်မှစ၍ ရန်ကုန်တိုင်း အင်းစိန်မြို့ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်၍ နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ရွက်ဆောင်တော်မူခြင်း နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ သာသနာပြုတော်မူခြင်း ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ရွက်ဆောင်တော်မူခြင်း သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် သမ္မုတိသံဃာ့ကိုယ်စားလှယ်တော်အဖြစ် ရွက်ဆောင်တော်မူခြင်း၊ ဤသို့စသော သာသနာပြု ကိစ္စများကို ရွက်ဆောင်တော်မူကာ ညောင်ကန် အရှင်ဣန္ဒက ဘွဲ့နာမဖြင့် ပါကဋထင်ရှား တပည့်တော်တို့၏ ဤဆရာတော် အရှင်မြတ်ဘုရားသည်၊ သာသနေ-ဂန္ထ,ဝိပဿနာ ဝန်နှစ်ဖြာတွင် သင့်ရာဝန်ထမ်း ရဟန်းတို့သာ နေထိုက်ပါသည့် သိက္ခာသုံးရပ် သာသနာတော်မြတ်၌၊ စိရံဒိဗ္ဗတု-ပရိယတ်ဂုဏ်ရောင်, ပဋိပတ်ဂုဏ်ရောင်ဖြင့် ပြောင်ပြောင်ဝင်းဝင်း ကြာရှည်စွာ ထွန်းလင်းတောက်ပတော်မူပါစေသတည်း၊၊ ထေရံ-“ညောင်ကန် အရှင်ဣန္ဒက” နာမထင်ရှား “မဟာဓမ္မကထိက” ဘွဲ့တော်ရပါသည့် တပည့်တော်တို့၏ ဆရာတော် အရှင်မြတ်ဘုရားကို၊ မယံ-ခေမာအမတံ မြတ်နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိမြင်ရန်ရည်မျှော် ဘုရားတပည့်တော်တို့သည်၊ မယံ-ဆရာတော်ပြုအပ် ကျေးဇူးရပ်ကို တတ်သ၍မှတ်သ၍ ဆပ်လေ့ရှိကြသော ဘုရားတပည့်တော်များသည်၊ ဝန္ဒာမ-ရှိသေမြတ်နိုး လက်အုပ်မိုးကာ ရှိခိုးကြပါကုန်သည် အရှင်ဘုရား၊ ပူဇေမ-အာမိသ ဓမ္မ-မကျန် ရအောင် နှစ်ခုစုံစွာ ပူဇော်ကြပါကုန်သည်အရှင်ဘုရား။

# ဓမ္မစေတနာရောင်ခြည် ဂ၀–ပေါ် တေးထပ်

မင်းလှအာရှင်ဇင္ဓိလပဏ္ဍိတ ရေးသားဂုဏ်ပြုသည်

(နိုင်ငံကျော် အဆိုတော် ညောင်ကန်အေးယောဂီ ခင်စိုးဝင်း ရွတ်ဖတ်ပူဇော်သည်)။

---

လမ်းမှန်ကျမ်းဂန်-စွမ်းဟန်အနှစ်ဖြင့်၊
ဆန်းဉာဏ်အသစ်-တည်ထွင်ကာ၊
မန်းသံအစစ်–ပီပြင်စွာငယ်၊
ကြည်လင်သဘာ-ကောင်းဟိတ်ကြူး။
အဓေဟာအပြ သဘောကျလို့ တစ်လောကလုံး စံချိန်မီစာယ်၊
ဉာဏ်စိန်အကြည်-ရောင်လင်းဖြာလို့မြူး။

နိုင်ငံရပ်ခြား-ဝေးရပ်မြေမှာ၊
အေးဓာတ်ဖြန့်ဝေ-မေတ္တာကူး၊
ထွေးပတ်နှံ့စေ-လှစ်အာကြူးလို့၊
သစ္စာထိပ်ဖူး-အညွန့်တင်။
ဟောတာပြောတာ ထောမနာကြလို့၊
ဩကာသနဲ့-ရှိခိုးပန်ကာဆင်။

မဟာဓမ္မကထိက ဗဟုဇနဟိတမ်ရ-ဘွဲ့ထူးယဉ်တယ်၊
လှည့်ဦးအစဉ် ကမ္ဘာဖြန့်လို့၊
ဓမ္မာရနံ့-ရှင်းသန့်အခိုင်ခိုင်၊
သင်းပျံ့တကြိုင်ကြိုင်။
ဦးဏ္ဏကက-အတွေးပိုင်တယ်၊
အရေးနိုင်နိုင်-စာတမ်းတင်ခဲ့လေး။
ညောင်ကန်အေးက-အပြောပိုင်တယ်၊
အဟောမြိုင်မြိုင်-နာစမ်းချင်ရဲ့လေး။

---

နိုင်ငံတော်က ဆက်ကပ်သော မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
ဘွဲ့တံဆိပ်တော်ကို အလှူခံယူတော်မူရသော
ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဣန္ဒကအား
ဂုဏ်ပြုပူဇော်အပ်သော

# ထုတိမင်္ဂလာ ၈၀-ပေါ်တေးထပ်

ဓမ္မရောင်ခြည် စာဂီအဖွင့်၊
ဇာနည်အဆင့် ရောင်လျှံဖြာ၊
ကြာရှည်သဖြင့် အောင်သံပါဘယ်၊
ညောင်ကန်မဟာ အေးထက်အေး၊
အောင်အတိတ်နှင့် အောင်ဟိတ်ပိုဇယ်၊
ညောင်ရိပ်ညိုညို ခိုစမ်းချင်ရဲ့လေး။

နရုတ္တမ ပန်းမွှေ့ရာမှာ၊
ချမ်းမြေ့သာယာ စံပျော်ရေး။
မှန်းရှုခါသာ ကြုံမျှော်တွေးလို့ မြန်ကျော်ပဂေး မြင့်မြတ်ပုံ၊
ဝမ်းသာကျန်းမာ ချမ်းသာလျက်မို့၊
ကျမ်းလာအထွက် ရေးဆက်စာပေပုံ၊
ကဝိဓဇ ဓမ္မခိုတယ်၊ ဘဝအကုန် ခြေစုံရင်လို့၊
ရွှေဘုံအမြတ် ချဉ်းကပ်တဲ့သူပါ နှင်းအပ်ဘွဲ့ယူကာ၊
အောင်အတိတ်နှင့် အောင်ဟိတ်ဖြာဝယ်၊
ညောရိပ်မဟာ ခိုစမ်းပါကွဲ့လေး၊
ညောင်ကန်အေးရဲ့ ထုတိမင်္ဂလာကို၊
ရှုကြည့်ချင်စရာ ဖော်ညွှန်းပါရဲ့လေး။

၁၃၅၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော်. ၉-ရက်
(၂၀-၉-၉၂) တနင်္ဂနွေနေ့
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ
ညောင်ကန်းအေးဆရာတော်
မဟာပူဇာ မင်္ဂလာပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း
ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်၏

# လျှောက်ထား လွှာပါဘုရား

---

ပရိယတ်, ပဋိပတ်, ပဋိဝေဓဟု သုံးဝသောသာသနာကို စည်ပင်ဝေပြောအောင် ကြံဆောင်ကာ ကြိုးကုတ်၍ အားထုတ်တော်မူကြသော သီလဂုဏ်, သမာဓိဂုဏ် ပညာဂုဏ် စသည့် ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူကြသော ဆရာတော်ထေရ်ရှင်သူမြတ်ကြီးများဘုရား....။

ယခုလို ဆရာတော်ကြီးများ စုံစုံညီညီဖြင့် တပည့်တော်များ မှီခိုအားထားရာ ဖြစ်တော်မူသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အမှတ်(၆) အင်းစိန်လမ်းမကြီးရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၏ ပဓာနနာယက ဘဒ္ဒန္တတိက္ခ ညောင်ကန်အေး ဆရာတော်ဘုရားအား (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) ဂုဏ စိသိဋ္ဌ ပူဇော်ပွဲသဘင်သို့ ကြွရောက်တော်မူလာကြသောကြောင့် ဘုရားတပည့်တော်တို့မှာ ကြည်သာရွှင်လန်းစွာ ဖူးမြော်ကြည်ညိုခွင့် ရရှိသဖြင့် အထူးပင် မင်္ဂလာရှိလှပါကြောင်း ပဏာမ လျှောက်ထားလိုပါသည် ဘုရား....။

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်တင် သယမ္ဘူမှန်ကူ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်ကြီးအား အရှည်တည်တံ့ သန့်ရှင်းပြန့်ပွားရေးအတွက် ဂရုဓမ္မလုံ့လပြုကာ သာသနာ့ဝန်တာကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသော ဆရာတော်ဘုရားကြီးများအား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် တပည့်တော်များ၏ ညောင်ကန်အေး ဆရာတော်ဘုရားအားလည်း ၁၃၅၃-ခုနှစ်၊တန်ဆောင်မုန်းလပြည့်(၁၉၉၁-ခုနှစ် နိုဝင်ဘာလ ၂၁-ရက်)

ကြားသပေတေးမနေ့က "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ" ဟူသောဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းပွါးသဖြင့် တပည့်တော်များအနေဖြင့် ဖရဏာပီတိဂွမ်းဆီထိမျှ ရွှမ်းအိသဒ္ဓါပီတိပန်းဖြာ၍ ရွှင်လန်းဝမ်းမြောက်ကြရပါသည်ဘုရား ... ။

ထို့အတူပင် နိုင်ငံတော်အစိုးရ၏ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရတော်မူသော ဆရာတော်ဘုရားအား တပည့်တော်များက ပူဇာစပူဇနေယျာနံ့ မင်္ဂလာတရားတော်နှင့်အညီ ထိုက်ထိုက်တန်တန် ခြိမ့်ခြိမ့်သဲတဲ့ ခမ်းနားစွာ ပူဇော်ခွင့်ရတဲ့ ယနေ့ ၁၃၅၄-ခုနှစ် တော်သလင်းလပြည့်ကျော် ၉-ရက် (၂၀-၉-၉၂)တနင်္ဂနွေနေ့ဟာလည်း အထူးပင်ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှပါသည်ဘုရား .. ။

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့နိုင်ရန်အတွက် ဆရာနှင့်ဒါယကာ နှစ်ဦးနှစ်ဝ တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်ကြရာတွင် တစ်ခန်းဘစ်ကဏ္ဍဖြစ်သော ဤဂုဏ်ပြုပူဇော်ပွဲကြီးသည်လည်း သာသနာစည်ပင်ပြန့်ပွားရေးအတွက် အရေးကြီးလှပါသည်ဘုရား.... ။

ထိုဆန္ဒအရ ဆရာတော်ဘုရားအား တပည့်တော်များက ဂုဏပူဇာမင်္ဂလာသဘင် ပြုလုပ်လိုကြောင်း လျှောက်ထားတောင်းပန်ရာ ဆရာတော်က ပူဇော်ပွဲကျင်းပရာတွင် အာမိသပူဇာနှင့် ဓမ္မပူဇာဟူ၍ နှစ်မျိုးရှိကြောင်း ပစ္စည်းလေးပါးဖြင့် ပူဇော်သော အာမိသပူဇာထက် တရားဓမ္မဖြင့် ပူဇော်သော ဓမ္မပူဇာကသာ ပိုမိုမြင့်မြတ်သည်၊ ထို့ကြောင့် အာမိသပူဇာမျှသာ တင်းတိမ်အားရ မနေကြပဲ၊ ရှသက်ပန်တရားကျင့်ပွားလျှက်ဓမ္မပူဇာကိုလည်း အလေးဂရုပြု၍ ပူဇော်သင့်ကြောင်းနှင့် ယခုပြုလုပ်ကြမည့်ပူဇော်ပွဲကိုလည်း မိမိတို့ သဒ္ဓါဆန္ဒအလျောက် ပြုလုပ်ကြသည်ကို ခွင့်ပြုပါသည်ဟု မိန့်ကြားတော်မူပါသည်ဘုရား၊ ထို့ကြောင့် တပည့်တော်တို့စုပေါင်းပြီး ဤဂုဏ်ပြုပူဇာမင်္ဂလာသဘင်ကို ကျင်းပနိုင်ခြင်း ဖြစ်ပါသည်ဘုရား.... ။

ဘဒ္ဒန္တကုဏ္ဍလ အမည်ရှိသော ညောင်ကန်ဇေး ဆရာတော် အရှင်သူမြတ်သည် သာသနာတော်၏ အသက်ဟု ခေါ်ဆိုအပ်သော ပရိယတ္တိသာသနာတော်ကို ကိုယ်တော်တိုင်သင်ယူပြီး ပဋိပတ္တိဘာဝနာကို ကိုယ်တိုင်ကျင့်ကြံပွားများ အားထုတ်ရုံမျှမက သံသရာတွင် ကျင်လည်သမျှ ဝေနေယျာတို့အား လက်လှမ်းမီသမျှ တတ်နိုင်သ၍ အစွမ်းကုန် နည်းပေးလမ်းပြကြပ်မတ်သွန်သင် ဉာဏ်စဉ်မမှား ကျင့်ကြံပွားများနိုင်ရန် အားပေးဆုံးမတော်မူခဲ့ရာ မဟာစည် ဩဝါဒခံ ညောင်ကန်ဇေး သာသနာ့ရိပ်သာကြီးနှင့်

ညောင်ကန်အေးကျွင်းကျောင်း သာသနာ့ရိပ်သာများ ဖွင့်လှစ်ထားနိုင်ခဲ့သည်မှာ အထင်အရှားပင် ဖြစ်ပါသည်ဘုရား....။

ဆရာတော်ဘုရားသည် ဗုဒ္ဓသာသနာရောင်လင်း ထိန်ထိန်ဝင်းသော တပည့်တော်များ ပြည်ထောင်စုမြန်မာနိုင်ငံတွင်သာမက အာရှလေးနိုင်ငံ အပြင် ဥရောပနိုင်ငံများဖြစ်သော အင်္ဂလန်၊ ဆွစ်ဇာလန်၊ ပြင်သစ်နိုင်ငံများထိ သာသနာပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူးမော် ဆရာတော်တစ်ပါးလည်း ဖြစ်ပါသည်ဘုရား – ။

ထို့ပြင်တစ လူသားမန်များ မြတ်တရားကို ထပ်ပွားကာ ကြည်ညိုသဒ္ဓါဖြင့် ယုံကြည်စွာ ကိုးကွယ်ကျင့်ကြံနိုင်ရန်လည်းကောင်း အလွယ်တကူ သဘောပေါက်နားလည်နိုင်ရန်လည်းကောင်း၊ ဗုဒ္ဓစာပေ ကျမ်းစာအုပ်များကို ရေးသားပြုစုတော်မူခဲ့တာဟာလည်း လွန်စွာကျေးဇူးကြီးမားလှပါသည်ဘုရား။

ဤကဲ့သို့ နှုတ်ဖြင့်လည်းဟော သဘောချင့်ရန် စာနှင့်တစ်သွယ် အဖွယ်ဖွယ်သော ဝီရိယဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသော ဆရာတော်ဘုရားအား နိုင်ငံတော်မှ ဆက်ကပ်သော “မဟာဓမ္မကထိကဗဟုဇနဟိတဓရ” ဘွဲ့တံဆိပ်တော်မှာ ထိုက်တန်လှသဖြင့် တပည့်တော်များ အဖို့ များစွာဂုဏ်ယူ ကြည်နူးရွှင်ပျ အားရလှပါသည်ဘုရား။

ထို့ကြောင့် တပည့်တော်များအနေနှင့် ဆရာတော်ဘုရားအား သာသနာ့တာဝန် ထမ်းဆောင်ရာတွင် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး အားကြိုးမာန်တက် နည်းဆက်ကြပ်မတ် ရှေ့ဆောင်ပြ၍ သာသနာ့တံခွန် တစ်လူလူလွင့်စေရန် ဝေနေယျအပေါင်းတို့အား မီးရှူးတန်းဆောင် သာသနာ့အလင်းရောင် ဆက်လက် ပြတော်မူနိုင်ပါစေကြောင်း၊ ဆုမွန်တောင်းလျက် ဆယ်ချောင်းသောလက် ဦးထိပ်ရွက်၍ တင်ဆက်ဝန္ဒနာရှိသေစွာဖြင့် ဤထေရဂုဏပူဇာမင်္ဂလာသဘင်ဝယ် ရှိခိုးလျှောက်ထားအပ်ပါသည် ဆရာတော်ထေရ်အရှင်သူမြတ်တို့ဘုရား။

သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဦးဌေးလှိုင် လျှောက်ထားသည့်

# ဂုဏ်ပြုစကား

---

**စကားဦး**

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့ထူး ပန်ဆင်တော်မူသော ကျေးဇူးရှင် ညောင်ကန်အေး သာသနာ့ရိပ်သာ ဆရာတော်ဘုရား။

ဘုရားတပည့်တော်များ အချိန်ရသလောက် ကျေးဇူးဂုဏ်နှင့်စပ်၍ ပရိသတ်များအား ပြောကြားခွင့်ပြုပါရန် လေးစားစွာ ပန်ကြားလျှောက်ထားပါတယ်ဘုရား။

ဝိနာသယတိ အသဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဧဝံ မေ သုတ, မိစ္စေဝံ၊ ဝဒံ ဂေါတမ သာဝကော။

ဒီဂါထာကလေးဟာ ဘုရားတပည့်တော်စိတ်ထဲကို ရောက်လာပါတယ်၊ ဒီဂါထာလေးဟာ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသက အရှင်အာနန္ဒာကို ချီးကျူးတဲ့ဂါထာကလေးဖြစ်ပါတယ်၊ ယခုညောင်ကန်အေးရိပ်သာဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်တဲ့ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲမှာ ဘုရားတပည့်တော်များကလည်း ဒီဂါထာလေးကို အင်မတန် ဆီလျော်တယ်လို့ယူဆပြီး ရွတ်ဖတ်ပူဇော်ရခြင်းဖြစ်ပါတယ်။

**ဝမ်းမြောက်ပါတယ်**

အဘိဓဇဆရာတော်ဘုရားကြီး မိန့်ကြားသွားသလို ယခုပူဇော်ပွဲမှာ အားလုံး မြန်မာဆန်ဆန် ယဉ်ယဉ်ကျေးကျေး အဆင့်အတန်းမြင့်တဲ့ ဗုဒ္ဓဘာသာဝင်တွေပီပီသသ စည်းဝေပြီး လာရောက်ကြတဲ့ယောဂီ ဓမ္မမိတ်ဆွေတွေ, ယောဂီအမျိုးသမီးတွေ ကြည့်ရတာ အင်မတန် အားရတယ်၊ ဝမ်းမြောက်တယ်တဲ့၊ ဘုရားတပည့်တော်များကလည်းပဲ အဲဒီလို တရားအနှစ်အသားပြည့်တဲ့ ဒီလိုအစည်းအဝေးကြီးမှာ ဘုရားတပည့်တော်များလျှောက်ထားခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူပါတယ်၊ ဝမ်းမြောက်ပါတယ်ဘုရား။

**အရှင်အာနန္ဒာ၏ ဧဝံမေသုတံ**

အရှင်အာနန္ဒာကို အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ချီးကျူးတာကတော့ အရှင်အာနန္ဒာဟာ ဘယ်နေရာမှာ တရားဟောရ ဟောရ၊

ဘယ်တရားကိုပဲဟောရဟောရ၊ တရားချည်းသက်သက် ဟောမသွားပါဘူး၊ တရားမဟောခင် ရှေးက စကားအခံလေးတစ်ခု အမြဲတမ်း ထည့်ထည့်ပြီးတော့ အရှင်အာနန္ဒာ ဟောတော်မူလေ့ရှိပါတယ်၊ အဲဒီလောက်ဆိုလျှင် ပရိတ်သတ်ကြီးသဘောပေါက်ပါလိမ့်မယ်။

အရှင်အာနန္ဒာ တရားဟောတိုင်း ဟောတိုင်း ရှေ့က ဘာစကားလေးကို ခံ-ခံပြီးတော့ ဟောလေ့ရှိပါသလဲ? ဧဝံမေသုတံ-ဘန္တေ ကဿပ အရှင်မဟာကဿပ၊ မေ မယာ-အကျွန်ုပ် အာနန္ဒာမထေရ်သည်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သမ္မုခါ-မျက်မှောက်တော်မှ၊ ဧဝံ-ဤ ဆိုလတ္တံ့သောအတိုင်း လျှောက်ထားလတ္တံ့သည့်အတိုင်း၊ ဧဝံ-ဤသို့၊ သုတံ-ကြားနာအပ်ခဲ့ပါ၏၊ သုတံ-နာခံမှတ်သား ဆောင်ထားအပ်ခဲ့ပါသည်ဘုရား။

အရှင်အာနန္ဒာဟာ အဲဒီလို အမြဲတမ်း ရှေ့က စကားကလေးခံပြီး လျှောက်ပါတယ်၊ ဧဝံမေသုတံ-ဘန္တေ၊ ဘန္တေ ကဿပ-အရှင်မဟာကဿပ၊ မေမယာ အာနန္ဒထေရေန-အကျွန်ုပ် အာနန္ဒာမထေရ်သည်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သမ္မုခါ- မျက်မှောက်တော်မှ၊ ဣဒံ သုတ္တံ-ဤမင်္ဂလသုတ်တော်ကို ဧဝံ-ဤလျှောက်ထားလတ္တံ့သောအတိုင်း၊ သုတံ-နာခံမှတ်သားအပ်ပါသည်ဘုရား၊ အဲဒါလေးပါပဲ။

ဧဝံ မေ သုတံ-လို့ဆိုတဲ့ စကားလုံးလေးကို အဋ္ဌကထာဆရာကြီး- အရှင်မဟာဗုဒ္ဓဃောသ က အဲဒီ တစ်လုံးတည်းနှင့်ကိုပင် ရှင်အာနန္ဒာကိုကြည်ညိုလိုက်တာတဲ့ အဲဒီလို ကြည်ညိုလွန်းလို့ အဋ္ဌကထာဆရာကြီးက - ကဗျာတွေလင်္ကာတွေရေးခဲ့ပါတယ်၊ အဲဒီ ဧဝံမေသုတံ ဆိုတဲ့ စကားလုံးကလေးကို ဖွင့်တဲ့နေရာမှာ ရှင်မဟာဗုဒ္ဓဃောသက-အရှင်အာနန္ဒာကို ဒီစကားလုံးလေးနဲ့ပဲ အရှင်အာနန္ဒာရဲ့ စကားတွေဟာ တန်ဖိုးရှိလိုက်တာဆိုပြီး ဂုဏ်ပြုတဲ့ ဂါထာလေး ရေးခဲ့တာပါ။

ဝိနာသယတိ အသဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဧဝံ မေသုတ, မိစ္စေဝံ၊ ဝဒံ ဂေါတမ သာဝကော။

ဂေါတမသာဝကော- မြတ်စွာဘုရား၏ ညီတွား ဖြစ်တော်မူသော ရှင်အာနန္ဒာသည်၊ မေမယာ အာနန္ဒထေရေန - အကျွန်ုပ် အာနန္ဒာမထေရ်သည်၊ ဣဒံ သုတ္တံ-ဤသုတ္တန်တရားတော်ကို၊ သုတံ-နာခံမှတ်သား ဆောင်ထားအပ်ပါသည်ဟူ၍၊ ဝဒံ ဝဒန္တော-တရားဟောတော်မူတိုင်း ပြောဆိုညွှန်ပြလျက်၊ဝါ-ပြောဆိုညွှန်ပြခြင်းဖြင့်၊ သာသနေ-သီလ, သမာဓိ, ပညာ, သိက္ခာသုံးဆင့် ဖြည့်ကျင့်ရာဖြစ်သော မြတ်စွာဘုရား သာသနာတော်၌၊

ဝါ-မြတ်စွာဘုရား၊အဆုံးအမ၌၊ အသဒ္ဓ- မကြည်ညိုခြင်းကို ဝိနာသယတိ- သံသယပြေကင်းအောင် ဖြေရှင်းတော်မူနိုင်ပါပေသည် ဘုရား။

ဗေဓမေသုတ်-ဆိုတဲ့ စကားလေးတစ်လုံး ရှင်အာနန္ဒာပြောလိုက်တာ သာသနာမှာ မကြည်ညိုတဲ့သူတွေ၊ မယုံတဲ့သူတွေတောင် ကြည်ညိုလာကြတယ်၊ ယုံကြည်လာတယ်လို့ ဆိုလိုပါတယ်၊ ဒါ-အဋ္ဌကထာဆရာကြီးမြင်တဲ့ အဓိပ္ပာယ်ပါ။

သာသနေ-သာသနာတော်၌၊ ဝါ-မြတ်စွာဘုရား ဟောကြား ညွှန်ပြအပ်သော သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် သာသနာတော်မြတ်၌၊ သဒ္ဓံ-ယုံကြည်မှု သဒ္ဓါတရားကို၊ ဝဍ္ဎေတိ-ဒီရေအလားကဲ့သို့ ယုံကြည်ပြီးသော ပုဂ္ဂိုလ်များကိုလည်းပဲ ဆထက်ထမ်းပိုး တိုး၍ ယုံကြည်စေတော်မူနိုင်ပါပေ၏၊ ဒီဂါထာလေးပါ၊ ဒီတော့ ဒီဂါထာလေးကို ရှင်အာနန္ဒာအတွက် အဋ္ဌကထာဆရာကြီးက ဂုဏ်ပြုတာပါ။

**ဆွေပွဲ မျိုးပွဲ ဆောင်ပွဲ**

ယခု ညောင်ကန်အေး ပြည်တွင်းပြည်ပ သာသနာပြု ဆရာတော် အတွက်လည်းပဲ ပူဇော်ပွဲ လုပ်ကြမယ်ဆိုတော့ ကျွန်တော်များ ခေါင်း (ဇေါင်း)ထဲမှာ ဒီဂါထာကလေး ဝင်လာဖါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ခြားပွဲတွေမှာ မဟာစရိယ ဦးဌေးလှိုင်ကို တွေ့ရခဲပါတယ်၊ ဒီပွဲတော့ ဆွေပွဲမျိုးပွဲမို့ တွေ့ရတာပါ၊ ဒီတော့ နည်းနည်းလေးဆက်ပြီး အစီရင်ခံပါရစေ၊ ဝမ်းမြောက်စကားလေး ဆက်ပြီးပြောပါရစေ။

ဆွေပွဲမျိုးပွဲဆိုတာ - အခမ်းအနားမှူးဌာနစုမှူး ဦးထွန်းရွှေ (မဟာစရိယ၊ဘီ-အေ)က ကျွန်တော့်ညီပါ၊ ဒီက ဝေယျာဝစ္စအဖွဲ့ဝင် ဦးအုန်းရွှေ ရန်ကုန်တိုင်း လက်ထောက် သာသနာရေးမှူးကလည်း ကျွန်တော့်ညီပါ၊ ထုတိဂါထာဖတ်သွားတဲ့ ဦးဝိစာရက ကျွန်တော့်တူပါ၊ နောက်ဖတ်ကြား ပူဇော်ဦးမည့် ဦးစက္ကိန္ဒဆိုတာလည်း ကျွန်တော့်ညီပါပဲ။

ဒီပွဲဟာ ညောင်ကန်အေးသာသနာ့ရိပ်သာဆိုင်ရာ ဒကာ ဒကာမ ယောဂီသူတော်စင်တွေရဲ့ ဆောင်ပွဲသာမဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ရေးအရပြောရလျှင် မဟာစရိယ ဦးဌေးလှိုင်ရဲ့ဆောင်ပွဲလို့ ဆိုနိုင်ပါတယ်။

ဘာဖြစ်လို့လဲ ညောင်ကန်အေး ဆရာတော်ကစပြီး ကျွန်တော်တို့ သွေးရင်း သားချင်းတွေဖြစ်ပါတယ်၊ တစ်နယ်တည်း တစ်ရွာတည်းဖြစ်ပါတယ်၊ မယ်တော်ကြီး ဒေါ်ပွဲဟန်ဆိုလျှင် ကျွန်တော့်အမေ ဒေါ်ဗျော့နှင့်

သူငယ်ချင်းတွေ ဖြစ်ပါတယ်၊ အင်မတန်ရင်းနှီးပါတယ်၊ ညီအမလိုပြောလျှင်လည်းပဲ ရုပ်ချင်း အင်မတန် ဆင်ပါတယ်၊ ကျွန်တော့် အမေက ဒေါ်ဗျော့၊ သံတော်ဆင့်မင်း ဦးဆိုင်ရဲ့မြေးပါ၊ အဲဒီတော့ ကျွန်တော့်ကိုမြင်တော့ ဒေါ်ပွဲဟန်က ဗျော့နှင့်တူလိုက်တာလို့အမြဲတမ်း သူပြောလေ့ရှိတယ်၊ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ ညောင်ကန်အေး ဆရာတော်၊ ဓမ္မာစရိယ ဦးဖွေးလှိုင် အစရှိသဖြင့် ဒီပုဂ္ဂိုလ်တွေဟာ အဝေးကြီးကမဟုတ်ပါဘူး၊ ဒီကနေ့ ဝမ်းမြောက်ဝမ်းသာနှင့် ဆုံစည်းရမည့် အချိန်အခါကြီးကျတော့ ကံတရားက လာရောက် ဆုံစည်းပေးခြင်းဖြစ်ပါတယ်၊ အဲဒါကြောင့် ကျွန်တော်တို့အင်မတန်လဲဝမ်းမြောက်ပါတယ်၊ နိုင်ငံတော်အစိုးရကို အင်မတန်လဲ ကျေးဇူးတင်စရာ ကောင်းပါတယ်၊ ဒါပေမယ့် ခုနကအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌကြီးဦးကျော်စိန် ပြောသွားသလို သိကြားမင်းကတော့ မိုးရွာပြပြီး ဓမ္မာရုံကြီးပြင်ရန် သတိပေးနေပြီနော်၊ အားလုံး သိလိုက်ကြတယ် မဟုတ်လား။

**ညောင်ကန်အေးဆရာတော်၏ ဧဝံမေသုတ်**

ဝိနာသယတိ အသဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဧဝံမေသုတ, မိစ္စေဝံ၊ ဝဒံ ဂေါတမ သာဝကော။

ရင့်ယိုးတယ်လို့မအောက်မေ့ပါနဲ့ဗျာ၊ ဂေါတမသာဝကောလို့ ဆိုသလိုပေါ့၊ ဒါဆိုလျှင် ကျွန်တော်ရွတ်ဆိုလိုက်တာနှင့် ဆရာတော်ဘုရားသဘောပေါက်သွားပြီ။

ဝိနာသယတိ အသဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဧဝံမေသုတ, မိစ္စေဝံ၊ ဝဒံ ဂေါတမ သာဝကော။

ညောင်ကန်အေးဆရာတော်ဆိုတာ ဟိုခပ်စောစောထဲက တစ်ချို့ ပုဂ္ဂိုလ်များကလည်း သိကောင်းမှသိမယ်၊ ဒါကြောင့် ဘုရားတပည့်တော်များ နည်းနည်းလေး ပြောပြခွင့်ပြုပါဘုရား။

**မဟာစည်ဆရာတော်ဆိုတာ**

ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးဆိုတာ ကျေးဇူးဂုဏ်ကို သိတဲ့ ပုဂ္ဂိုလ်တိုင်းအတွက် အနှစ်ငါးရာ တစ်ထောင်မှပေါ်တတ်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်နော်၊ အလုပ်လုပ်ဖူးတဲ့ ပေါက်မြောက်အောင် လုပ်ဖူးတဲ့ ပုဂ္ဂိုလ်များ ကျွန်တော်များ ပြောတာကို လက်ခံနိုင်လိမ့်မယ်ထင်ပါတယ်၊

အနှစ်ငါးရာတစ်ထောင်မှတစ်ပါးသာ ပေါ်ပေါက်တဲ့ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်၊ ဆရာတော်ဘုရားကြီးဟာ ရာသက်ပန် ဟောရေး ပြောရေး တရားပြရေး ကျမ်းစာပြုစုရေး ဒီကြားထဲမှာ နိုင်ငံတော်အစိုးရ ဆင့်သင်္ဂါယနာ, ဘာညာ ဒီလိုကိစ္စတွေက များပြောင်တဲ့ အခါကျတော့ တစ်ခါတည်း ဆက်တိုက်နေမနား ဆရာတော်ဘုရားကြီးဟာ သာသနာပြုလုပ်ငန်းတွေကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ရတာ ဖြစ်ပါတယ်။

## မှတ်တမ်းတင်သူ ညောင်ကန်အရှင်ဣန္ဒက

အဲဒီလို ဆောင်ရွက်သွားတဲ့နေရာမှာ အနားမသတ်နိုင်တဲ့ ကိစ္စလေးတွေ ရှိပါတယ်၊ အထူးအားဖြင့် စာပေရေးသားမှတ်တမ်းတင်ဖို့ ကိစ္စလေးတွေ၊ အဲဒီလောက် ပြည့်ဘွင်းပြည့်ပ ကမ္ဘာလုံးဆိုင်ရာ သတိပဋ္ဌာန် သာသနာကြီးကို ပြုသွားတော်မူတဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းအရပ်ရပ် မှတ်တမ်းမှတ်ရာတွေကို မကွယ်မပရအောင် တစ်နည်းအားဖြင့် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ကြအောင် နောက်ကနေပြီးတော့ တကောက်ကောက်လိုက်စုမှတ်ထားပြီး စာအုပ်တွေဖြစ်အောင် မှတ်တမ်းတင်ဖြစ်အောင်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေ အများကြီး ရှိပါတယ်၊ ဆရာတော်ဘုရားကြီး တပည့်တွေ အဲဒီလိုရှိတဲ့အထဲမှာ တက်တက်ကြွကြွနှင့် တာဝန်ရှိရှိနှင့် အနာဂတ်ရေးတွေးတွေး မြော်မြော်နှင့် ဆောင်ရွက်တော်မူတဲ့ ပုဂ္ဂိုလ်ဟာ ညောင်ကန်အရှင်ဣန္ဒာ ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးထံမှာ ဟိုက သည်ကပေးတဲ့စာတွေရှိတယ်၊ဒီစာတွေဟာ မပျောက်ပျက်အောင် ဆရာတော်ဘုရားကြီးထံမှာမသိလို့ မေးမြန်းလျှောက်ထားကြတဲ့ စာတွေ, ပုစ္ဆာတွေ အဲဒါတွေကို ဆရာတော်ဘုရားကြီး ဖြေကြားတဲ့အဖြေလွှာတွေ အဲဒါတွေဟာ နောက်က ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိလျှင် စားပွဲထဲ ဗီရိုထဲ ဒီလိုပဲ ပျောက်ပျက်သွားမှာပါ၊ အဲဒီလုပ်ငန်းတွေကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူတာ ညောင်ကန်အေးဆရာတော် အရှင်ဣန္ဒကဖြစ်ပါတယ်၊ လုပ်ဖော်ကိုင်ဖက်ပုဂ္ဂိုလ်များ ပိုသိပါတယ်၊ ဆရာတော်ဘုရားကြီး၏ အတွင်းရေး အပြင်ရေး အစဉ်သဖြင့် မော်ကွန်းတင်ထိုက်တဲ့ စာပေတွေ မပျောက်မပျက်ရအောင် ဆရာတော်ဆောင်ရွက်ခဲ့တာပါ၊ဆရာတော် ကျေးဇူးကြောင့် ဆရာတော် စာပေးစာယူ ဒီလိုသေးသေးဖွဲဖွဲ ကိစ္စလေးတွေက စပြီးတော့ ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို ကျွန်တော်တို့ ကြည်ညိုခွင့်ရကြပါတယ်။

**အကျိုးတော်ဆောင် အရှင်ဣန္ဒက**

နောက်ပြီးတော့ ဆရာတော်ဘုရားကြီးရဲ့သတိပဋ္ဌာန်တရားတော်တွေ ပြန့်ပွားအောင် ဆောင်ရွက်တဲ့နေရာမှာလည်းပဲ မြေပြန့်မှာဆာမကာ ပြည်နယ်တွေပါ တောင်ပေါ်မြေပြန့် လှည့်လည်ဟောကြားပြသတဲ့ လုပ်ငန်းကြီးတွေ ဆောင်ရွက်တဲ့ နေရာမှာ မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ ဖွဲ့စည်းကြပါတယ်၊ ဆရာတော်ဘုရားကြီးအမိန့်အရ အဲဒီဓမ္မကထိက အဖွဲ့ကြီးမှာ ညောင်ကန်အေး ဆရာတော်ဟာ တာဝန်အရှိဆုံး ဘာရနိတ္ထာရက တာဝန်တွေကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တဲ့ အကျိုးတော်ဆောင်အဖြစ်နဲ့ ဆောင်ရွက်ခဲ့တာကို အားလုံးသိပါတယ်၊ အဲဒီတော့ မဟာစည် ဆရာတော်ဘုရားကြီး စာပေတွေ မှတ်တမ်းတင်တယ်၊ ဆရာတော့်တရားတွေ ပြန့်ပွားအောင်လုပ်တယ်။

**ကြည်ညိုဖွယ် ညောင်ကန်အေး ဆရာတော်**

ဒါတင်လား? မဟုတ်သေးပါဘူး ညောင်ကန်အေးဆရာတော် စာအုပ်ရေးတိုင်းရေးတိုင်းကျွန်တော်တို့က ဘေးကနေကြည့်နေရတော့ ဖတ်နေရတော့ဆိုတော့ မြင်တယ်၊ ဟောတိုင်း ဟောတိုင်းလဲပဲ ဒီလိုပါပဲ အရှင်အာနန္ဒာ ဟောသလိုပါပဲ၊ ဆရာတော်ဘုရားကြီးက မဟာစည် ဆရာတော်ဘုရားကြီးက နိဗ္ဗာန်အကြောင်းကို ဒီလိုဒီလိုပြောတယ်ဆိုလျှင် ညောင်ကန်အေး ဆရာတော်ကလည်း ဒီလိုဒီလိုပဲ ပြောပါတယ်၊အဲဒါ သတိပဋ္ဌာန် ကြွေးကြော်သံ စာအုပ်ကလေး ကျွန်တော်နိဒါန်းရေးဖို့ ဆရာတော်က စာအုပ်ကလေးလာပေးပါတယ် လာပြပါတယ် ဒကာကြီးဖတ်ပါ ဖတ်ထားပြီးတော့ နိဒါန်းရေးပါ နောက်ပြီးတော့ဆရာတော်က စကားလေးတစ်လုံး ခံသွားသေးတယ်၊ဒကာကြီးတဲ့ အဲဒီနိဗ္ဗာန်အကြောင်းကတော့မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတာနဲ့တစ်ထပ်တည်းပဲ၊ဆရာတော်က ဒီလိုပြောပါတယ်၊တစ်ထပ်တည်းလို့ဆိုတော့ ညက်ချင်းထပ်သွားတာလားဘုရားလို့ဆိုတော့ မဟုတ်ဘူးတဲ့ ဆရာတော်ကြီးဟောတဲ့အတိုင်း ဘုန်းကြီးက ထပ်ပြီးအကျဉ်းချုပ်ရေးတာပါတဲ့၊ဒါဟာ ကြည်ညိုထိုက်တဲ့ဂုဏ် လေးစားထိုက်တဲ့ဂုဏ်ပါပဲ။

**မဟာစည်သာသနာမှာ အရှင်အာနန္ဒာပါပဲ**

အရှင်အာနန္ဒာဟာ ဒါ ကျွန်ုပ်သိတာမဟုတ်ဘူး၊ မြတ်စွာဘုရား သိတော်မူတဲ့ အသိဖြစ်ပါတယ်၊ စေ့ငမသုတ် တဲ့၊ ထို့အတူပဲ ညောင်ကန်အေး ဆရာတော်ကလဲပဲ ဘယ်နေရာမှာပဲဖြစ်ဖြစ် တရားပွဲ ဟောတိုင်းဟောတိုင်း ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးဂုဏ်တွေ ဆရာတော်

ဘုရားကြီး ညွှန်ပြတဲ့ သတိပဋ္ဌာန်နည်းလမ်းတွေ အမြဲတမ်း ရှေ့တန်းတင်ပြီးတော့ ဟောလေ့ပြောလေ့ရှိတဲ့အတွက် မဟာစည်သာသနာ့မှာ ရှောင်ကန့်အေး ဆရာတော်ဘုရားဟာ အရှင်အာနန္ဒာပါပဲလို့ ဘုရားတပည့်တော်များ လျှောက်ထားခြင်းဖြစ်ပါတယ်ဘုရား။ အဲဒါကြောင့် ဒီဂါထာလေးကို ဆရာတော်ဘုရားနှင့် လိုက်ဖက်အောင် ရှင်မဟာဗုဒ္ဓဃောသရဲ့ဂါထာလေးကို ဘုရားတပည့်တော်များ လက်တန်းအနက် ပေးရမယ်ဆိုလို့ရှိလျှင်ဖြင့်—

ဝိနာသယတိ အသဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဓဇံ မေ သုတ, မိစ္ဆဝံ၊ ဝဒံ သောဘန သာဝကော။

သောဘနသာဝကော-ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ရုံးတစ်ဆူ တပည့်ကြီးတစ်ဆူ ဖြစ်တော်မူသော အရှင်ဣန္ဒကသည်၊ဒေသဝိဒေသသသုပြည်တွင်းပြည်ပ အင်္ဂလန်,ဆွစ်ဇာလန် အစရှိသော ထိုထိုတရားဟောဌာနတို့၌၊ မေ-အကျွန်ုပ်သည်၊ ထေရဿ-ကျေးဇူးရှင် သတိပဋ္ဌာန်သာသနာပြု ကမ္မဋ္ဌာနကျော်မဟာစည်ဆရာတော်ဘုရားကြီး၏၊ သမ္မုခါ-မျက်မှောက်တော်မှ၊ ဓဇံ-ဤ်ယခုဟောကြားသင်ပြလတ္တံ့သောအတိုင်း၊ သုတံ-နာခံမှတ်သား ကိုယ်တိုင်လည်း အားထုတ်ခဲ့ပြီးပါပြီ။

ဆရာတော်ညွှန်ပြတဲ့အတိုင်း ကိုယ်တိုင်လည်းပဲ အားရအောင် အားထုတ်တယ်၊ အားထုတ်ရုံမျှမက တစ်ဆင့် ဟောပြနိုင်အောင်လည်းပဲ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများစိတ်ကြိုက် တရားအားထုတ်မှုကိုလည်းပဲ ကမ္မဋ္ဌာနာစရိယ သင်တန်းကိုလည်း တက်ခဲ့ရပါတယ်။

ဓဇံ-ဤသို့၊ သုတံ-ကျေးဇူးရှင်ဆရာတော်ဘုရားကြီးထံမှောက်မှ သတိပဋ္ဌာန်ကျင့်ကြံပွားများနည်းကို ဤသို့နာခံမှတ်သားကိုယ်တိုင်လည်း ကျင့်ကြံပွားများခဲ့ပါပြီ၊ ဣတိ ဓဇံ ဝဒံ ဝဒန္တော တရားပွဲမှန်သမျှမှာ ဤသို့ဤသို့လျှင် ဆရာတော်ဘုရားကြီးများ၏ ကျေးဇူးဂုဏ်တွေကို ညွှန်ပြလျက်၊ ဝါ-ညွှန်ပြခြင်းဖြင့်၊ သာသနေ - သတိပဋ္ဌာန်လုပ်ငန်းအပေါ်မှာ၊ သာသနေ-သီလ, သမာဓိ, ပညာ သိက္ခာသုံးဆင့် ဖြည့်ကျင့်ပွားများရာ သတိပဋ္ဌာန်နည်းပညာအပေါ်၌၊ အသဒ္ဓံ - သို့လော သို့လော တွေးတောနှစ်ခွ သံသယဖြင့် စိတ်တုံးတုံးချ မယုံကြည်နိုင်ခြင်းကို၊ ဝိနာသယတိ - သံသယပြေကြောင်းအောင် စာပေရေးသားခြင်း ဟောပြောခြင်း လက်တွေ့ပြသခြင်းဖြင့်အသိဉာဏ်လင်းအောင် ရှင်းလင်းပေးတော်မူနိုင်ပါပေသည်ဘုရား။

သာသနေ-သတိပဋ္ဌာန်လုပ်ငန်းစဉ်အပေါ်၌၊ သဒ္ဓံ - လက်တွေ့ကျင့်ပွားသဖြင့် ယုံကြည်မှုသဒ္ဓါတရား ရှိပြီးသူ အပေါင်းကိုလည်း၊ ဝဍ္ဎေတိ-

မြည်တွင်း-ပြည်ပ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တိုးပွားအောင်လဲ ဆောင်ရွက်နိုင်ပါပေသည်ဘုရား။

ပထမလျှောက်တင်ခဲ့တဲ့ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာကြီးရဲ့ အရှင်အာနန္ဒာအား ထောမနာဂုဏ်ပြုတဲ့ ဂါထာအတိုင်း—

၁။ ဗုဒ္ဓသာသနာအပေါ်မှာ သတိပဋ္ဌာန်လုပ်ငန်းအပေါ်မှာ မယုံကြည်သေးတဲ့သူတွေ ယုံကြည်လာအောင် အားထုတ်ချင်လာအောင်။

၂။ ယုံကြည်ပြီးသူများ သတိပဋ္ဌာန်တရား ပွားများအားထုတ်ပြီးသူများလဲ ယုံကြည်မှု တိုးပွားပြီးသကာက ဆတက်ထမ်းပိုးတိုး၍အားထုတ်ချင်လာအောင် ရေးသား, ဟောပြော, ညွှန်ပြတော်မူနိုင်ပါစေ။

သာဓု....သာဓု...သာဓု....။

မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ

# ညောင်ကန်အေးထေရဂုဏ်ရည်

(အဖြည့်ခံ ရတု)

သဒ္ဒမ္မဇောတိကဓဇ, ဓမ္မာစရိယဆရာ ရေးဖွဲ့သည်။

(ညောင်ကန်အေးယောဂီ အဆိုတော်"ထား" ရွတ်ဖတ်ပူဇော်သည်)

၁။ နေလထောင်ရာ မကသာအောင် မြတ်စွာဗုဒ္ဓ ဆုံးအမကို ကမ္ဘာ့စိတ်ပိုင်း နေရာတိုင်း၌ ပျံ့လှိုင်းမကြေငြာ ထွန်းစေဌာဟု မဟာစည်ခေါ် ဆရာတော်၏ မြွက်ဖော်ညွှန်ပြ ဩဝါဒကို လက်ကျနာယူ ရတော်မူသား ဇမ္ဗူပျံ့မွှေး ညောင်ကန်အေး ဟု ဝေးနီးကြေငြာ တိုဆရာဘွား ရှာမျှော်ထိပ်ခေါင် သမိုင်းပြောင်သည့် ညောင်ကန်မည်ရ နိဂမ၌ ဦးဘဒေါင် - ဒေါ်ပွဲဟန် ရှေးကံဖန်၍ အနန္တကျေးဇူး မြင်းမိုရ်ဦးမှ မီးရှူးသန့်စင် ဖွားမြော်မြင်ခဲ့ သုံးအင်ပိဋကတ် ကျမ်းရိုးတတ်က ဝိပဿနာ ကျင့်လေ့လာလျက် ကမ္မဋ္ဌာနာစရိယ တရားပြ၏"သောကကင်းဝေး နေထိုင်ရေးကား လေးပါးကျင့်မှန် သတိပဋ္ဌာန်"ဟု ခန္ဓာဉာဏ်ရောက် အမြန်ပေါက်ဖို့ နယ်လျှောက်လှည့်လည် ဟောပြောမည် ဟု "မဟာစည်နယ်လှည့် ဓမ္မကထိက ဖွဲ့"၍ တကယ့်ကျိုးဆောင် မြန်ပြည်ထောင်၌ တောင်တောင်မဆိုင်း တိုင်းနှင့်ပြည်နယ် တို့လှည့်လွန်းထိုး တရားမိုးကို သွန်းဖြိုးရွာချ ငြိမ်းချမ်းကြဖို့ အမတမှိုက်ရေ တိုက်ကျွေးဝေလျက် မနေနေ့ည ဟောညွှန်ပြသည် ထေရအောင်ခါ သင်ခေတ္တသည်ဘုရား။

၂။ ထေရအောင်ခါ ချိန်ရောက်လာ၍ ပါရမီနှုးပင့် တန်ခိုးပွင့်လျက် တိုးမြှင့်အားသွန် ဆန္ဒမွန်ဖြင့် ပြည့်သွန်ယောဂီ မျှားခိုမှီဖို့ စုံညီဘက်ကြွ ဂေါပကနှင့် ဓမ္မဝန်ဆောင် လက်တွဲနှောင်လျက် ညောင်ကန်အေးမည် ရိပ်သာတည်၍ မြန်ပြည်မက နေပါလနှင့် အိန္ဒိယ, လင်္ကာ ဒေသစာဖြင့် ထိုင်းပါမကျန် ဆွစ်ဇာလန်နှင့် အင်္ဂလန် ပြင်သစ် ဟောဖော်လှစ်ခဲ့ တစ်ခေတ်ပြိုင်ဘက် မပေါ်

ထွက်တည့် သက်နှင့်ခန္ဓာ မငဲ့ညှာဘဲ စာပေရေးသား တရားသင်ပြ ဓမ္မဟောရေး ညောင်ကန်အေးဟု ရေးခဲ့မော်ကွန်း ထွန်းခဲ့သမ္ဘာ သာခဲ့ဂုဏ်ရောင် များကျိုးဆောင်၍ ပြည်ထောင်မြန်မာ မင်းရာဇာတို့ "မဟာဓမ္မ ကထိကဟု ဗဟုဇနဟိတိုရှိ" ဘွဲ့ပုံကိုလျှင် ရှိညွှတ်ဆက်သ လက်ခံရ၏၊ ဆတက်ထမ်းပိုး တိုး၍သာသနာ ပြုရာခွင့်ပေါ် ဆရာတော်လျှင် ရာကျော်သက်တမ်း ကြံ့ခိုင်စွမ်းလျက် ကျွမ်းပြူစာရေး ယခင်ရှေးထက် နည်းပေး ညွှန်ဟောနိုင်စေသောဟု ယောဂီထိုထို ဆုမွန်ဆိုလျက် ကုသိုလ်အမျှ ပေးဝေငှသည်.... နေလထောင်ရာ ပွင့်စေတော့မည်ဘုရား။

သသ်န်းကျွန်း ညောင်ကန်အေး ကွင်းကျောင်း သာသနာ့ရိပ်သာ

ဆရာတော် အရှင်ပညာဝံသ ရေးသားပူဇော်အပ်သော

# ညောင်ကန်အေးထေရအာသီသပဏ္ဏာဂါထာ

(ညောင်ကန်အေး ကွင်းကျောင်း အရှင်ဝဏ္ဏသာမိ ရွတ်ဖတ်ပူဇော်သည်)

---

သီလာဒိဂုဏသမ္ပန္နော၊ မဟာထေရော စ ပူဇိတော။
ဝိသေသလဒ္ဓိ လဘိတွာ၊ ဣမ ဟောတု အနုဗ္ဗယော။

အမှာက်-ဆရာတော်ဘုရား ဟောဖော်ကြားသည့် ကျင့်ပွားနည်းမှန် သတိပဋ္ဌာန်ကို နာခံရတိ မှတ်သိကြားနာ ကျိုးရှိစွာပင် ကျင့်ကာကြိုးကုတ် အားထုတ်ရသောကြောင့် ဆရာ့ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးထပ်ထပ် ပေးဆပ်ကော်ရော် ပူဇော်ကြကုန်သော တပည့်တော်တို့၏၊ သီလာဒိဂုဏ သမ္ပန္နော-စောဘဂဝါ ဟောမြွက်ဖြာသည့် သိက္ခာသုံးဝ သီလသမာ ဓိပညာကို မှန်စွာစေ့ငုံ လိုက်နာတုံ့၍ ပြည့်စုံတော်မူပေသော။

မဟာထေရော-

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့လင်းစေသော်။
မဟာစည်လမင်း ကြယ်ခပင်း အလင်းကမ္ဘာပြန့်စေသော်။
အလင်းရောင်ကို လက်ခံကြို ကြည်ညိုလေးမြတ်ကြစေသော်။
ကမ္ဘာငြိမ်းချမ်း နိဗ္ဗာန်နန်း စံမြန်းနိုင်ကြပါစေသော်။
ဗောဓိမဏ္ဍိုင် မုစလိန်အိုင် ဘုန်းခိုင်အောင်မြေတော်။
ဗုဒ္ဓအောင်မြေ မျှားဝေနေ အောင်စေအေးဖို့ခေါ်။
ညောင်ကန်အေးတွင် တရားဝင် အစဉ်ငြိမ်းချမ်းကြစေသော်

ဟု-

ထုတ်ဖော်မိန့်ခွန် ဝစီကံနှင့် ကာယကံမျှား ညီညွတ်သွားအောင် ကြိုးစားအားထုတ် အဟုတ်ထင်လင်း ပြည်တွင်း-ပြည်ပ လှည့်လည်ကြွလျက် ဓမ္မမြိုက်ဆေး တိုက်ကြွေးဟောညွှန် ထေရ်အမွန်ကို၊

မဟာထေရော—

ညောင် ပင်မူလ-ဗုဒ္ဓပွင့်ပေါ်၊
ကန် မုဋ္ဌလိန္ဒ-ဗုဒ္ဓစံပျော်။
အေး ငြိမ်းအောင်ငြား-ငါးပါးမာရ်ကျော်၊
ရိပ် သာထူး-ပွင့်ဖူးအောင်စည်ဆော်။
သာ သနာဆက်-တိုးတက်ဖို့ရာ၊
ဆ ရာတော်က-ဟောပြဓမ္မာ။
ရာ ထောင်မက-မျှားလှသိဿာ၊
တော် တော်များ-နာကြားမှတ်စေပါ။

ထပ်ခြွေကာ မိန့်ကြား ဥဒါန်းပွားလျက် ကြိုးစားအားထုတ် ဆောဟုတ်ထင်လင်း မြန်ပြည်တွင်းနှင့် ပြန့်သင်းပြည်ပ အိန္ဒိယလျှင် သီရိလင်္ကာ ထိုင်းပါ နိပေါ မှတ်လောပြင်သစ် ဟောဖော်လှစ်ရန် အင်္ဂလန်ဝယ် ရှင်သန်စိတ်ထား မြတ်တရားဖြင့် ဟောကြားမြွက်ဖော် ထေရ်မဟော်ကို၊ ပူဇော်တာစ- ထိုထိုကျေးဇူး ထူးထက်ထူးကို ရည်စူးမြင်မြော် နိုင်ငံတော်မှ မဟာဓမ္မကထိကခေါ် ဘွဲ့တံဆိပ်တော်ကို ဉာဏ်မြော်ဆက်ကပ်ပူဇော်လည်း ပူဇော်အပ်ပါပေ၏၊ ဂုဏ-ဆရာ့ကျေးဇူး ဂုဏ်အထူးကို ဖော်ကြူးမြွက်ဟ ပူဇော်ကြရာ ယခုအခါ၌၊ ဝိသေသလဉ္စ- စိုးရသတ်မှတ် လှူဆက်ကပ်သည့် အမြတ်တွင်မှူး ထို့ထက်ထူးခြား ဘွဲ့တံဆိပ်များကို၊ လဘိတ္ဝာ-ရွှေးကံပုည ကုသလနှင့် ဘာဝယခု ထိုကောင်းမှု၏ ပေါင်းစုမြိုင်ဆိုင် ထပ်မံရရှိနိုင်၍၊ အနုဗ္ဗာယော - ဗာကုမည်တွင် ထေရ်အရှင်လို ကိုယ်တွင်မရောက် ကိုးဆယ့်ခြောက်ဖြာ ဓားရောဂါမှ ကင်းစင်ပသည်၊ ဟောတု- သက်ရှည်ကျန်းမာ-ဘေးရန်ကွာ၍ မှန်စွာမသွေ သာသနာပြုနိုင်ပါစေသတည်း၊ ဟောတု- ထပည့်များစွာ တောင်းဆုပြုလျက် ကောင်းစွာမသွေ ဖြစ်ပါစေသတည်း၊ ဖြစ်ပါစေသား အရှင်ဘုရား။

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်း

ထောက်ကြံ့ တောရကျောင်းတိုက်ဆရာတော်

အရှင်ဓမ္မရက္ခိတ (ချောင်းဦးမောင်စန္ဒာ) ရေးသားဂုဏ်ပြုသော

# ညောင်ကန်ဝန္ဒနာ ဂါထာ

(ညောင်ကန်အေးကွင်းကျောင်း အရှင်ဝဏ္ဏသာမိ ရွှတ်ပတ်ပူဇော်သည်)

---

ညောင်ကန်တိ ပါကဋော ထေရော၊
ဗဟုဇန ဟိတာဝဟော။
အဂ္ဂံ ဓမ္မံ ကထိကာနံ၊
ဒါနိ ပူဇေမ ဒုလ္လဘော။

လောကေ-ဉာဏ်ရှိမှမြော်မြင် ဂုဏ်ရှိမှပေါ်ထင်သဖြင့် ဇမ္ဗူတွင် လူရှင်များတို့က မော်ကွန်းတင်ကာ ဤကမ္ဘာမြေ လောကတလွှား၌၊ ယောထေရော - မဟာထေရော- ထေရဝါဒီ မဟာစည်သာသနာဝင် ပေါ်လွှင်ထင်ရှား အကြင်မဟာထေရ် မြတ်ကြီးသည်ကား၊ ညောင်ကန်တိပါကဋော-အဟိုရှေးခါ မြန်မာကျက်သရေ မြို့ရွှေအင်းဝ သာသနာ့အဆီစု မယ်နုအုတ်ကျောင်းပျော် ညောင်ကန်ဆရာတော် ဦးဗုဒ် မထေရ်မြတ်ကြီးအား "ဗုဒ်စ, ဗုဒ်လယ်, ဗုဒ်ဆုံး"ဟု ဆိုထုံးပြုကြသည့် ဘူမိနက်သံ ညောင်ကန်အညာ ဇာတိဖွားဖြစ်လေသောကြောင့် ညောင်ကန်ဆရာတော် ညောင်ကန်အေးဆရာတော်ဟု မြန်မာ့တစ်ခွင် ကမ္ဘာတစ်ခွင် ပေါ်ထင်ကျော်ကြားပေသော ဘဒ္ဒန္တက္ကန္ဒကမထေရ်မြတ်ကြီးပါပေတည်း၊ သောထေရော-မဟာထေရော-ထေရ ဝါဒီ မဟာစည်ဓမ္မကထိက ပဓာန အကျိုးတော်ဆောင်ချုပ် ဟောကျင့်လှုပ်ရှား ထိုမဟာထေရ်မြတ်ကြီးသည်ကား၊ ဗဟုဇနဟိတာဝဟော - မြန်မျိုးပြန့်ကျယ် ပြည်နယ် တိုင်းမှ နိုင်ငံရပ်ခြားသို့ ကျအောင်မဟာသတိပဋ္ဌာန် ကြွေးကြော်သံကို ဝေဖန်ဖြန့်ဝေ ကျင့်သုံးစေလျက် ဝေနေယျအစားစား ရှင်လူအများတို့၏ ငြိမ်းအေးခြင်း အမြိုက်တရား ကောင်းမြတ်သောအကျိုးစီးပွားကိုလည်း ဆောင်ယူပေးတော်မူတတ်ပါပေ၏၊ ဓမ္မံ-ပိဋကတ်ဖြင့် ပရိယတ်အခြေခံ အကျင့်မြတ်ဖြင့် ပဋိပတ်အပြေမှန်သည့် ခန္ဓာဉာဏ်ရ ရွှကွက်ရှုချက်တို့ကိုပြသည့် မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာ တရားမြတ်ပေစာကို၊ ကထိကာနံ-နေရာတကျ ဝေဖျာဂန ဟောပြည့်နှက်ကြ၊ နမ္မကထိက

ဆရာသူမြတ်အများတို့တွင်၊ အဂ္ဂအဂ္ဂေါ-အမြတ်ဆုံးအသာဆုံးပါပေတည်း၊ ဝါ· အဂ္ဂံ အဂ္ဂေါ-မြန်မာနိုင်ငံတော်အစိုးရမှ "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ"ဘွဲ့တံဆိပ်တော်သည် ချီးကျူးပူဇော်အပ်ပါသော ကြီးမြတ်ထော်မူသော တရားဟော တရားပြ မဟာဓမ္မကထိက ပုဂ္ဂိုလ်သူမြတ်ပါပေတည်း၊ ဒါနို ဣဒါနိ-ယင်းမာပန်းငုံ မွေးထုံကြိုင်သင်း တော်သလင်းလပြည့်ကျော် ၉-ရက် ပေါ်ထွက် ဂဠုန်ရက်၌၊ ပူဇေမ-ကာယကံ၊ ဝစီကံ၊ မနောကံဟု ကောင်းကံသုံးလီ ရှိပန်ချီလျက် ကြည်ကြည် ညိုညို ရှိရှိသေသေ ရွှန်းဝေ သဒ္ဓါဖြူစင်စွာဖြင့် ဝန္ဒနာကော်ရော် အရှင့်ဂုဏ်တို့ကို ရည်မြော်၍ ပူဇော်ကြပါကုန်စို့၊ ဒုလ္လဘော-ဤသာသနာ ဤကမ္ဘာ၌ လူမှာဖြစ်ဆဲ လူ့ဘုံထဲဝယ် ဩဘာ-ဖြစ်ခဲ ရခဲ ကြုံရခဲသည့် ပူဇော်ပွဲကြီး ဖြစ်ပါပေသည် တကား။

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ဒု-ဦးစီးမှူး ဦးမြင့်သန်း (ဓမ္မာစရိယ၊ ဘီ အေ-အိုင်ချ်၊ဂျီ ပီ)

စာရေးဆရာမောင်ပွင့်ခိုင်(သရက်) ချီးကျူးပူဇော်လျှောက်ထားသော

# ညောင်ကန်အေးဆရာတော်၏

# ဘဝနှင့်စာပေနိဒါန်း

---

**●စကားဦး**

ကြွရောက်တော်မူလာကြတဲ့ ဆရာတော် သံဃာတော်များနှင့်တကွ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော ပူဇော်ပွဲကြီးကို ရောက်လာကြတဲ့ ဓမ္မမာမက သူတော်စင်အပေါင်းတို့ဘုရား။

ဒီပူဇော်ပွဲအခမ်းအနားမှာ ညောင်ကန်အေးဆရာတော်ရဲ့ ဘဝနှင့် စာပေအကြောင်း ဖတ်ကြားပူဇော်ခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။

နည်းနည်းလေး ပြောချင်တာက ညောင်ကန်အေးဆရာတော်ရဲ့ဘဝနှင့်စာပေကို ဒီလောက်အချိန်ကလေးနဲ့ပြောလျှင် မလုံလောက်နိုင်ပါဘူး၊ ဒီညောင်ကန်အေးရိပ်သာက ဆယ်နှစ်ခရီးစာစောင် ဆိုပြီးတော့ ထုတ်ဖို့အစီအစဉ်ရှိပါတယ်၊ အဲဒီ အထဲမှာ "ညောင်ကန်အေးဆရာတော်ရဲ့အဝါရောင် ဘဝနှင့် ကြေးစည်သံစာပေ" ဆိုပြီးတော့ စာမျက်နှာ တော်တော်များတဲ့ ဆောင်းပါးရှည်တစ်ပုဒ် ရေးပြီးတော့ ဆရာတော်ဘုရားကို ဆက်ကပ်ထားပါတယ်၊ အဲဒီ ဆောင်းပါးကို ဒီမှာဖတ်လိုက်လျှင် ဆရာတော်ဘုရားကို ပူဇော်ကြမည့် မြောက်မြားစွာသော အစီအစဉ်တွေထဲမှ ကျွန်တော့်နေရာ (ဘုရားတပည့်တော်နေရာ) သိပ်ကျယ်ပြီးတော့ အခမ်းအနားလေးသွားမှာ စိုးပါတယ်။

**မိုးကလည်း ပူဇော်သွားတယ်**

မိုးကလဲပဲ အခမ်းအနား အစီအစဉ်ထဲ မပါဘဲနှင့် ဝင်ရောက်ပြီး ပူဇော်သွားပါသေးတယ်၊ အပြင်က ပူဇော်ရုံနှင့်အားမရလို့ ဓမ္မာရုံထဲကို သွတ်ခရမြောင်းအကွဲမှ တရဟောဝင်ပြီး အားပါးတရ ပူဇော်လိုက်သေး

တယ်၊ ညောင်ကန်ဆေးရိပ်သာမှာ ဆေးအတိတ်ကို အမြတ်တမ်းဆောင်ထားတာ သတိပြုမိကြပါလိမ့်မယ်၊ ဒီဓမ္မာရုံကြီးကပင်လျှင် သာသနာ့ဆေးတဲ့ ဆေးဆိုတဲ့စကားလုံးဟာ အမြဲတမ်းပါပါတယ်၊မိုးကလည်းဆေးဖြစ်အောင် ဝင်ပြီးပူဇော်တာ ဖြစ်ပါလိမ့်မယ်ခင်ဗျာ၊နောက်အစီအစဉ်တွေလည်း ရှိနေတော့ ကျွန်တော်ရဲ့ ပူဇော်ပွဲအစီအစဉ်ဟာ ရှည်လွန်းဆေးလွန်းပြီး သိပ်ဆေးနေလျှင်လဲ ဆေးအတိတ်ဆောင်တာထက်ကျော်ပြီးတော့ ''ဆေးဆေးအို''နဲ့ တေးဆို သိပ်တယ်ထင်ပြီးတော့ ပရိသတ်ကြီး အိပ်ချင်သွားမှာစိုးလို့ နည်းနည်းလေးပဲ ပြောပါမယ်။

ဆယ်နှစ်ခရီးတွင် ဖတ်ပါ

ဆရာတော်ဘုရားရဲ့ ''ဘဝနှင့်စာပေ''အကြောင်း အကျယ်ကိုတော့ နောင်သောအခါ ဒီညောင်ကန်ဆေးရိပ်သာက ထုတ်ဝေမည့် ၁၀-နှစ်ခရီး စာစောင်ထဲမှာ ဆက်လက်ပြီးတော့ ဖတ်တော်မူကြပါ။

အခုဒီအခမ်းအနားမှာတော့ လမ်းခင်းစကားနိဒါန်းအနေနဲ့ နည်းနည်းလေးပဲ ပြောမှာဖြစ်ပါတယ်၊ နောက်ပိုင်းမှာ ခင်မတန်နားထောင်ချင်စရာကောင်းတဲ့ အခမ်းအနားအစီအစဉ်တွေ ရှိပါသေးတယ်။

ဘဝနှင့်စာပေနိဒါန်း

ညောင်ကန်ဆေးဆရာတော်ရဲ့ ဘဝနှင့်စာပေအကြောင်းကို တင်ပြရလျှင် ဆရာတော်ဘုရားကို မြန်မာသက္ကရာဇ် ၁၃၀၀-ပြည့်နှစ်မှာ မွေးဖွားခဲ့လို့ ယခုဆိုလျှင် သက်တော် ၅၄-နှစ် ရှိပါပြီ၊ ဆရာတော်ဘုရားရဲ့ လက်ရှိ သာသနာပြုနေတဲ့ဘဝဟာ ပြည်တွင်းမှာရောပြည်ပမှာပါ အောင်မြင်နေလို့ ဆရာတော်ဘဝရဲ့ရွှေခေတ်လို့ပြောလျှင် မမှားပါဘူး။

ဒီလို ဆရာတော်ဘုရား အလွန်မတန်အောင်မြင်တာဟာ ဘာကြောင့်လဲ ဆရာတော်ဘုရားဟာ တရားဓမ္မဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့တာ အင်မတန် အောင်မြင်ပါတယ်၊ အားလုံးသိကြပါတယ်။

မဟာဓမ္မကထိက

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကလဲ ''မဟာဓမ္မကထိက ဗဟုဇနဟိတဓရ'' ဆိုတဲ့ ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန် ဆက်ကပ်တော်မူရတဲ့အထိ အောင်မြင်တယ်ဆိုတာ အားလုံးသိမှာ ဖြစ်ပါတယ်၊ ဆရာတော်ဘုရား အောင်မြင်တာ ဒီလို တရားဟောလို့လား၊ ဟုတ်ပ ဝ[illegible] တရားဟောလို့ပါ။

**စာပေကလောင်ရှင်**

ဒါပေမယ့် အဲဒီလိုတရားဟောတဲ့အတွက် ဆရာတော်ဘဝအောင်မြင်တာလို့ ချီးကျူးပြောဆိုလျှင် ဒီစကားဟာ ဒီချီးကျူးမှုဟာ ပြည့်စုံမှာ မဟုတ်ပါဘူး၊ ဆရာတော်ဘုရားဟာ စာပေပေါင်း မြောက်များစွာလို ကလောင်စွမ်းထက်ထက်နဲ့ ဘယ်လောက်များများရေးခဲ့တယ်ဆိုတာ စာပေသမားတွေ သိကြပါတယ်။

ယနေ့ထိ ကျမ်းစာအုပ်ပေါင်း ၄၀-ကျော်ကို ဆရာတော်ဘုရား ရေးခဲ့ပြီးပါပြီ၊ "အညာတစ်ခွင် တရားဟောထွက်ခဲ့စဉ်က" "တောင်ပိုင်း မောတစ်ခွင် တရားဟောထွက်ခဲ့စဉ်က" အစရှိတဲ့ စာပေတွေပါ၊ တရုတ်ရဟန်းတော် ဖာဟီယန်ဟာ အိန္ဒိယနိုင်ငံသွား မှတ်တမ်းစာကြီး ရေးခဲ့သလို ဆရာတော်ဘုရားဟာ လှည့်လည်ပြီတော့ သာသနာပြုတဲ့ ခရီးသွားစာပေ မှတ်တမ်းကြီးကို ဂုဏ်မြောက်စွာ ရေးခဲ့ပါတယ်။

သည့်ပြင် သည့်ပြင် နိဗ္ဗာန်တံခါးဖွင့်တဲ့နိဗ္ဗာန်လမ်းပြတဲ့ စာပေပေါင်း မြောက်များစွာ ရေးခဲ့တာကိုလည်း အားလုံးသိတော်မူကြတဲ့အတိုင်းပါ။

ဒါကြောင့် ဆရာတော်ဘုရားဟာ တရားဓမ္မဟောလို့ ဓမ္မကထိက ဖြစ်လို့ညောင်ကန်အရှင်ဋ္ဌကလို့ ဆိုလျှင်ဓမ္မကထိက နယ်ပယ်ကဒီနာမည်ဟာ ဓမ္မကထိကနာမည်လို့ အသိများသလို စာပေနယ်ပယ်ကလည်းပဲ ညောင်ကန် အရှင်ဋ္ဌကဆိုတာ ကလောင်နာမည်လို့ သိကြပါတယ် ဆရာတော်ဘုရားဟာ တရားဟောရာမှာ အောင်မြင်သလို စာရေးရာမှာလည်း အောင်မြင်ပါတယ်။

သတိမမူ ဂုဏ်မြင်ဖြစ်တတ်ပါတယ်၊ ဆရာတော်ဘုရားရဲ့ အံ့ဩစရာကောင်းလောက်တဲ့ စာပေရေးသားမှုတွေကို စာပေလောကမှာ ကျယ်ပြန့်စွာတွေ့ရပါတယ်၊ ပန်းသတင်းလေညင်းဆောင်လိုသလို စာပေသမားတွေရဲ့နှုတ်ဖျားမှာ ယနေ့အထိရော မမျှော်မှန်းနိုင်တဲ့ နောင်အနာဂတ်ကာလ အတွက်ရော မွှေးပျံ့ပြောဆို သုံးနှုန်းလျက်ရှိနေပါလိမ့်မယ်။

ဆရာတော်ဘုရား ရေးသားခဲ့တဲ့ခရီးသွားစာပေဟာ အင်မတန်ထူထဲတဲ့ စာအုပ်ကြီးပါ၊ ဒီစာအုပ်ကြီးနဲ့ ပတ်သက်ပြီးတော့ စာအုပ်နာမည်ကတော့ "အညာတစ်ခွင် တရားဟောထွက်ခဲ့စဉ်က" တဲ့၊ ဒီစာအုပ်ကြီးထွက်လာတုန်းက ဟံသာဝတီသတင်းစာ စာအုပ်ဝေဖန်ခန်းမှာ ဘယ်လိုပြောသလဲလို့ဆိုတော့ "တရားရေးရာမျှသာမက ရပ်ရေး ရွာရေး တွေ့ကြုံဆုံမှုကို သမိုင်းနောက်ခံ ဗဟုသုတအထွေထွေဖြင့် ခေတ်မီမီ ရေးသား တင်ပြထားသော မှတ်တမ်းကောင်းစာတစ်အုပ်" လို့ ချီးကျူးခဲ့ကြပါတယ်။

အလားတူပဲ ကြေးမုံသတင်းစာ စာအုပ်ဝေဖန်ခန်းမှာ''အကြောင်းအရာတို့က သပိတ်နဲ့ အိတ်နဲ့ မွေးနေသော်လည်း ခေတ်မီကလောင်တို့ရဲ့ ခရီးသွားမှတ်တမ်းကဲ့သို့ပဲ ဖတ်၍ကောင်းပါသည်'' ဟု ဒီလိုဂုဏ်ပြုခဲ့ကြပါတယ်။

နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်က ''မည်သည့်ဘူတာသို့ရောက်လျှင် မည့်သို့နှယ်တွေ့ကြုံရမည်''ဟု စာဖတ်သူတို့ကို ရင်တမမဆွဲခေါ်နိုင်သော ရေးဟန်ရှိသဖြင့် ထူထဲသောစာအုပ်ကြီးကို လက်ကမချနိုင်ခဲ့''တဲ့ ဒီလို ပီပီပြင်ပြင် ချီးကျူးခဲ့ပါတယ်။

ဆရာတော်ဘုရားရဲ့ဘဝမှာ ဆရာတော်ဘုရား ဟောကြားတော်မူတဲ့ တရားဓမ္မနဲ့ရေးသားတဲ့ စာပေတွေဟာ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုနေတဲ့ အညမညသဘောတရားတွေကို ဖော်ညွှန်းပြနေပါတယ်။

ဆရာတော်ဘုရားရဲ့ ထူးခြားချက်က ဆရာတော်ဘုရားဟာ တရားဟောတဲ့အခါ ပရိသတ်ကြီး ငြီးငွေ့အောင် လေးလေးပင်ပင်ကြီး လေးလေးနက်နက်ကြီး ပျင်းရိစရာကောင်းလောက်အောင် ဘယ်တော့မှမဟောဘဲ သွက်သွက်လက်လက် မြူးမြူးကြွကြွ နာချင်ဖွယ် ကြားချင်ဖွယ် ဟောလေ့ရှိပါတယ်။

ထို့အတူပဲ ဆရာတော်ဘုရားရေးသားခဲ့တဲ့စာပေတွေကို ဂရုစိုက်ပြီး ဖတ်ကြည့်ပါ၊ ကျောက်ခဲဆွဲထားသလို လေးလေးလံလံကြီး ဘယ်တော့မှ မရေးပါဘူး၊ အရေးညက်ပါတယ်၊ အရေးသွက်ပါတယ်၊ ပေါ့ပေါ့ပါးပါး ဖတ်ချင်ဖွယ် မှတ်ချင်ဖွယ် ဖြစ်ပါတယ်။

အဲဒီလို ဟောတဲ့အခါမှာရော ရေးတဲ့အခါမှာပါ ဘာလို့ပေါ့ပါးသွက်လက်ပြီး ဖတ်ချင်ဖွယ်, နားထောင်ချင်ဖွယ်, စွဲလမ်းဖွယ်ဖြစ်ရတာလဲ, ဘာကြောင့် ပေါ့ပါးသွက်လက်ရတာလဲလို့ လေ့လာကြည့်မိပါသည်။

ဆရာတော်ဘုရားရဲ့ ဘဝကိုက လေးလေး လံလံကြီး မနေပါဘူး၊ ဟန်ကြီးပန်ကြီးတစ်ခွဲသားနဲ့ မျက်နှာထားတင်းစောင်း မာန်ကြီးတဲ့ ပုံစံမျိုးနဲ့ မတူမတန် ဟန်ပန်မျိုးနဲ့ ဆရာတော်ဘုရားဟာ ဘယ်တော့မှ မနေပါဘူး၊ ဆရာတော်ဘုရားဟာ ပတ်ဝန်းကျင်က ပုဂ္ဂိုလ်များနဲ့ ဆက်ဆံတဲ့အခါ အနားကို လာပြီးရင်း လာချင်လာအောင်၊ ပြောပြီးရင်း ပြောချင်လာအောင်၊ ဆက်ဆံပြီးရင်း ဆက်ဆံချင်လာအောင် ပေါ့ပေါ့ပါးပါး ဆက်ဆံတာ သတိထားမိကြပါလိမ့်မယ်။

သည့်မလေ့စရိုက်ဘဝနဲ့ သည့်အခြေအနေတွေဟာ ဘယ်ကထွက်လာသလဲလို့ဆိုလျှင် ဆရာတော်ဘုရားရဲ့ဘဝ, ဆရာတော်ဘုရားရဲ့ မေတ္တာစေတနာ, ဆရာတော်ဘုရားရဲ့မလေ့စရိုက်တွေက ပေါက်ဖွားလာလို့ ဆရာတော်ဘုရားဟောကြားတော်မူတဲ့ တရားမေ့၊ ဆရာတော်ဘုရား ရေးသားတော်မူတဲ့စာပေ၊ ဆရာတော်ဘုရားပြုတော်မူတဲ့ သာသနာပြု လုပ်ငန်းတွေဟာ အားလုံး သိကြတဲ့အတိုင်းပါပဲ၊ ပြည်တွင်းမှာရော ပြည်ပမှာပါ အောင်မြင်တာလို့ သဘောပေါက် နားလည်ပါတယ်။

## နိဂုံးဆန္ဒမွန်

ကျွန်တော့်အခန်းကဏ္ဍ နိဂုံးချုပ်ပါတော့မယ်၊ ဒါကြောင့် ဆရာတော်ဘုရားဟာ အမျိုးဘာသာ သာသနာအတွက် ရှေ့ကိုလည်း ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေ၊ ဆရာတော်ဘုရားရဲ့စာပေ ဆရာတော်ဘုရားဟောကြားတော်မူတဲ့ တရားမေ့၊ဆရာတော်ဘုရားဟောပြတော်မူတဲ့ သာသနာပြုလုပ်ငန်းတွေဟာ ပြည်တွင်းမှာရော ပြည်ပမှာပါ ဆက်လက်ပြီးတော့ ဆင့်ကဲဆင့်ကဲ အောင်မြင်မြဲ အောင်မြင်ပါစေလို့ ဆန္ဒပြုရင်းနဲ့ ချီးကျူးဂုဏ်ပြုတဲ့အစီအစဉ်ကို ရပ်နားခွင့်ပြုပါဘုရား။

သာဓု....သာဓု....သာဓု....။

# ညောင်ကန်အေးထေရမဟာပူဇာမင်္ဂလာရတုပိုဒ်စုံ

အထက်မင်းလှ-အရှင်ဇဋိလပဏ္ဍိတ ရေးသားဂုဏ်ပြုသည်

(မဟာစည်ယောဂီ နိုင်ငံကျော်မင်းသမီးကြီး အောင်သန်းတင် ရွတ်ဖတ်
ပူဇော်သည်)

---

၁။ ကိုးမျက်ရောင်လျှံ အဖိုးတန်၍ ဘုန်းကံရှင်များ ဝတ်ဆင်ထား
သို့ အလားတူစွာ သာသနာ၌ ရတနာအရောင်အလင်းဆောင်
၍ ထွန်းပြောင်စည်ပင် သည့်အရှင်ကား ဖွားမြင်ဇာတိ မာတရိ
နှင့် ဖမိညောင်ကန် ဒေါ်ပွဲဟန်နှင့် ရှေးကံပို့ဆောင် ဦးဘဒေါင်
တို့ သားမောင်အချစ် ဖွားသည့်နှစ်ကား အပြစ်ဝေးကွာ
ထောင့်လုံးထုတည်း လမှာတန်ခူး သားအထူးကို ကျော်ကူး
ဆယ့်သုံး ဒေါင်းယာဉ်ဖုံးလျက် ချီပြုံးကြည်သာ မင်္ဂလာနှင့်
တေဇာထွန်းပ သားအလှကို ဖွားစချိန်ဦး အောင်သံကျူးခဲ့
အထူးရွှင်ကြည် လူ့ရမည်မို့ နှစ်လီမိဖ ချစ်မဝဘူး သားလှအရေး
နေ့စဉ်တွေးလျက် မဝေးအခါ သင်္ကန်းဝါနှင့် မြင်ပါရမည်
မှန်းမျှော်ရည်၍ ဒါလီရွှေနှစ် သားမျက်ရစ်ကို ဆယ့်နှစ်အရွယ်
ဥပဇ္ဈာယ်နှင့် နှစ်သွယ်မိဖ နုဂ္ဂဟဖြင့် မိတ္တာဆွေညာ ပီတိမြာလျက်
သာမဏေရ ရှင်ဖြစ်စဉ်၌ နုလှအရွယ် ဆံကိုပယ်၍ သုံးသွယ်ဝင်ရှိ
နှောင် ကင်းဝေးအောင်ဟု အရောင်တင့်ဆန်း ဝတ်သင်္ကန်းနှင့်
မခမ်းရှုကြည် ဘွဲ့အမည်ကား အရှည်ခေါ်ကြ ရှင်ဇလ္လန္ဓကဟု
ဘဝအသစ် ရှင်အဖြစ်နှင့် အနှစ်သိက္ခာ ပညာရှာ၍ စာဝါနေ့
ည ဇွဲလုံ့လဖြင့် ဆရာ့အထံ နည်းယူခံလျက် ချိန်မှန်စာတက်
ဝတ်မပျက်ဘူး အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်တော့ ငါးသွယ်
အင်္ဂါ စုံညီစွာဖြင့် ဝိသာခုနှစ် ဝါဆိုခေတ်ဝယ် နောက်ဖြစ်ဝါ
ဆို ဆန်းပိုပဉ္စ မြတ်ဗုဒ္ဓ၏ သမဏနွယ် သိက္ခာချယ်၍ သင်ဖွယ်
ပရိယတ် စာပေမြတ်ကို မလပ်နေ့ည ဆင်ယူရလျက် သာရအနှစ်
ဉာဏ်စိစစ်၍ ထွန်းသစ်သောသူ ငါတစ်မူကား စင်ပြူသီလ
မြတ်ဓမ္မနှင့် လောကအတွင်း ရနံ့သင်းသည် မူရင်းအနှစ်ပါ
ဘုရား။

၂။ မိုးထက်အောင်သံ ကောင်းချီးညွှံ၍ လမ်းမှန်သိပ်သည်း လူ့ခရီးက ရှုနည်းမမှ ဟောညွှန်ပြလျက် နှုတ်ကထုတ်ဖော် အသံတော်နှင့် တောင်ပေါ်မြေပြန့် ခရီးဆန့်လျက် အန္ဒကမ္ဘာ မြေဆန့်ကာဖြင့် မေတ္တာနှလုံးပီတိဖုံး၍သောက်သုံးကြစေ မေတ္တာရေဖြင့် ပေးဝေမှမှ ဟောညွှန်ပြလျက် လုံးဝကိုယ်ပိုင်ကျောင်းမထိုင်ဘဲ စွဲကိုင်မယူ ဤဇမ္ဗူဌ္ဌ ပိုင်သူ့ဖက်ကင်း အပြတ်ရှင်း၏ အတွင်းသန္တာန်အမြင်မှန်၍ ဗိမာန်အုပ်စိုး အလုပ်မျိုးကို ဖြုတ်ချိုးပယ်ခွင်း ပေးလှူနှင်း၏ ပင်ရင်းအသိ ထေရ်ကဝိက မြတ်သည့်လုပ်ငန်း မဆုတ်တမ်းဟု လက်လှမ်းမှီရာ ဝါသနာနှင့် ခေမာမြို့တော် အပါခေါ်၍ ကြေးကြော်သံများ ထပ်မနားဘဲ ရပ်ခြားနိုင်ငံ အင်္ဂလန်နှင့် တစ်ဖန်ယိုးဒယား တိုင်းပြည်များသို့ ကြွသွားအမြန် ဆွစ်ဇာလန်နှင့် နိုင်ငံပြင်သစ် တရားနှစ်ကို ထွန်းသစ်ရောင်ခြည် မဟာစည်ဟုနာမည်သတင်း ကမ္ဘာချဉ်းလျက် ထွန်းလင်းစေလို လက်လှမ်းကြိုကြ ထိုထိုတိုင်းပြည် မြတ်ယောဂီတို့ စွမ်းရည်မမှ သိမြင်ကြလျက် ကျင့်ရလမ်းမှန် သတိပဋ္ဌာန်က နိဗ္ဗာန်အောင်မြို့ ပေါင်ကူးတို့ဖြင့် ဆောင်ပို့သယ်ယူ ကျင့်ပွားသူတို့ စင်ဖြူနှလုံး ပီတိဖုံးလျက် သက်ဆုံးကြည်ညို သဒ္ဓါပို၍ ဖွင့်ဆိုနှုတ်ဖျား ပင့်လျှောက်ထား၏ လူသားကမ္ဘာ အေးကြည်သာဖို့ မေတ္တာနှလုံး အစဉ်သုံးလျက် မြတ်ဘုန်းထေရ်ရှင် ဉာဏ်သက်ဝင်၍ ပီပြင်တရား ဟောဖော်ကြား၏ ရေးသားစာပေ နားမနေဘဲ ဖြန့်ဝေအမြဲ ပင်ကိုယ်ဇွဲကြောင့် အောင်ပွဲပန်ဆင် ဤသဘင်က တွေ့မြင်သက်သေ အောင်ပန်းဝေသား အောင်ငွေခရု ဇေယျတုဖြင့် မေရုဗဟိုသပြေညိုနှင့် အောင်ဆိုသမျှ နှိုင်းမရတည်း မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့လှဆောင်နှင်း ဆိုက်ရောက်ခြင်းသည် ဖြူဝင်းအသစ်ပါဘုရား။

၃။ တိုးတက်ညောင်ကန် ဌာနေမှန်၍ ဘေးရန်လွတ်ကင်း ရိပ်သာတွင်းဝယ် သန့်ရှင်းအေးကြည် မြတ်ယောဂီနှင့် နတ်ပြည်တမျှ ဝိဟာရတို့ လှပသွယ်သွယ် စီမံချယ်၍ တင့်တယ်ဆန်းပြား ရှုမအားဘူး အများပြည်သူ ကုသိုလ်ယူ၍ အလှူဒါန ပြုလုပ်ကြ၏ ကျနပီပြင် တန်ဆာဆင်၍ ရှုမြင်သာမော ကုသိုလ်ဇောဖြင့် အံ့သြမကုန် တေဇာဂုဏ်က လုံးစုံဖွယ်ရာ အေးရိပ်လာမို့ ဓမ္မာရနံ့ ကမ္ဘာဖြန့်၍ သီးသန့်စာပေ ဉာဏ်မပေးနှင့် မြန်ပြောင်ဏ်မောက် ကမ္ဘာရောက်အောင် ထွန်းတောက်စေပြော ဘုန်းဝမ္ဘာနှင့် မဟာ

မမွကာထိက ဗဟုဇန ဟိတာမရ ဘွဲ့အလှကို လက်ရပန်ဆင် ဘုန်းရောင်လွှင်သား အရှင်ဖျား၏ အမျှားတပည့် ဂုဏ်အရှိကို မသိ၍သာ မဟုတ်ပါဘဲ နှိုင်းစာမရ အားနွဲ့လှရှင့် ဆယ်ဆပိုမို ပူဇော်လိုလည်း ကြည်ညိုစိတ်ထဲ ပူဇော်ပွဲက အားနည်းပုံဟန် အကျည်းတန်၍ သည်းခံစေကြောင်း ခွင့်ပန်တောင်း၏ အပေါင်းဂုဏ်ရည် လိုက်မမီ၍ မပီမပြင် ဤသဘင်နှင့် ပြည်ခွင်းတိုင်းကျော် ထေရ်ဘုန်းမော်အား သရော်သလို ဖြစ်မည်ဆိုက ကြည်ညိုလေးစားတပည့်များကို သနားအစဉ် မေတ္တာဝင်၍ အားအင်နည်းပါးတပည့်များက ညွတ်တွားတင်ချီ အဥ္စလီဖြင့် ဂုဏ်ရည်မြော်ဆ ပူဇော်ရ၏ ထွန်းပဂုဏ်ရည် ပဝေဏီက တိုင်းပြည်ဦးထိပ် မင်းတံဆိပ်နှင့် ဝင်းဖိတ်ရောင်လျှံ ထိုညောင်ကန်က ဂုဏ်ဂုဏေးသင့်တန်သေး၏ ဟိုရှေးညောင်ကန် ခုညောင်ကန်နှင့် လက်တန်တင်ရှေ့ ပြန်အောက်မေ့လျက် ယခုညောင်ကန် သူ့စွမ်းမာန်နှင့် ကျွမ်းဂန်အလာ ဒေသနာမိုး သွန်းကာဖြိုးလျက် များကျိုးသယ်ဆောင် ခေမာသောင်သို့ ရောက်အောင်နည်းပြ တိဘဝမှ မှုချမယွင်း လွတ်မြောက်ကင်းသည် ကြူသင်းတစ်ခေတ် ပါဘုရား။

# ညောင်ကန်အေး ထေရဂုဏာဘိကိတ္တနဂါထာ

ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက်
မဟာစည်အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုလင်တန်းဌာန
သာသနဓဇ ဓမ္မာစရိယ အရှင်စက္ကိန္ဒ
ကိုယ်တိုင် ရေးသား ရွတ်ဖတ်ပူဇော်သည်

---

ရဋ္ဌဝါသိဟိ ပူဇိတော၊ ထေရော ဓမ္မညူ ဒေသကော။
သရဋ္ဌပရရဋ္ဌေသု၊ ဒေသေတိ ဓမ္မမာမကေ။

ဘောဓန္တော-မထေရ်ဆရာ၏ ပူဇာသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ ကြွရောက်ပူဇော်ဖူးမြော်ကြတောင်း အိုရှင်လူအပေါင်းသူတော်ကောင်းတို့၊ ယောထေရော-ညောင်ကန်အရှင်ဣန္ဒက ဘွဲ့နာမဖြင့် မဟာစည်ထေရ ဩဝါဒကို လေးမြတ်ခံယူ တမူထို့ပြင် မဟာစည်နာယကအဖွဲ့ဝင်နယ်လှည့်ဓမ္မကထိကအဖွဲ့ အတွင်းရေးမှူးတာဝန်တစ်ဖြာ ညောင်ကန်အေးရိပ်သာ ပဓာနရှေ့ဆောင် မြန်ပြည်ထောင်ဆန့် ကမ္ဘာပြန့်အောင် ထင်ပေါ်ကျော်ကြား အကြြင်ဆရာတော်ဘုရားသည်၊ သရဋ္ဌပရရဋ္ဌေသု-အမိနိုင်ငံ ပြည်မြန်မာဝယ် ကြေညာစုံပျော် တောင်ပေါ်မြေပြန့် စုန်ဆန်နှံ့ကြွလျက် ထိုမှတစ်ဖြာ လက်ာဒိပ ဣန္ဒိယနှင့် ရှင်ပျံသာမော နီပေါ-ဗန်ကောက် လေးနိုင်ငံရောက် သည့်ပြင် ပြင်သစ်, အင်္ဂလန်, ဆွစ်ဇာလန် စသား နိုင်ငံရပ်ခြား တိုင်းပြည်များ၌၊ ဓမ္မမာမကေ-ဗုဒ္ဓညွှန်ပြ မြတ်ဓမ္မကို လေးစားကြည်ဖြူ မြတ်နိုးသူတို့ကို၊ ဒေသေတိ-"စာရိကံ စရထ ဘိက္ခဝေ" ဟောမိန့်ချေသည့် ဒေသနာ စကား ဦးထိပ်ထားလျက် ကြွသွားအိုဤ လှည့်လည်ကာဟောကြားတော်မူပါပေ၏၊ ဝါ-ဒေသေတိ-ကိုယ်စိတ်နှစ်ပါး ပင်ပန်းငြားလည်း စိတ်အားထက်သန် သတိပဋ္ဌာန်ကိုနည်းမှန်လမ်းကျ (ဗုဒ္ဓနည်းကျ) မဟာစည်ထေရ ညွှန်ပြသည့်ထုံး အစဉ်သုံးလျက် သက်ဆုံးပစေ မှန်မြတ်ပေသည့် စိတ်နေမြင့်မား ရင်ဝယ်ထားလျက် တရားနာယူ များဗိုလ်လူတို့ အိုနာသေရေး ကင်းဝေးစေရန် စိတ်ရည်သန်၍ မှန်စွာမသွေ ဓဟာပြတော်မူပါပေ၏၊ ဓမ္မညူ-ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် တရားမြတ်ကို၊ ဒေသကော-သတိပဋ္ဌာန်ဓမ္မာ အဖြာဖြာကို ကမ္ဘာပြန့်အောင် ဖြန့်ဝေဟောကြား စွမ်းရည်များ ရှိတော်မူပါပေသော၊ သောထေရော-ညောင်ကန်အရှင်ဣန္ဒက ဘွဲ့နာမဖြင့် ကမ္ဘာ့ထင်ပေါ်ထိုဆရာတော် အရှင်မြတ်ကို၊ ရဋ္ဌဝါသိဟိ- နိုင်ငံတော်အစိုးရနှင့် တိုင်းသားပြည်သူ များဗိုလ်လူ

တို့သည်၊ ပုဇ္ဇိတော-ဗုဒ္ဓရှင်တော် လက်ထက်တော်ဝယ် ထူးထွေဆန်းပြား မြတ်တရားကို ဟောကြားပေတတ် အရှင်ပုဏ္ဏ မထေရ်မြတ်အား "မေမွ ကထိက, တေဒဂ်ဘွဲ့ထူး" ချီးကျူးအပ်နှင်း ဂုဏ်ပြုခြင်း၏ ကောင်းခြင်း စဉ်လာ တူယှဉ်ပါလျက် ပမာမခြား မြတ်တရားကို ဝေဖန်ပိုင်းခြား ရှင်လူများအား သဘောသွားထိမိ နားလည်အောင် ဟောနိုင်စွမ်းရှိတော် မူသည့် ညောင်ကန်အရှင်ဋ္ဌက နာမမှည့်ခေါ် ဆရာတော်ကိုလည်း "မဟာ ဓမ္မကထိက ဗဟုဇနဟိတရေ" ဘွဲ့ထူးမြတ်ဖြင့် တိုင်းသားပြည်သူ အုပ်ချုပ် သူတို့ဂုဏ်ဘစ်ရပ်အနေ ပူဇော်အပ်ပါပေသတည်း။

## အာသိသပတ္ထနာဂါထာ

ဒီဃာယုကော အပ္ပာဗာဓော၊ သာသနဿ သိရိန္ဒရော။
ထေရဿ ဂုဏံ ဒီဿာန၊ မယံ မောဒါမ သာဝကာ။

သာသနဿ-လူနတ်တစ်ထွေ များဝေနေတို့ ထွေထွေဒုက္ခ ဘေးဘယ မှ ကင်းပစေတတ် သာသနာတော်မြတ်၏၊ သိရိန္ဒရော-မြတ်ရှင်ဗုဒ္ဓ သာသန ၏ ဓုရ,နှစ်ဖြာ တိုးတက်လာအောင် ကျမ်းစာရေးသား ဟောညွှန်ကြား လျက် ပြန့်ပွားစည်ပင် ဂုဏ်ရည်လွင်အောင် အသရေကို ဆောင်တော်မူ သော၊ ထေရော-ညောင်ကန်အရှင်ဋ္ဌက မည်နာမဖြင့် ကမ္ဘာ့ထင်ပေါ် ဆရာတော်သည်၊ ဒီဃာယုကော - သာသနာတွင်မှီ သမိုင်းဝင်တည်သည့် သက်ရှည် ကျော်ကြား "အရှင်မဟာကဿပ အရှင်ဗာကုလ" စသည့် မထေရ်များကဲ့သို့ သက်တော်ရာကျော် ရှည်တော်မူသည်၊ ဟောတု-ပြည် တွင်းပြည်ပ သာသနာ့တာဝန် အားသွန်ကြိုးပမ်း ထမ်းရွက်နိုင်ရန် စိတ် ရည်သန်၍ စိန္တေမြတ်ထံ တောင်းဆုပန်သည် အမှန်မသွေ ဖြစ်ပါစေသတည်း ဘုရား၊ အပ္ပာဗာဓော-ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကိုယ်မှာမ ရောက် ကင်းစင်ပျောက်၍ ထွန်းတောက်ပါလှ ဗုဒ္ဓမြတ်စွာသာသနာတွင် နေအသွင် လ-အလား လွန်ထင်ရှားသည့် "အရှင်ဗာကုလ ထေရပမာ"ကိုယ် စိတ်နှစ်ဖြာ ကျန်းမာတော်မူသည်၊ ဟောတု-ပြည်တွင်းပြည်ပ သာသနာ့ တာဝန် အားသွန်ကြိုးပမ်း ထမ်းရွက်နိုင်ရန်, စိတ်ရည်သန်၍ စိန္တေ မြတ်ထံ တောင်းဆုပန်သည် အမှန်မသွေဖြစ်ပါစေသတည်းဘုရား၊ထေရဿ-ညောင် ကန်အရှင်ဋ္ဌက မည်နာမဖြင့် ဂုဏမြင့်မော် ဆရာတော်၏၊ ဂုဏံ-သီလ သမာဓိပညာဟု သိက္ခာသုံးရပ် အဗ္ဗာတ်ဗာဟိ နှစ်လီထွေပြား ကျော်ကြား ထင်ပေါ် ဂုဏ်ရည်တော်ကို၊ ဒီဿာန-မျက်ဝါးထင်ထင် ဖူးမြင်ရသည်ဖြစ် ၍၊ ဝါ-မျက်ဝါးထင်ထင် ဖူးမြင်ရပါသောကြောင့်၊ သာဝကာ-လောက ကျင့်ဝတ် မချွတ်မှန်စွာ ကျင့်စရာနှင့် သံသရာဘေး ကင်းဝေးစေရန် သတို့

ပဋ္ဌာန်ကို နည်းမှန်ညွှန်ပြ ဆုံးအမကို တုပ်ကွနာယူ ရဟန်းရှင်လူ တပည့် ဒကာ - ဒကာမ ဖြစ်ကြပါကုန်သော၊ မယံ - ဆရာသခင် ကျေးဇူးရှင်၏ သွန်သင်ဆုံးမ ဩဝါဒတရားကို လေးစားကြည်ဖြူ နာယူမှတ်သား ကျင့်ကြံပွား၍ တရားဖြင့်ပျော် တပည့်တော်တပည့်တော်မတို့သည်၊ မောဒါမ-ထင်ရှားပြည့်စုံ အရှင့်ဂုဏ်ကို ကြည်ယုံသဒ္ဓါ လေးမြတ်စွာဖြင့် ညီညာပေါင်းလင့် ပူဇော်ခွင့်ကြုံ ဝမ်းမြောက် ပျော်ရွှင်ကြပါကုန်သည်ဘုရား။

တောင်တွင်းကြီးမြို့၊ မဟာစည်ရိပ်သာ ပဓာနဆရာတော်
မဟာစည်ရိပ်သာများနာယကအဖွဲ့ဝင်
သာသနဓဇသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တသံဝရ မဟာထေရ်
ရေးသားကုဏ်ပြုသော

# ထုတိမင်္ဂလာ ပူဇော်လွှာဂါထာ

(ညောင်ကန်အေးသာသနာ့ရိပ်သာအရှင်ပညာသာမိ(မုံရွာ)
ရွတ်ဖတ်ပူဇော်သည်)

---

| | |
|---|---|
| မဟာ | စည်အန္တေဝါသိနံ၊ |
| ဓမ္မကထိက | ပါကဋ္ဌော။ |
| ဗဟုဇန | သုခေသိစ၊ |
| ဟိတစရေ | တ္ထကာရကော။ |
| ညောင်ကန်အေး | ရိပ်သာ ဒိဿရော၊ |
| ဆရာတော် | နော သုခိဘဝေ။ |
| အင်္ဂလန်ပြန် | အညတ္တဓရော၊ |
| မဟာပူဇာ | ဟိ ပူဇိတော။ |
| မင်္ဂလာ | နိ စွိတေ လဘော။ |

မဟာစည် အန္တေဝါသိနံ-ကမ္ဘာဟည်ကျော် မဟာစည်ဆရာတော်၏ တပည့်တိုတွင်၊ဓမ္မကထိက ပါကဋ္ဌောစ-ကျော်ကြားသော ဓမ္မကထိကလည်း ဖြစ်တော်မူသော၊ ဗဟုဇန သုခေသိစ-လူရောနတ်ပါ များစွာသော သတ္တဝါတို့ အတွက် သုခ အထွေထွေ ရှာဖွေ ဆောင်ရွက်လေ့ရှိသူလည်း ဖြစ်တော်မူသော၊ ဟိတစရေ--လူရောနတ်ပါ များစွာသော သတ္တဝါတို့၏ အစီးအပွားတွေကို ဆောင်ရွက်နေသူလည်း ဖြစ်တော်မူသော၊ အတ္ထကာရကောစ - လူရော နတ်ပါ များစွာသော သတ္တဝါ တို့၏ ကောင်းကျိုးများကိုသာ ပြုလုပ်ဆောင်ရွက်နေသူလည်း ဖြစ်တော်မူသော၊ ညောင်ကန်အေးရိပ်သာ ဒိဿရော-ကြို့ကုန်းရပ် အင်းစိန်လမ်းမကြီးအေး ညောင်

ကန်အေးရိပ်သာ၏ အစပကတူး ပထမဦး နာယက ဋ္ဌာသရလည်း ဖြစ်တော်မူသော၊ ဆရာတော်နေ့ာ- မှိုခိုဆည်း၊ကပ် ရှုမှတ်ပွားပဓာန ဗုဒ္ဓသာသနာ ညီညာပြုနေ တို့တကော်၏ ဆရာတော်သည်၊ သုခီဘဝေ-ချမ်းသာအပြည့် ရှိပါစေသတည်း၊ အင်္ဂလန်ပြန် အညတရောစ- အင်္ဂလန်ပြန် အရှင်မများ အနည်းသားကွင် တစ်ပါးဖြစ်တော်မူထသော၊ မဟာပူဇာတိ ပူဇိတောစ- မြင့်မြတ်သော "မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ" ဘွဲ့တံဆိပ်ပူဇာ, ဆွမ်းသင်္ကန်းအစရှိသော ပစ္စည်းအဝဝ အာမိသပူဇာ, မြင့်မြတ်များပြားသော ပူဇော်စရာ အဖြာဖြာတို့ဖြင့် ပူဇော်ထိုက်သူ ပည်း ဖြစ်တော်မူထသော၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေးဆရာတော် နေ့ာ-မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဆက်သဘွဲ့တော် ကမ္ဘာကျော်သော ညောင်ကန်အေးဆရာတော် တို့များဆရာတော်သည်၊ ဣစ္ဆိတ ဣစ္ဆိတ-ပေါ်လာ ဆန္ဒ တောင့်တတိုင်းကုန်သော၊ မင်္ဂလာနိ-ကျန်းမာသက်ရှည် စသည်အထွေထွေ ကျက်သရေမင်္ဂလာတို့ကို၊ လဘော လဘာတု-ခဏခဏ အရကြီးရပါစေသတည်း၊ လဘန္တော-ကျက်သရေမင်္ဂလာတို့ကို ခဏခဏ အရကြီးရလျက် ညောင်ကန်အေးဆရာတော် သားကောင်းရတနာကိုမှီ၍ မဟာစည်သတိပဋ္ဌာန်ကို ဇွဲသန်ရှုလျက် လူမှုရေးထွေတလာကို ရှောင်ခွာဝေးဝေး ညောင်ကန်အေးလိုက်ပါ သာသနာပြုနေသော အသက် ၇၀-ကျော် မယ်တော်ကြီး ဒေါ်မွဲဟန်၏ သည်းချာရင်သွေး ညောင်ကန်အေးဆရာတော်သည်၊ သုခီဘဝ-ချမ်းသာအပြည့် ရှိပါစေသတည်း၊ သုခီဘဝ-ချမ်းသာအပြည့် ရှိတော်မူပါစေဘုရား။

### သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
### လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်
### ရေးသားရွတ်ဖတ်ပူဇော်သော

# ထေရုပ္ပတ္တိကထာ ထုတိမင်္ဂလာသြဘာစာ

---

**စကားဦး**

ညောင်ကန်အေးဆရာတော်ဘဒ္ဒန္တကုဏ္ဍကမဟာထေရ်မြတ်အားစုပေါင်း ချီးကျူး ပူဇော်သည့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌပူဇာ သဘင်အခမ်းအနားဝယ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတစ်ယောက်ဖြစ်သော တပည့်တော်မင်းကြည် သီကုံးရေးသား ဖတ်ကြားပူဇော်အပ်သော ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တကုဏ္ဍက မဟာထေရ်မြတ်၏ ဖြတ်သန်းကျော်လွှားခဲ့ရသော ထေရုပ္ပတ္တိ ကထာ ထုတိမင်္ဂလာ သြဘာစာတမ်းပါဘုရား။

သုံးခွင်တိုက်သား ဖြဟ္မာများနှင့် သိကြားနတ်မင်း လူသေဌ်နင်းတို့၏ ဝပ်စင်းဦးခိုက် စိတ်မကိုဋ်ဖြင့် ဦးတိုက်ဖုံဖုံ ခြေတော်စုံသို့ ခိုလှုံပူးမြော် ရှိပူဇော်ကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၏ ဟောကြားနှုတ်မြွက် ဆုံးမချက်ကြောင့် နှစ်သက်စဖွယ် တင့်တယ်မှုပို ကိုယ်နှုတ်နှလုံး သုံးပါးအစဉ် ယဉ်ကျေးစေကြောင်း အလွန်ကောင်းလှသည့် ဗုဒ္ဓသာသနာထွန်းကားရာ ဌာန တိုင်းမ္ဘချက်ချာ ပြည်မြန်မာတွင် လွန်စွာတင့်တယ် နေချင်ဖွယ် ကောင်းရုံမျှမက နိုင်ငံတော်အစိုးရ ရုံးစိုက်ရာဌာနဖြစ်သော မြို့တော်ရန်ကုန် တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းအရပ်ဒေသ ရန်ကုန်-အင်းစိန်လမ်းမ ညောင်ကန်အေး သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာနနာယက အာဒိကမ္မိက အာရာမသမုဋ္ဌာပက(အစဦးဆုံး သာသနာ့မြေ မဖြစ်သေးတဲ့ တောရိုင်းကြီး ကို ဖြေရှင်းတဲ့ ဆရာတော်ဟာ အာဒိကမ္မိက အာရာမသမုဋ္ဌာပကလို့ ပါဠိလို ခေါ်ပါတယ်။

ညောင်ကန်အေးရိပ်သာကြီး၏ ဦးစီးပဓာနနာယက အာဒိကမ္မိက အာရာမသမုဋ္ဌာပက ဖြစ်တော်မူသော မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တကုဏ္ဍက မဟာထေရ် မြတ်၏ လျှောက်ပတ်ကုံလုံ သာသနမာမက သီလတော် ကျေးဇူးဂုဏ်တို့ကို

ပြည့်စုံအောင် ဖော်ပြခြင်းငှာ မစွမ်းနိုင်ပါသော်လည်း အာကာသဝေဟင် ထက်ကောင်းကင်အတွင်း လမင်းနှင့် ကြယ်တာရာတို့၏အကြား သာမည ကြယ်ကလေးတစ်လုံး၏ လင်းအားကဲ့သို့ စွမ်းအားရှိသလောက် ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ် ဘဝသရုပ်စုံအောင် လျှောက်ထားခွင့် ပြုပါဘုရား။

(စုံအောင်ဆိုသော်လည်း မစုံပါဘူး စုံအောင်မပြနိုင်ပါဘူး လူတစ်ယောက်ဟာ ရှိသေလို့ စုံအောင်လို့ လျှောက်တာ ဘယ်လိုမှစုံအောင် မလျှောက်နိုင်ပါဘူး ဆရာတော်ရဲ့ဂုဏ် ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးဟာ အင်မတန်မှ လုပ်ငန်းတွေ စွမ်းအားကြီးလှပါတယ်)။

ထေရာထေရီ အလီလီတို့ ဝသီဘော်ခေတ် အကျင့်မြတ်ဖြင့် ဇဗ္ဗေးရပ်စစ်မှန် ပြည်နိဗ္ဗာန်သို့ ဆိုက်ရန်လမ်းကြောင်း အခွင့်ကောင်းလှသော ရွှေးဟောင်းသမယ ဟို-ဘုရားရှင်လက်ထက်တော် အခါကာလတုန်းက စေတနာပသန္န မဆုတ်သဒ္ဓါဟုန် ကောင်းလှသည့် ပုဗ္ဗာရုံကျောင်းအစ်မကြီး ဝိသာခါနှင့် စေတနာတထိန်ထိန် သဒ္ဓါရှိန် မသေးလှတဲ့ ဇေတဝန်ကျောင်းဒကာကြီး အနာထပိဏ်သေဋ္ဌေးတို့သည် သံသရာရေးကို တွေးရှုမျှော်ကိုးလျက် မိုးစွန့်စွင့်စွင့်မားမားမြင့်၍ ထပ်ဆင့်လယ်ပေါ်အကွက်ဖော်လို့ ဆောင်တော်ထွေထူး ကြွကြွမြူးသည့် ပန်းခြူးလိမ်တွန့် စိန်ကွန့်တို့ဖြင့် အလွန့်အလွန်ကြည့်လို့ ကောင်းလှသည့် မကျောင်းတော်ကြီးတွေ တည်ဆောက်၍ နှစ်ထောက်ကြည်သာ စေတနာဖြင့် သဒ္ဓါဖွေးဖြူအရေးယူ၍ ပေးလှူပြီးလာပေသကဲ့သို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ကလည်း ပစ္စည်းဥစ္စာတို့၏ အနှစ်သာရဖြစ်သော ဒါနပါရမီကို ဆည်းပူး၍ တည်ဆောက်ထားကြပြီးလျှင် ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်တို့ဖြင့် (အစက သာသနာ့မြေမဖြစ်သေးတဲ့ မြေအရိုင်းကြီးမှာ ယခုကျောင်းကြီးကျောင်းငယ်အသွယ်သွယ် ပေါ်လာဘာ ဒါနရဲ့အနှစ်သာရလို့ ဒီပရိသတ်တွေ သိပြီးလှူထားကြတာပါ) ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်ရှုမငြီးနည်းပေးမှန်ကန် ဟောသံပြောသံ တရားသံတို့ကြောင့် နိဗ္ဗာန်ဆိပ်ကမ်းကြီးနှင့် တူလှသော အင်းစိန်မြို့ အရှေ့ကြို့ကုန်းအရပ်ဒေသ ရန်ကုန်အင်းစိန်လမ်းမ ညောင်ကန်အေးသာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာနနာယက အာဗိလကမ္မိက အာရာမ သမုဋ္ဌာပက ညောင်ကန်အေးဆရာတော် အဒ္ဒန္တဇာနက မဟာထေရ်မြတ်သည် ၁၃၄၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့ကစပြီးတော့ ညောင်ကန်အေးသာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ပြီး သိပ်သည်းသေချာ ဒေသနာနည်းကျ တရားပြတရားဟော သာသနာ့တာဝန်တို့ကို ကျေပွန်အောင် ထမ်းဆောင်တော်မူလာခဲ့လေရာ ယခု ၁၂-နှစ်တာ အချိန်လွန်မြောက်၍ ၁၃-နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပါပြီ၊

ညောင်ကန်အေး ဆရာတော်၏ ကြည်လင်သော သဒ္ဓါတရား ထက်သန်သော စေတနာများသည် အားကောင်းလှပါပေ၏ တွေးခေါ်မြော်မြင်ချက်မှာလည်း ကြီးမားလှပါပေ၏ ကိုယ်နှုတ်နှလုံး သုံးပါးအစဉ် ယဉ်ကျေးစေကြောင်း ကောင်းမွန်သောဘုရားရှင်၏ အဆုံးအမ ကိုယ်ကျင့်စာရိတ္တ မယိုင်မလဲနိုင်သော ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များ ရှင်သန်ဖွံ့ထွားထာဝစဉ် တည်တံ့ပြန့်ပွားစေရန် ရည်သန်၍ ညောင်ကန်အေး ဆရာတော်သည် အများနှင့်ဆက်ဆံရသော တရားဟောတရားပြ လုပ်ငန်းတို့နှင့်သာ ရောင့်ရဲတင်းတိမ်နေခြင်း မရှိသေးဘဲ တစ်ဦးတည်း သမာဓိယူ၍ ပါရမီဉာဏ်စွမ်းဖြင့် ကြိုးပမ်းရေးသားရသော ကျမ်းစာအုပ်များမှာလည်း အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုထားသော စာအုပ်ငါးအုပ် အပါအဝင် ပုံနှိပ်ပြီး ကျမ်းစာအုပ်ပေါင်း ၄၀-ကျော် သွားပါပြီ။

သက်တော်မှာ ၅၄-နှစ်မျှသာ ရှိသေးတော့ ဆရာတော်၏ ပါရမီဉာဏ်စွမ်းနှင့် ကြိုးပမ်းလုံ့လဝီရိယတို့ကြောင့် (ဒီဝီရိယကို ပေါ့သေးသေး မထင်နှင့် ကျွန်တော်တို့နှင့် မတူပါဘူး၊ ဆရာတော်ရေးတဲ့ ဓမ္မဒူတခရီးဆိုတာ လက်သုံးလုံးလောက် ထူပါတယ်၊ ကျွန်တော့်ဆီမှာ ရှိပါတယ် ဒီစာအုပ်ကြီးကို ကိုယ်တိုင်ဉာဏ်ထုတ်ပြီး ရေးသားဖို့မဆိုထားနှင့် ဒီထဲကပုဂ္ဂိုလ်တွေ စိတ်ကူးလေး ကူးကြည့်စမ်းပါ လိုက်ပြီးခဲ့တံလေးနဲ့ဘောလ်ပင်လေးနဲ့ လိုက်ပြီးတော့ ကူးကြည့်စမ်းပါ မလွယ်ပါဘူး ကူးဖို့တောင်မလွယ်ဘူး ဉာဏ်ထုတ်ပြီးရေးဖို့ဆိုတာ အသာထားလိုက် တစ်အုပ်ထဲနော် ကျမ်းပေါင်းလေးဆယ်ကျော်ကိုမဆိုထားနဲ့ အဲဒီလို ကျမ်းပေါင်းလေးဆယ်ကျော် ပြီးသွားတဲ့အချိန်မှာ သက်တော်က ၅၄-နှစ်ပဲ ရှိပါသေးတယ်။

ဒီတော့ ဆရာတော်ရဲ့ ပါရမီဉာဏ်စွမ်းနှင့် ကြိုးပမ်းလုံ့လ ဝီရိယတို့ကြောင့် နောက်ထပ် ကျမ်းစာအုပ်ပေါင်း မည်မျှလောက် ထွက်ပေါ်လာဦးမလဲဆိုတာ ဝေခွဲခန့်မှန်းခြင်းငှာ မစွမ်းနိုင်ပါဘုရား၊ ဒါကပင် ပူဇော်လို့မဝနိုင်တဲ့ အရည်အချင်းတစ်ရပ်ပါ၊ ကျမ်းစာအုပ်မျှသာမဟုတ်သေးပါဘူး၊ စာစောင်အသွယ်သွယ် မဂ္ဂဇင်းအသီးသီးတို့မှာ လောကီ လောကုတ္တရာ နှစ်ဖြာသော အမြင်အတွေးတို့ဖြင့် ညောင်ကန်အေးဆရာတော်ဘုရားရေးသား ပြီးလာခဲ့တဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အမြုတေ စာတိုပေစများကလည်း ဆရာတော်ကိုမဖူးမြင်ဘူးသေးသူများအတွက်ပင် ကောင်းကျိုးဖြစ်ပွားစေခဲ့ ပါတယ်။

ညောင်ကန်အေးဆရာတော်ရဲ့ စာကိုဖတ်လို့ ညောင်ကန်အေးဆရာတော်ဆိုတာ ဖြူသလား? မဲသလား? ပိန်သလား? ဝသလား? ပုသလား?

ရှည်သလား? မသိတဲ့ပုဂ္ဂိုလ်များသည်ပင်လျှင် ညောင်ကန်အေးဆရာတော်ရဲ့ စာပေကြောင့် အသိပညာတွေကို ရရှိကြရပါတယ်။

ဤသို့လျှင် အင်္ဂါသုံးရပ်နဲ့ပြည့်စုံတဲ့ သာသနာ့ကန်တော်ကြီး အမြဲတမ်း သာယာတင့်တယ်ရလေအောင် ညောင်ကန်အေးဆရာတော် ကြိုးစားအားထုတ် ဆောင်ရွက်ဟော်မူရာ၌-

၁။ အင်းစိန်မြို့၊ အရှေ့ကြို့ကုန်းရပ်ကွက်ရှိ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ပဓာနနာယက။

၂။ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်ရှိ မဟာစည်ဩဝါဒခံ ညောင်ကန်အေး ကွင်းကျောင်း သာသနာ့ရိပ်သာ၏ ဩဝါဒါစရိယ နာယက။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး၏ ဒုတိယအကြိမ်နှင့် တတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်။

၄။ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံတိုးချဲ့ လမ်းထောင့်ရှိ ဧကမ္ဘာကုသိုလ်တော်အဖွဲ့၏ ဩဝါဒါစရိယ။

၅။ မရန်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့်မြောက်ဥက္ကလာပ လမ်းဆုံရှိ မဟာစည် အမြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း အုပ်ချုပ်ရေးနာယကအဖွဲ့ဝင်။

၆။ ပြည်ထောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ မဟာစည်နယ်လှည့်ဓမ္မကထိက အဖွဲ့ကြီး၏အကျိုးတော်ဆောင် (ဘာရနိဋ္ဌာရက)။

၇။ ပြည်တွင်း-ပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့ကြီး၏ အဖွဲ့ဝင်။

သို့ကလို ထူးခြားတဲ့ သာသနာ့အာဇာနည် ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တကုလ္လန္ဒက မဟာထေရ်မြတ်အား စိတ်ထားရွှင်ပျပူဇော်ရဖို့လာကြဘိတောင်း ဟောဒီသာသနာအေးဓမ္မာရုံကြီးမှာ ရှိကြတဲ့ သူတော်ကောင်းတို့သည် "ပူဇာတိ-သက္ကာရ ဂရုကာရ မာနနဝန္ဒနာ" ဟူသော ကျမ်းလာစကားအဆိုနှင့်အညီ ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း, အာမိသပူဇာနှင့် ရှိခိုးဦးချခြင်း, သီလဆောက်တည်ခြင်း စသော အကျင့်မြတ်ဖြင့် ပူဇော်ခြင်း, ပဋိပတ္တိပူဇာ သို့မဟုတ် ဓမ္မပူဇာ, သို့လျှင် အာမိသ ဓမ္မနှစ်ဝ ပူဇာတို့ကို

ညီညာရှင်ပျ ယခုလိုကုသိုလ်ပြုနိုင်ကြလို့ ဟဒယနှလုံး ပီတိဖုံး၍ ဒီပရီဆတ်တွေကို ကုသိုလ်ဇောဖြင့် ရွှင်ပြုံးကြည်နူးနေကြပါပြီ။

ဩဇာဓာတ်ကောင်းမွန်သော မြေပြင်၌ စိုက်ပျိုးကြဲချသောသစ်ပင်တို့သည်ရှင်သန်ဖွံ့ဖြိုး ကောင်းမြတ်သော သီးနှံမျိုးတို့ကို ရရှိနိုင်ဘိသကဲ့သို့ ပဋ္ဌာနဇော်သူတို့အတွက်-

"အဘိဝါဒန သီလီဿ၊ နိစ္စံ ဝုဍ္ဍာ ပစာယိနော၊

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။" လို့

ဓမ္မပဒပါဠိတော်ရှိသည်၊ မြန်မာလို ပြန်ရလျှင် သက်ရှည် ဆင်းလှ ချမ်းသာရလျက် ဗလခွန်အား စွမ်းပကားနှင့် သင်ကြားပညာ ပြည့်စုံပါသည့် ငါးပြာသော ကောင်းကျိုး သီးနှံမျိုးတို့ကို ဖွံ့ဖြိုးရရှိစေနိုင်လောက်သည့်သီလ သမာဓိ ပညာ ဩဇာဓာတ်ဂုဏ်အင်္ဂါတို့ စုံလင်စွာရှိတော်မူသော မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဇဋိလက မဟာထေရ်မြတ် ဖြတ်သန်းကျော်လွှား လာခဲ့ရသော ဘဝခရီးကို နောက်ကြောင်းပြန်ပြီး တင်ပြရပါမည်ဆိုလျှင်-

သေလေ သေလေ န မာဏိကံ၊ ဂဇေဂဇေ န မုတ္တိကံ၊

ဝနေဝနေ န စန္ဒနံ၊ ဌာနေဌာနေ န ပဏ္ဍိတံ။

သေလေသေလေ-တောင်တိုင်း တောင်တိုင်း၌၊ မာဏိကံ-လူတို့မြတ်နိုး အဖိုးထိုက်တန် ကျောက်သံပတ္တမြားရတနာ အစားစားမရှိပါပေ၊ ဂဇေဂဇေ-ဆင်တိုင်း ဆင်တိုင်း၌၊ နမုတ္တိကံ-ဖိုးထိုက်လှန်က ပုလဲ အမြွတေ မရှိပါပေ၊ ဝနေဝနေ-တောတိုင်း တောတိုင်း၌၊ နစန္ဒနံ - ထုံလှိုင်သင်းပျံ့ ရနံ့မွှေးကြူ လူတို့မြတ်နိုးသည့် အဖိုးတန် စန္ဒကူးအပင်မျိုး မရှိပါပေ၊ ဌာနေဌာနေ-မြို့ရွာနိဂုံး အားလုံးနှံ့စပ် အရပ်ဒေသတိုင်း၌၊ န ပဏ္ဍိတံ-ပါရမီရင့်သန် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်နိုင်သည့် ပညာဗဟုသုတနှင့် ပြည့်ဝစုံလင်သူ မရှိပါပေ။

**သတိထားပြီး နားဆောင်ကြည့်ပါ။**

ဆင်တိုင်းဆင်တိုင်းမှာ ပုလဲအမြုတေ ရတနာမပါနိုင်သည့်နည်းတူ မွှေးကြူသင်းကြိုင် ရနံ့လှိုင်သော စန္ဒကူးပင်တို့သည် မြိုင်ခွင်နက်ရှိုင်းသည့် တောတိုင်း တောတိုင်းမှာ မပေါက်ရောက်နိုင်သကဲ့သို့ လူတိုင်းမြတ်နိုး အဖိုးထိုက်တန် ကျောက်သံပတ္တမြား အစားစားတွေသည်လည်း ကျောက်သားတွေ ရစ်ဝိုင်းသည့် တောတိုင်း တောတိုင်းမှာ မတွေ့မြင် မရရှိနိုင်သည့် ဥပမာ- ဒုလ္လဘော ပုရိသာဇညော န သော သဗ္ဗတ္ထ ဇာယတိ - ဟူသော

အထိုရှိသည့်အတိုင်း အရပ် ဒေသတိုင်းမှာ ပေါ်မလာ – မိဘတိုင်းမှာ မထွန်းကားနိုင်သော အဖိုးတန်သားသမီး ရတနာမျိုးကို ဤလောကတွင် ရဖို့ရန်ခဲယဉ်းလှပါပေ၏။

သို့လျှင် ခဲယဉ်းလှသည့်ကြားမှ ဆရာတော် ဇေးဇေးလေး နေလိုပါက ကိုယ့်ဘာသာကိုယ်နေလို့ရတယ်၊ ဒါပေမယ့်မနေဘူး၊ အများအတွက် အသက်သေပေစေဆိုတဲ့ ပုဂ္ဂိုလ်စားထဲက အာဇာနည်ဘဝ ငါလျှင်ကြွီးစား ဆင်းရဲများလည်း ''ငါအားမှီသူ အများလူတို့ ကြည်ဖြူစိတ်ထား ချမ်းသာ ပွားက ငါ့အားဖြစ်တွေ ရှိပါစေတော့'' ဆိုတဲ့ အာဇာနည်ယောကျ်ား သူတော်ကောင်းကြီးများရဲ့ အားထားဖွယ်အရည်အသွေးဂုဏ်အဖုံဖုံတို့နှင့် ပြည့်စုံတော်မူသော မဟာဓမ္မကထိက ဗဟုဇနဟိတရေ ဘွဲ့တံဆိပ်တော်ရ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဣန္ဒကမဟာထေရ်မြတ်သည် ယခုကဲ့သို့မျက်ဝါး ထင်ထင် သူတော်စင်တို့ ဖူးမြင်ပူဇော်ခွင့်ရအောင် ပေါ်ပေါက်ထွန်းကား လာရခြင်းသည် မြန်မာလူမျိုးတို့နှင့် ဗုဒ္ဓသာသနာတော်အတွက် ကံကောင်း ခြင်းတစ်မျိုး ဖြစ်ပါပေ၏။

ဒီတိုင်းပြည်မှာ ဒီလိုအာဇာနည်တွေ အများကြီးမွေးလျှင် ကမ္ဘာမှာ အမြင့်မားဆုံး နိုင်ငံကြီးဖြစ်မှာ သေချာတယ်၊ ကမ္ဘာထိပ်ကနေရမှာ သေချာပါတယ်၊ ဗုဒ္ဓသာသနာတော်အတွက် လူမျိုးနှင့်တကွ ကောင်းကျိုး ထွက်လာတာဟာ ဒီလိုပုဂ္ဂိုလ်မျိုးတွေ ထွန်းကားလို့ တို့တွေ ကံကောင်း သဖြင့် သစ်ပင်တစ်ပင်ကောင်းလို့ရှိရင် ငှက်တစ်သောင်း ချမ်းသာသလို ဆရာတော်ဘုရား တည်းဟူသော ပင်စည်သစ်ပင်ကြီး ထွန်းကားသဖြင့် ရဟန်းပရိသတ်၊ လူပရိသတ်တွေ တည်းဟူသော ငှက်အပေါင်း ခိုအောင်း ချမ်းသာရခဲ့ပါပေ၏။

> တစ်ပင်သစ်ကောင်း ငှက်အပေါင်းတို့ ခိုအောင်းချမ်းသာ
> ကဲ့ပမာလျှင် ဒေသနာတိုက်ကျွေး ညောင်ကန်အေးဟု ပျံ့မွှေးထင်
> ပေါ် ဆရာတော်အရှင်ဣန္ဒက မြတ်ထေရဟု နာမတွင်ပြီး သစ်ပင်
> ကြီးလည်း သီးသီးခိုအောင်းတပည့်ပေါင်းတို့ ထောင်သောင်းမက
> ချမ်းသာရသည် – ထေရဂုဏ်ရည်ကြီးပါဘုရား။

ဤကဲ့သို့ စာဖွဲ့ဂုဏ်ပြုထိုက်သော အရည်အသွေးနှင့် ပြည့်စုံသည့် ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တဣန္ဒက၏ ဇာတိချက်ကြွေ မွေးရပ်မြေက စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ညောင်ကန်ရွာ ညောင်ကန်ရွာဆိုတာ သာ

သနားမှာ ဘယ်သောအခါမှ မမေ့နိုင်တဲ့ ဗုဒ်စ ဗုဒ်လယ် ဗုဒ်ဆုံးဆိုတဲ့ ဆရာတော် ဦးဗုဒ်စတဲ့ ညောင်ကန်ဆရာတော်များ တွက်ပေါ်ခဲ့ရာ ညောင်ကန်ရွာပါ၊ ဒါကြောင့် သမိုင်းနှင့်စေ့စေ့က အရှင်ဇဋိလပဏ္ဍိတက ဖွဲ့ထားတာက ယခုညောင်ကန် ရှေးညောင်ကန်နှင့် ဂုဏ်ဂုဏေး ပြန်မျှော်တွေး လွမ်းစရာ ဆွေးစရာညောင်ကန်ရွာကြီးတဲ့၊ အဲဒါကို နိုင်ငံကျော် မင်းသမီးကြီး အောင်သန်းတင်က ရွတ်ဆိုပူဇော်သွားပါပြီ ယခုညောင်ကန်ကလည်း ဟုတ်တာပဲ ဟိုတုန်းက ညောင်ကန်ကလည်း ဟုတ်တာပဲ နောက်ညောင်ကန်တွေလည်း ဟုတ်မယ်ဆိုတာ တပည့်တော် ယုံကြည်ပါတယ်ဘုရား။

ညောင်ကန်ရွာ ရွှေအံတော်ရပ်မှာ ဟိုလွန်ခဲ့တဲ့၅၄-နှစ်ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင် ၃-နှစ်လောက်က ခမည်းတော် ဦးဘဒေါင် မယ်တော် ဒေါ်ပွဲဟန်တို့မှ ၁၃၀၀-ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃-ရက် တနင်္ဂနွေနေ့ ညနေ ၃-နာရီမှာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါတယ်၊ သားသုံးယောက် သမီးသုံးယောက်ရှိတဲ့အထဲမှာ ညောင်ကန်အေးဆရာတော်လောင်းလျာဟာ အကြီးဆုံး သားကြီးဩရသဖြစ်ပါတယ် ငယ်နာမည်မှာ တနင်္ဂနွေသားပီပီ မောင်အောင်သန်းလို့ မိဖများက နာမည်မှည့်ကြပါတယ်။

ရှစ်နှစ်သားအရွယ်ရောက်တော့ မိဘနှစ်ပါးတို့သည် သားကြီးရှေ့ရေး မျှော်တွေးလျက် ဆွေးနွေးတိုင်ပင်ကြကာ ရတနာရွှေသွေးဆရာတော်လောင်းလျာ လူကလေးအား ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက် သဘောၤကျောင်း ဆရာတော် အရှင်ဣန္ဒဝံသ မဟာထေရ်ထံ ပညာသင်ရန် အပ်နှံလိုက်ကြပါတယ်၊ ကျောင်းသားဘဝမှာ အညာဓလေ့အတိုင်း ရွှေအံတော်ရပ်က ရွှေအံတော်ဘုရားမှာဝတ်အသင်းတွေရှိကြတော့ ဇီဝတ်အသင်းမှာ ဆရာတော်လောင်းလျာဟာ ဘုရားရှိခိုး ဝတ်ရွတ်မှုကို ပြုပါတယ်၊ ဝတ်ရွတ်တဲ့အခါမှာ လူကြီးများက "မင်းကျောင်းက ဘာစာတွေ သင်ခဲ့သလဲ"လို့ မေးတော့ ယမမင်းထံ အစစ်ခံသံပေါက်လက်ာတွေလဲ ပါပါတယ် ကြားဘူးကြပါလိမ့်မယ်။

၁။ အိုကွယ့်ယောကျ်ား လူ့ပြည်သားဘာတရားများ ကျင့်ခဲ့တယ်၊
၂။ ကျွန်တော်မျိုးမှာ ပြောစရာ ဗလာနတ္ထိဖြစ်ပါတယ်၊
၃။ ကျွန်တော့်အလှူ ကြွေးတွေပူ ငွေကူမျှော်မိတယ်"စသည်အားဖြင့်ပေါ့။

ဒီလိုယမမင်းသံ အစစ်ခံသံပေါက်တွေ သင်ခဲ့ရတယ်ဆိုတော့ ''ဒါဖြင့် မင်းဆိုပြစမ်းဆိုတော့ အသံနေအသံထားနှင့် ဆိုပြလိုက်တာ အားလုံးလူကြီးတွေသဘောကျလို့ စတ်အသင်းတွေမှာ ဆိုပြရတယ်၊ တစ်ခါထဲ ရွာထဲမှာ ဟိုနားဆိုပြရ သည့်နားဆိုပြလိုက်ရနဲ့ ဓမ္မကထိကလေးတစ်ဦးဖြစ်နေပါတယ်၊ ဒါကြောင့် တောက်မည့်မီးခဲအရှိန်နှင့်ရဲရဲဆိုသလို လေလွင့်တာနဲ့ ထတောက်တာပဲ၊ ဒီကဘည်းက ဆရာတော်ဟာ ပါရမီဗီဇ စလာခဲ့တယ်ဆိုတာ သူတော်စင်တွေသဘောပေါက်နားလည်ကြမှာပါ။

ဒီလိုနဲ့ ဆရာတော်လောင်းလျာဟာ ၁၃၁၂-ခုနှစ် ၁၂-နှစ်သားအရွယ်ရောက်တော့ ရှစ်မျက်နှာကျောင်းတိုက်မှာပဲ ရှင်အဖြစ်ကိုရောက်ပါတယ်၊ ဘွဲ့တော်ကတနင်္ဂနွေသား ရှင်ဏ္ဍကတဲ့ ရှင်ဒါယကာက မိဘနှစ်ပါး၊ ဥပဇ္ဈာယ်ဆရာတော်ကတော့ ရှစ်မျက်နှာကျောင်းဆရာတော် အရှင်ဏ္ဍဝံသပါပဲ။

၁၃၁၆-ခုနှစ် ၁၆-နှစ်အရွယ်ရောက်တော့ မန္တလေးရောက်၊မန္တလေးဆိုတာ မြန်မာပြည်ရဲ့လောကုတ္တရာတက္ကသိုလ်ကြီးများရှိရာအရပ်ပါပဲ၊ စာပေတွေကို နှံ့အောင်သင်တယ် ဆိုပါစို့၊ ကိုရင်ဝတ်ဖြင့် စာပေတွေကို သင်တဲ့အခါ ဆရာတော်၏စာတ်ခံက တရားဟောပြောရေး ဝါသနာပါတာဆိုတော့ ဟိုခေတ်က အဘျော်အမော်ဝိဇ္ဇာဒယ ဆရာတော်တို့ ဦးလှသိန်းတို့ တရားပွဲတွေမှာ စာပေသင်ကြာရင်း ဆရာတော်လောင်းလျာဟာ ရှေ့ကရောက်အောင် သွားပြီး နာပါတယ်၊

ဒီတော့ ဆရာတော်ဟာ ဘာကို နားလည်သဘောပေါက်လဲလို့ဆိုလျှင် ငါစာမေးပွဲတွေ ဝင်နေလျှင် ဒီတရားတွေ ဟောနိုင်မှာမဟုတ်ဘူး၊ နှံ့စပ်မှုလည်းရှိမှာမဟုတ်ဘူး ကျမ်းနှံ့စပ်အောင် ကျမ်းရိုးပေါက်အောင် သင်နည်းရှိဘယ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆိုလျှင် စာမေးပွဲကို ဦးစားမပေးဘူး စာမတတ်ဘူးဆိုပြီးယူဆတယ် ဒီတော့ဆရာတော်ကလည်း ဒီအယူအဆမျိုးကို သဘောကျလက်ခံပြီး မန္တလေးမှာပင် တစ်ဘက်က စာသင် တစ်ဘက်က အဟောအပြောကို လေ့လာတယ်။

၁၃၂၀-ခုနှစ် အသက် ၂၀-ပြည့်တော့ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့ ခနွေလယ် ၂-နာရီ ၁၀-မိနစ်အချိန်မှာ ဇာတိညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက် ခဏ္ဍသိမ်မှာပဲရဟန်းအဖြစ်သို့ ရောက်ပါတယ်၊ ရဟန်းဒါယကာကတော့ မိဘနှစ်ပါးနှင့်ဆွေမျိုးများဖြစ်ပါတယ်၊ ဥပဇ္ဈာယ်ဆရာတော်ကတော့ ရှစ်မျက်နှာကျောင်းဆရာတော် အရှင်ဏ္ဍဝံသပါပဲ။

ရဟန်းဖြစ်ပြီးတော့ မုံရွာမဏိရတနာပုံတိုက်ရောက်တယ်၊ ၁၃၂၁ ခုနှစ်ကျတော့ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးရောက်သွားပြီး ကျမ်းရိုးစာပေတွေကို သင်ယူပါတယ် ကျမ်းရိုးကိုတစ်ခါတည်း ပိဋကသုံးပုံကို အစအဆုံးသင်လိုတဲ့ စိတ်ထားနဲ့ သင်ယူရာတွင် ဒီဃနိကာယ် မဟာဝဂ္ဂ မဟာပရိနိဗ္ဗာနသုတ် ရောက်တဲ့အခါ "မြတ်စွာဘုရားက ဘုရားရှင်ကို ပန်းနံ့သာဖြင့် ပူဇော်နေရုံဖြင့် တကယ်အမြတ်ဆုံးသော ပူဇော်ခြင်းမဟုတ်ဘူး၊ ကိုယ်ကျင့် တရားတို့ဖြင့် အားထုတ်ပြီးတော့ ပူဇော်မှ ဓမ္မပူဇာ အမြတ်ဆုံးပူဇော်ခြင်းသို့ရောက်တယ်"ဆိုတဲ့ စာပိုဒ်ကလေးကိုရောက်တဲ့အခါ "ရဟန်းငယ်လေးဘဝကပင်လျှင် ဘုရားရှင်ကိုတရားကျင့်ပြီး ပူဇော်မယ်ဆိုတဲ့ စိတ်ကူးဟာ စာသင်သားဘဝကစပြီးဖြစ်ပေါ်လာခဲ့ပါတယ်၊ကိုယ်ကျင့်တရား သည်လိုကောင်းအောင်ကြံစည်ရမယ်ဆိုတဲ့စိတ်ဖြစ်ခဲ့တယ်၊ တစ်ဘက်က စာပေမှာ တော်တော်တတ်မြောက်လာတော့ ပခုက္ကူက ကိန္နရတောင် ဘုရားကျောင်းမှာ ဓမ္မကထိကအဖွဲ့ဝင်ဖြစ်သွားတဲ့အပြင် အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌပင်ဖြစ်ခဲ့သေးတယ်။

တစ်ဘက်ကလည်း စာပေသင်ယူ၊ တစ်ဘက်ကလည်းတရားဟောခဲ့သေးတယ်၊ နောက်တော့ မဟာစည်ဆရာတော် ဘုရားကြီး ပြုစုရေးသားတော်မူတဲ့ မဟာစည်ဝိပဿနာ ရှုနည်းကျမ်းကို စာပေသမားပီပီ ဖတ်ပြီးတော့ သဘောကျလို့ ,စာတော်တော် တတ်မြောက်တဲ့အခါမှာ ၁၃၂၅-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက်နေ့ကစပြီးတော့ မဟာစည်ရိပ်သာသို့ ကြွရောက်ပြီး တရားအားထုတ်ပါတယ်။

၁၃၂၆-ခုနှစ်၊ နွေရာသီကစပြီးတော့ သရက်မြို့ အောင်မင်္ဂလာ ကျောင်းတိုက်သို့ ရောက်ရှိပါတယ်၊ တစ်ဘက်ကစာသင်တိုက်၊ တစ်ဘက်က မဟာစည်သာသနာ့ရိပ်သာကြီးပေါ့၊ အဲဒီမှာ ဓမ္မကထိကအဖြစ်ဆောင်ရွက်ခဲ့တယ်။

၁၃၂၇-ခုနှစ်မှာ မဟာစည် ပြန်ရောက်ပြီး နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ရပါတယ်၊ ၁၃၂၈-ခုနှစ် ကျတော့ ဆရာတော်ဘုရားကြီး၏အမိန့်အရ ဟင်္သာတခရိုင်၊ မဲဇလီကုန်းမြို့ မဟာစည် သာသနာ့ရိပ်သာမှာ တရားဟောတရားပြတော်မူရပါတယ်၊ ၁၃၃၀-ပြည့်နှစ်ကျတော့ မန္တလေးမြို့ စိန်ပန်းရတနာပုံ သာသနာ့ရိပ်သာမှာ လက်ထောက်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ဆောင်ရွက်ရပါတယ်၊

ဒီနောက် မော်လမြိုင်မြို့ တောင်စိုင်းကလေး မဟာစည်ရိပ်သာ၊ ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ၊ ပုသိမ်မြို့ မဟာစည်ရိပ်သာ၊ အင်း

ဓလေးဒေသ၊ အင်ကြင်းကုန်း၊ ဓမ္မပီတိကာရာမ တောရကျောင်း ရိပ်သာ များတွင် နာယက၊ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ်ဆောင်ရွက်တော်မူခဲ့ ပါတယ်၊ ၁၃၄၂-ခုနှစ်တွင် မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာ သနာ့ရိပ်သာကို တည်ထောင်၍ တရားဟောတရားပြတော်မူခဲ့ပါတယ်။

**ပစ္စည်းမသို၊ စိတ်မတို –**

ညောင်ကန်အေးဆရာတော်ဟာ "ပစ္စည်းမသို စိတ်မတို၊ ခင်ပျို့ကြီး ပွားကြောင်း" ဆိုသလို-စိတ်တိုတာမတွေ့ရပါဘူး၊ ကျွန်တော်တို့ ဒီရိပ်သာကို မကြာမကြာဆိုသလို ရောက်ပါတယ်၊ ရောက်တဲ့အခါမှာ အမြဲတမ်း၊ ပြုံးပြုံး ရွှင်ရွှင်နှင့်တွေ့ရတယ်၊ ဘယ်တော့မှ ငေါက်သံမကြားရဘူး၊ ဘယ်တော့မှ ဆူညံသံမကြားရဘူး။

ပစ္စည်းမသို-ဆိုတဲ့နေရာမှာ ကိုယ်ပိုင်တဲ့ ပစ္စည်းဥစ္စာလှူဖို့ဆိုတာ ဘယ် လောက်ခဲယဉ်းသလဲဆိုလို့ရှိလျှင် အလှူခံတွေက လိုက်ပြီး နှိုးဆော်ကြပါ တယ်၊ ဘယ်ရပ်ကွက်က ဘယ်ကျောင်းတိုက် ကထိန်ခင်းဖို့ သဒ္ဓါပေါက်သ လောက် လာရောက်ပြီး လှူတော်မူကြပါဆိုလို့ရှိလျှင် ဘာပြောတာမှတ် လို့လဲ ကလေးတွေကို "ပြောလိုက် ပြောလိုက်၊ အိမ်မှာလူကြီးမရှိဘူးလို့" ဒီလိုလာတာ၊ ဒီကြားထဲ လှူမယ်ကြံလျှင် အိတ်ကပ်ထဲ နှိုက်ကြည့်တယ်၊ အရွက်ကြီးတွေဆိုလျှင် မလှူသေးဘူး၊ ထပ်နှိုက် ထပ်ပြီးရှာ၊ နောက်ဆုံး အဲ ကျပ်တန်တွေ့မှ လှူတာ၊ စွန့်ဖို့ လွယ်တာမဟုတ်ဘူး၊ ဆရာတော်ဘုရားက တော့ သူပိုင်ဖြစ်တဲ့ ညောင်ကန်အေးသာသနာ့ရိပ်သာကြီးကို မဟာစည် ရိပ်သာများဆိုင်ရာ နာယကအဖွဲ့ကြီးကို လှူဒါန်းထားတယ်၊ ဒီအတ္ထုပ္ပတ္တိ မှာ ရေးထားတာ တွေ့ရပါတယ်။

ညောင်ကန်အေးဆရာတော် အရှင်ဣန္ဒကသည် မိမိပိုင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်ရှိ မဟာစည်ဩဝါဒခံ ညောင် ကန်အေးသာသနာ့ရိပ်သာကြီးကို အပြည်ပြည်ဆိုင်ရာမဟာစည်ရိပ်သာများ ဆိုင်ရာ နာယကအဖွဲ့ကြီးအား ၁၃၅၂-တန်ဆောင်မုန်းလဆန်း ၁၀-ရက်၊ ၁၉၇၉-ခုနှစ်၊ မွန်းလွဲ ၂-နာရီမှာ အနာဂတ် မျှော်တွေးပြီးတော့ ဆရာ တော်က ငါစွဲကင်းအောင် လှူဒါန်းထားတာပါ။

ဒီတော့ ဒီနှစ်ချက်ကပင်လျှင် ဆရာတော်ကို အင်မတန်မှ ကြည်ညို ဖွယ်ရာကောင်းပြီးတော့ ဆရာတော်ရဲပါရမီ ဓာတ်ခံ ဉာဏ်စွမ်းနှင့်ကြိုးပမ်း

တဲ့ ဝိရိယတော်တို့ကို ပူဇော်ရကျိုးနပ်ပါတယ်လို့ ပြောလျှင် လွန်ရာမကျပါဘူးလို့ သဘောထားပြီးတော့ နောက်ဆုံး ကျွန်တော်ကိုယ်တိုင် ရေးသားသီကုံးတဲ့ ဂါထာကို ကျွန်တော်နှင့်တကွ ပရိသတ်ကြီးကပါ ရွတ်ဖတ်ပူဇော်တယ်လို့ သဘောကပေါက်ပြီးတော့ အားလုံး အာရုံတစ်ပါးစိတ်မသွားဘဲ နားသောတဆင်ပြီး ပူဇော်ကြပါ။

အာယသ္မာ ဣန္ဒကတ္ထေရော၊ ဣဿရိယေန ပူဇိတော။
နာနာဓမ္မ ဂဝေသိနံ၊ ဝသန္တော ဓမ္မဒေသကော။
ဣဒါနိ ဝယေန ပတ္တော၊ စတုပညာသ ဟာယနံ။
ပဉ္စတိံသ ဝဿိကောသိ၊ ယတိသိက္ခာယ ပါကဋော။
သီလ ဝန္တော ဓိတိမာပိ၊ သိဿာနံ ဟိတကာရကော။
သော မဟာဓမ္မကထိကေန၊ ဣဿရိယေန ပူဇိတော။
တာဒိသံ တံ မဟာထေရံ၊ မယံ ပူဇေမ အာဒရံ။

ညောင်ကန်အေး ဣတိအဿမေ-ညောင်ကန်အေးသာသနာ့ရိပ်သာကြီး၌၊ ညောင်ကန်အေး ဣတိ အဿမေ-အင်းစိန်မြို့၊ အရှေ့ကြို့ကုန်းရပ်ဒေသ-ရန်ကုန်အင်းစိန်လမ်းမပေါ်မှ ညောင်ကန်အေး သာသနာ့ရိပ်သာဟု ဘောတိဘိစဝှ အမြိုက်ဆေး တရားတော်မြတ်ရေအေးတို့ကို တိုက်ကျွေးကြည်သာ ဟောပြရာဌာန ဝိဟာရ၌၊ ဝသန္တော-သီတင်းသုံးနေထိုင်တော်မူလျက်၊ ဝသန္တော - သာသနာ့တာဝန် လွန်ကျေပွန်အောင် အားသွန်ကြိုးပမ်း ထမ်းဆောင်ရှင်ပြုံး သီတင်းသုံးနေထိုင်တော်မူလျက်၊ နာနာဓမ္မဂဝေသိနံ-တရားမြတ် ပန်းရဂုံတွင် အစွမ်းကုန် ယစ်မူးလျက် အသစ်အထူးမဂ်ဖိုလ်ကို ရက်တို့တိုနှင့် ဆင်မနော်ဟု ရှင်ပျော်ပျော် စိတ်ခေါ်ထားလျက်တရားရှာသူ အများလူတို့အား၊ ဓမ္မဒေသကော-တရားကျင့်နည်းဖြင့် တဝဒေသနာဟောပြနည်းဖြင့် တစ်ဖုံကျမ်းဂန်စုံနည်းနာထုံးတို့ကို ကောင်းမွန်စွာ အသုံးပြု အနေပြသည့် ဓမ္မဒေသကတစ်ဆူ ဖြစ်တော်မူပေထသော၊ အာယသ္မာဣန္ဒကတ္ထေရော- ညောင်ကန်အေး သာသနာ့ရိပ်သာမှ တရားဟောတရားပြ ပဓာနနာယကဟု သာစွထင်ပေါ် ဘဒ္ဒန္တဣန္ဒက အမည်ရှိသောညောင်ကန်အေးဆရာတော်သည်၊ ဣဒါနိ-ပူဇော်နိုင်ရေး ရည်မြော်တွေး၍စုဝေးရှင်ပျံလှူဒါနဖြင့် ရှိကြညီညာ ပရိသတ်တွေစုံလင်သော သည်အချိန်သည်အခါ၌၊ ဝယေန-အမိဝမ်းမှ မွေးဖွားရသည့် ရက်လ နှစ်ပေါင်းဆင့်ဆင့်ဟောင်း၍ ပြောင်းလဲဆက်သွယ် သက်ရွယ်တော်အားဖြင့်၊ စတုပညာ-သ၊ ဟာယနံ-ဥတုရာသီ အလီလီတို့ကြာရှည်ခဲ့ရာ သင်္ခါရစစ်ခင်း ငါးဆယ့်လေးနှစ် အတွင်းဆိုသို့၊ ပတ္တော အဟောသိ-ရဟန်းစိနည်း ကံသီးသီးတို့

ကျင့်နည်း၊ကြံနည်း၊ စုစည်း၊ဖြိုင်ဖြိုင် ပညာရပ်ပန်း၊အခိုင်တို့ကို လှမ်းကိုင်ဆွတ်ချွေ တပည့်တွေလည်း သိပစေစိတ်ထားဖြင့် သင်ကြားပြာပြာ နည်းပေးကာလျှင် ကောင်းစွာလုံ့လ အသုံးချကူးမြောက်၍ ရောက်ရှိလို့လာခဲ့ပါပြီဘုရား၊ ယွှဘိသိက္ခာယ-သာသနာ့တာဝန် အားသွန်ကြိုးပမ်း ပျော်စွာထမ်းသည့် ရဟန်းသိက္ခာဝါတော်အားဖြင့် ပဥ္စတိံသ ဝါသိကောသိ- စာရိတ္တနှင့် ဝါရိတ္တခြုံ သီလစုံအောင်၊ ယတိသိက္ခာယ-သာသနာ့တာဝန် အားသွန်ကြိုးပမ်း ပျော်စွာထမ်းသည့် ရဟန်းသိက္ခာ ဝါတော်အားဖြင့် ပဥ္စတိံသဝဿိကောသိ-စာရိတ္တနှင့် ဝါရိတ္တခြုံ သီလစုံအောင်ဖုံဖုံကျင့်ကာ ထိန်းသိမ်းလာသဖြင့် သာသနာရှင်ပျော် သိက္ခာတော်အားဖြင့် သုံးဆယ်နှင့်ငါးဝါရှိခဲ့ပါပြီဘုရား။

သော မဟာထေရော - သိက္ခာလုံးစုံ ကိုယ်ကျင့်ဂုဏ်တို့ ပြည့်စုံထင်ရှား ထိုညောင်ကန်အေး ဆရာတော်ဘုရားသည်၊ သီလဝန္တောပိ - စာရိတ္တနှင့် ဝါရိတ္တခြုံ သီလစုံအောင် ဖုံဖုံကျင့်ကာ ထိန်းသိမ်းလာသဖြင့် ခုကာလဝါတော်ရ၍ သီလ သမာ ဓိပညာဟု သိက္ခာသုံးပါးအကျင့်တရားတို့ကြောင့် မြင့်မားသောသီလဂုဏ်လည်း ရှိပါပေသည်ဘုရား၊ ဓိတိမာပိ-ကျမ်းရိုးပေါက်နည်းပညာမှီး၍အသီးသီးသော စာပေလောကုတ္တရာ မြတ်ကျမ်းဂန်အပြာပြာတို့လွန်စွာကျွမ်းကျင် လျှမ်းလျှမ်းလွင်၍စွမ်းအင်ထူးခြားသည့် ပညာများလည်း ရှိတော်မူပါသည်ဘုရား၊ ပါကဋ္ဌောပိ - ပညာရှိကြောင်း သတင်း၊ကောင်းအသွယ်သွယ်တို့ဖြင့်တကယ်လည်းထင်ရှားတော်မူပါပေသည်ဘုရား၊ သိဿာနံ့ဟိတကာရကောပိ-ရဟန်းတပည့် လူတပည့်ဟုစရှိ၍ထွေပြား ရှင်လူအများတို့၏ စီပွားကောင်းကျိုးအမျိုးမျိုးတို့ကို တိုးတက်စေအောင် ရွက်လည်း ရွက်ဆောင်တော်မူတတ်ပါပေသည်ဘုရား။

သော မဟာထေရော-ပညာစွမ်းဟုန်တန်ခိုးဂုဏ်တို့ ပြည့်စုံထင်ရှား ဘဒ္ဒန္တဉာဏ ဟုမည်ရှိသော ထိုညောင်ကန်အေးဆရာတော်ဘုရားကို၊မဟာဓမ္မကထိကာန-ညောင်ကန်ရိပ်သာတရားဟောတရား၊ပြတည်နေရာ၌ဒေသနာမှ အားအမြိုက်ဆေးတို့ကို တိုက်ကျွေးပိပိ ဂုဏ်အရည်တို့ စုံညီသီးသီး ဒကာဒကာမတွေ ကောင်းကျိုးကြီးအောင် မငြိုးရှင်ပျံ သာသနာပြုတော်မူသည့် မြတ်ထေရဟု နာမဂုဏ်ဟိတ် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရဟူသော ဘွဲ့တံဆိပ်ဖြင့်၊ ဉာဿရိယေန ပူဇိတော - ဂုဏ်ဟိတ်အလျော် နိုင်ငံတော်က ပူဇော်ကောင်းစွာ ဂုဏ်ပြုတော်မူအပ်ခဲ့ပါပြီဘုရား။

(မိမိဘွဲ့ပူဇော်တာကို ပေါ့ပေါ့ဆေးလို့ မထင်ပါနှင့် မျက်လုံးလေးနှင့် လှမ်းပြီးပူဇော်ခြင်း သည်ပင်လျှင် သံသရာတစ်ခွင်လုံး ရှင်ပြုံးသော

မျက်နှာထားဖြစ်နိုင်သည်၊ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါး ဝေးကွာပြီးစတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရိမ္မိတဝသဝတ္တီ-နတ်ပြည်ခြောက်ထပ်နှင့် တကွ သုဒ္ဓါဝါသ ငါးဘုံအပါအဝင် ဗြဟ္မာနှစ်ဆယ်တိုင် ပေါက်ရောက်နိုင်တဲ့ တို့ရဲ့ပူဇော်မှုကုသိုလ်ကံလို့ သဘောထားပါ)။

တာဒိသံ မဟာထေရံ မဟာဓမ္မကထိက ဗဟုဇနဟိတရေ ဘွဲ့တံဆိပ်တော်ရ ထေရ်အရှင်ဟုပေါ်လွင်ထင်ရှား ဘဒ္ဒန္တဣန္ဒကအမည်ရှိသော ထိုညောင်ကန်အေး ဆရာတော်ဘုရားကို၊ ဒါနိဣဒါနိ-၁၃၅၄-ခုနှစ်အတွင်း ရွှေယင်းမာ ကြိုင်ကြိုင်သင်းပါသည့် တော်သလင်းလပြည့်ကျော် ၉-ရက် နေ့လယ်ဘက်ဟု နှစ်သက်ဖွယ်ရာ ပရိသတ်စုံလင်သော သည်အချိန် သည်အခါ၌၊ မယံ-အပည့်တော်တို့သည်၊ မယံ-ပူဇော်လိုသော အာရုံဇောကြောင့် ရွှင်မောရွှင်ပျ တူဆန္ဒဖြင့် လာကြဖူးမြော် တပည့်တော်တို့သည်၊ အာဒရံ-ကိုယ်နှုတ်နှလုံး သုံးပါးကြည်သာ ရှိသေစွာလျှင်၊ ပူဇေမ-(ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်တာကို အာမိသပူဇော်တယ်လို့ ခေါ်ပါတယ်၊ သီထဆောက်တည်ခြင်း ဖူးမြော်ခြင်း စတဲ့ ကိုယ်ကျင့်တို့ဖြင့် ပူဇော်တာကို ဓမ္မပူဇာလို့ခေါ်ပါတယ်)၊ ပူဇေမ-အာမိသဓမ္မ ဤနှစ်ဝဖြင့် ထေရဂုဏ်တော်သို့ ရည်ရော်၍ ဖူးမြော်ရွှင်စွာ ညီတညာဖြင့် ကောင်းစွာညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါကုန်သည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

သာဓု....သာဓု....သာဓု....။

ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ
ပဓာန နာယက အဘိဓမ္မပါဠိပါရဂူ သိရီပဝရဓမ္မာစရိယ
ဆရာတော်အရှင်ကုဏ္ဍလမထေရ် ရေးသားဂုဏ်ပြု၍
မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ
အမျိုးသမီးဝေယျာဝစ္စ အဖွဲ့ဝင်များ ရွတ်ဖတ်ပူဇော်အပ်သော

# မေတ္တာဆန္ဒမွန် လင်္ကာများ

---

ညောင်ကန်အေးမှာ သာသနာ ကောင်းစွာပြုသည့်ဆရာတော်၊
အင်းစိန်မြို့မှာ သာသနာ ကောင်းစွာပြုသည့်ဆရာတော်၊
ရန်ကုန်မြို့မှာ သာသနာ ကောင်းစွာပြုသည့်ဆရာတော်၊
နိုင်ငံခြားမှာ သာသနာ ကောင်းစွာပြုသည့်ဆရာတော်၊
မြန်မာပြည်ဝယ် ဂုဏ်မြင့်ကြွယ် တင့်တယ်လှသည့်ဆရာတော်၊
မဟာဓမ္မကထိက ဘွဲ့ပုံရ ပိုင်သပါသည့်ဆရာတော်၊
မဟာများမြတ် ပူဇော်အပ် သင့်လတ်ပါသည့်ဆရာတော်၊
ကမ္မဋ္ဌာန တိကျစွာ ညွှန်ကြားပြသည့်ဆရာတော်၊
စရိယဖြာဖြာ လေးစားစွာ ညွှန်ကြားပြသည့်ဆရာတော်၊
ပရိယတ်-ပဋိပတ် ဝန်နှစ်ရပ် ဆောင်လတ်ပါသည့်ဆရာတော်၊
သီလ သမာ မြတ်ပညာ စုံစွာတင့်သည့်ဆရာတော်၊
ညောင်ကန်အေးပျော် ဆရာတော် ရာကျော်သက်တမ်းရှည်ပါစေ၊
အင်းစိန်ထင်ပေါ် ဆရာတော် ရာကျော်သက်တမ်းရှည်ပါစေ၊
ရန်ကုန်ထင်ပေါ် ဆရာတော် ရာကျော်သက်တမ်း ရှည်ပါစေ၊
နိုင်ငံခြားထင်ပေါ် ဆရာတော် ရာကျော်သက်တမ်းရှည်ပါစေ၊
ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါ ပိန်းကြာရေသို့ စင်ပါစေ၊
ဂုဏ်နံ့ မယွင်း လိုင်သတင်း ကြိုင်သင်းပြန့်ပါစေ၊
ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့လင်းပါစေ၊
မနောစိတ်ကြည်၊ တောင်းဆုရည် ငွေခြည်စန်းသို့ ပြည့်ပါစေ၊
မင်္ဂလာဆင့်ဆင့် မြင့်ထက်မြင့် အသင့်တိုးပါစေ။

## ပူဇော်အဆင့်ဆင့် မြင့်ထက်မြင့်

# ဒေဝတာသုတ်တရားတော်

"ဒေဝတာသုတ်တော်ဆိုတာ နတ်များ လာလျှောက်တဲ့အကြောင်းကို ရဟန်းတော်များအား မြတ်စွာဘုရားက ပြန်ပြောင်းဟောကြားတော်မူတဲ့တရားတော်ပါပဲ၊ အခါတစ်ပါး မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်တုန်းက ယခုလို ညသန်းခေါင်းယာမ် အချိန်မှာ များစွာသောနတ်အုပ်စု ၉-စုတို့ဟာ မြတ်စွာဘုရားထံ လာရောက်ပြီး တစ်အုပ်စုပြီးတစ်အုပ်စု အစဉ်အတိုင်း လျှောက်ထားကြပါတယ်။

သူတို့လျှောက်ထားချက်များကတော့ သူတို့ လူ့ပြည်မှာလူဖြစ်စဉ်တုန်းက ရဟန်းတော်တွေ အိမ်ကြွလာစဉ် ပူဇော်ခဲ့ကြတဲ့ ကျင့်ဝတ်တရားတွေပါပဲ၊ အဲဒီကျင့်ဝတ်တရားတော်တွေကို ကျင့်ခဲ့ကြပြီးနောက် သူတို့တတွေဟာ လူ့ပြည်ကစုံတေပြီးတော့ ယခုနတ်ပြည်ရောက်ပြီး နတ်ဖြစ်ကြရတဲ့အကြောင်းများ ဖြစ်တယ်၊ ထူးတာကတော့ ပထမဆုံးလျှောက်ထားတဲ့နတ်အုပ်စုတွေက ပထမဆုံးကျင့်ဝတ်တရားတွေကိုသာ ကျင့်ခဲ့ကြတယ်၊ဒုတိယနတ်အုပ်စုက ပထမကျင့်ဝတ်ရော ဒုတိယကျင့်ဝတ်ပါ ကျင့်ဝတ်နှစ်ပါးသာ ကျင့်ခဲ့ရတယ်၊ ထို့အတူ တတိယအုပ်စုက ၃-ပါး၊ စတုတ္ထအုပ်စုက၄-ပါး၊ ပဉ္စမအုပ်စုက ၅-ပါး၊ ဆဋ္ဌမအုပ်စုက ၆-ပါး၊ သတ္တမအုပ်စုက ၇-ပါး၊ အဋ္ဌမအုပ်စုက ၈-ပါးစီသာ အသီးသီးကျင့်ခဲ့ကြရတယ်၊ နောက်ဆုံးနဝမအုပ်စုကတော့ ၉-ပါးလုံး အပြည့်အစုံ ကျင့်ခဲ့နိုင်တယ်။

အဲဒီပထမအုပ်စုကနေ အဋ္ဌမအုပ်စုအထိ တစ်ပါးစီ တစ်ပါးစီသာလာပြီးကျင့်ကြံခဲ့ကြတဲ့နတ်တွေဟာ နတ်ဖြစ်လာတော့လဲတစ်ဆင့်နှင့်တစ်ဆင့် အညံ့အကောင်း စည်းစိမ်တွေကို ခံစားကြရတယ်၊ အဆင့်တန်းနိမ့်မြင့်အဆင့်ဆင့် ကွာခြားကြတယ်၊ ၈-ပါးသာ ကျင့်ခဲ့ကြတဲ့ နတ်တွေကလဲ သူ့အောက်လျော့နည်းပြီး ကျင့်ခဲ့ကြတဲ့နတ်တွေထက်တော့စည်းစိမ်သာပါရဲ့၊ဒါပေမယ့်ကိုးပါးလုံး အပြည့်အစုံကျင့်ခဲ့ကြတဲ့ နတ်တွေလောက်တော့ အဆင့်အတန်းမမြင့်ကြဘူး၊ ဒါကြောင့်သူတို့နတ်အုပ်စု ၈-စုလုံးဟာ"တပည့်တော်တို့ဟာ လူ့ဘဝတုန်းကကျင့်ဝတ်မပြည့်စုံခဲ့ကြလို့ ကိုယ့်ထက်သာတဲ့နတ်တွေ ရှိနေကြလို့ အောက်တန်းစားနတ်များသာ ဖြစ်ကြရတာကြောင့် နှလုံးစိတ်ဝမ်းမချမ်းမြေ့ကြပါဘုရား နောင်တ တစ်ဖန် ပူပန်ကြရပါတယ်ဘုရား" လို့ မြတ်စွာဘုရားကို အသီးသီးလျှောက်ထားကြပါတယ်။

နောက်ဆုံးနဝမမြောက် လျှောက်ထားတဲ့ နတ်အုပ်စုများကတော့ "တပည့်တော်များဟာ လူ့ဘဝတုန်းက ရဟန်းတော်များ အိမ်ကြွလာစဉ် ကျင့်ဝတ် ၉-ပါးလုံး အပြည့်အစုံကျင့်ခဲ့ကြလို့ နတ်ဘဝရောက်တဲ့အခါ အဆင့်အတန်း အမြင့်ဆုံးနတ်များ ဖြစ်ကြရပါတယ်၊ ဒါကြောင့် နှလုံးစိတ်ဝမ်းချမ်းမြေ့ ပျော်ရွှင်စွာနဲ့ နောင်တ တစ်ဖန် မပူပန်ဘဲနေကြရပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။

အဲဒီနတ်တွေ လူ့ဘဝတုန်းကကျင့်ခဲ့ကြလို့ နတ်ဖြစ်ကြရတဲ့ နတ်ဖြစ်ကြောင်း တရားကျင့်ဝတ်၉-ပါးကတော့ ရဟန်းတော်တွေအိမ်ကြွလာတဲ့အခါ—

၁။ ခရီးဦးကြိုဆိုခြင်းက တစ်ပါး၊
၂။ ရှိခိုးခြင်းက တစ်ပါး၊
၃။ နေရာပေးခြင်းကတစ်ပါး၊
၄။ စွမ်းနိုင်သမျှဝေဖန်ခွဲခြမ်း လှူဒါန်းခြင်းက တစ်ပါး၊
၅။ တရားနာရန် ချဉ်းကပ်ခြင်းကတစ်ပါး၊
၆။ နားစိုက်၍နာကြားခြင်းကတစ်ပါး၊
၇။ နာပြီးတရားကိုဆောင်မှတ်ထားခြင်းကတစ်ပါး၊
၈။ ဆောင်မှတ်ထားတဲ့ တရားရဲ့အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်ခြင်းကတစ်ပါး၊
၉။ အဲဒီတရားနည်းလမ်းကိုသိပြီး လောကုတ္တရာတရားကိုးပါးအားလျော်ကန်တဲ့အကျင့်ကိုကျင့်ခြင်းကတစ်ပါး၊
အားလုံး ၉-ပါးဖြစ်တယ်။

အဲဒီကျင့်ဝတ်တွေကို မှတ်မိအောင် ဘုန်းကြီးက ဆောင်ပုဒ်ချပေးပါဦးမယ်၊ ကဲ - အားလုံးလိုက်ဆိုကြပါ။

၁။ ကြိုရှိခိုးရေး နေရာပေး ကျွေးမွေး ချဉ်းကပ်သည်။
၂။ ကြားနာ ဆောင်မှတ် ဆင်ခြင်လတ် အမြတ် ကျင့်သုံးသည်။
၃။ ကျင့်ဝတ်ကိုးထွေ မစုံလေ နတ်တွေပူကြသည်။
၄။ ကျင့်ဝတ်ကိုးထွေ စုံလင်ပေ နတ်တွေပျော်ကြသည်။
၅။ နတ်လောကမှာ ပျော်ဖို့ရာ စုံစွာတို့ကျင့်မည်။

အဲဒီလိုနတ်များ လျှောက်ထားပုံအလုံးစုံကို မြတ်စွာဘုရားက ရဟန်းများအား ပြန်လည်ဟောကြားတော်မူပါတယ်၊ ဟောကြားပြီးရဟန်းများကို ဆိတ်ငြိမ်ရာ ချဉ်းကပ်ပြီး မမေ့သောသတိတရားနဲ့တရားကိုကြိုးစား

အားထုတ်ကြဖို့ပါ တစ်ဆက်တည်း သတိပေးတိုက်တွန်းမိန့်ကြားတော်မူပါတယ်၊ အဲဒါဟာ ဒေဝတာသုတ်ဘုရားတော် အကျဉ်းချုပ်ပါပဲ (၎င်းသုတ်အကျယ်ကို နဝင်္ဂတ္တရ ဒေဝတာသုတ်နှင့် ညောင်ကန်အရှင်ဣန္ဒကာ၏ ဗုဒ္ဓမမွဆောင်းပါးများ စာအုပ်တို့၌ ကြည့်ရှုနိုင်ပါသည်။ ■)

မှတ်ချက်။ ။[ညောင်ကန် အရှင်ဇနက၏ ''မိုးကုတ် မိုးမိတ် မအူပင် မဟာစည်
ဒေသနာခရီးမှ ကောက်နုတ်ချက်]

---

# တရားတိုးတက်အောင်ကျင့်နည်းတရားတော်

မေး။ ။သီရိလင်္ကာနိုင်ငံ၊ကဏ္ဍုပေဝဝ ကမ္မဋ္ဌာနာဝစရိယ ဆရာဉပါလိက "မနေ့ညက အရှင်ဘုရားဟောကြားသော တရားတွင် သတိပဋ္ဌာန် တရားကို ကျင့်ပွားသူယောဂီဟာ သတိပဋ္ဌာန်အကျိုး ၇-မျိုးကို ၇-ရက်မှ ၇-နှစ်အတွင်း ရနိုင်ကြောင်းနှင့် ဘုရားရှင်က အာမခံပေးထားကြောင်းကို ကြားနာရပါတယ် ဘုရား၊ တပည့်ဒကာမျာ းဟာ နှစ်ပေါင်းများစွာ အားထုတ်ကြပါသော်လည်း မှန်းထားသလောက်တရားမရကြပါ၊ အဲဒါ တရားတိုးတက်အောင် ဘယ်လိုကျင့်ရပါမလဲဘုရားဟု မေးလျှောက်ပါသည်။

ဖြေ။ ။တရားထူးရရန်အတွက် နည်းလမ်းမှန်ကန်ပြီး ဆရာညွှန်ကြားချက်အတိုင်း အပြည့်အဝ လိုက်နာကျင့်ပွားရပါမည်၊ အထူးအားဖြင့် တရားကို ကမ္မဋ္ဌာန်းဆရာများက ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၂-၂၄၈)၌ လာတဲ့ ဣန္ဒြေထက်ကြောင်းတရား ၉-ပါးဟောကြားပြပြင်ပေးရပါတယ်။

## ဣန္ဒြေငါးပါး

မြတ်စွာဘုရားက တရားထူးရလိုသူယောဂီဟာ ဣန္ဒြေငါးပါး ညီညွတ်ထက်မြက်ရမယ်-လို့ ဟောကြားတော်မူပါတယ်၊ ဣန္ဒြေငါးပါးဆိုတာက—

၁။ ဘုရား တရား သံဃာကို ယုံကြည်မှု-သဒ္ဓိန္ဒြေ။

၂။ ဖြစ်ပေါ်တိုင်းသော ရုပ်နာမ်များကို မပြတ်ရှုမှတ်သော သတိရမှု-သတိန္ဒြေ။

၃။ ရှုမှတ်ရာ ရှုမှတ်ရာ အာရုံမှာသာ အမှတ်သတိ စူးစိုက်တည်ကြည်မှု-သမာဓိန္ဒြေ။

၄။ တရားကို မရမချင်း ကြိုးစားအားထုတ်မှု-ဝီရိယိန္ဒြေ။

၅။ ဖြစ်ပေါ် ပျောက်ပျက်သော ရုပ်နာမ်ကိုအမှန်အတိုင်း သိမြင်မှု ပညိန္ဒြေဆိုတဲ့တရားငါးပါးပါပဲ၊ အဲဒီ တရားငါးပါး ညီညွတ်ထက်မြက်ရင် တရား တိုးတက်ပါတယ်။

## ဈာမဂ်ထက်ကြောင်း ၅-ပါး

အဲဒီ ဈာနင်္ဂါးပါးထက်မြက်ကြောင်း အင်္ဂါက ကိုးပါးရှိပါတယ်။

### ၁။ ပေါ်တိုင်းရုပ်နာမ် ချုပ်ပျက်ဟန် ကောင်းသိရမည်။

ဥပ္ပန္နုပ္ပန္နာနံ သင်္ခါရာနံ ဝယဝယမေဝ ပဿတိ-ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော ရုပ်နာမ်သင်္ခါရတို့၏ ကုန်ခြင်း ပျက်ခြင်းကိုသာ ရှုသိရမယ်တဲ့။

ဒွါရနှင့် အာရုံဆိုတိုင်း ဖြစ်ပေါ် ပျောက်ပျက်နေတဲ့ ဥပါဒါန်ရဲ့ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးတို့၏ အစဖြစ်ပေါ်မှုမှစ၍ အဆုံးသတ်ကုန်ပျက်သွားပုံကိုပါ သိအောင် ရှုမှတ်ရမယ်။

### ၂။ ရှုမှတ်မှုမှာ ရိုသေကာ ကောင်းစွာပြုရမည်။

တတ္ထ စ သက္ကစ္စကိရိယာယ သမ္ပာဒေတိ - ထိုဖြစ်ပျက်ကို ရှုရာ၌ ရိုသေစွာပြုခြင်းဖြင့်လည်း ဝိပဿနာဉာဏ်ကို ပြီးစေပါတယ်တဲ့။

တရားရှုမှတ်တဲ့အခါမှာ ရိုရိုသေသေ လေးလေးစားစား ရှုမှတ်ရပါမယ်၊ ဒီနေရာမှာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ ဇနပဒကလျာဏီသုတ်ဆိုတာကို မှတ်သားလိုက်နာသင့်ပါတယ်။

ဥပမာအားဖြင့် ရွာလမ်းဆုံ တစ်နေရာတွင် ဇနပုဒ် မယ်ဘွဲ့ရထားတဲ့ အလှဆုံးအမျိုးသမီးတစ်ယောက်ဟာ ပွဲသဘင်ကျင်းပပြီး သီဆိုကပြနေတယ်ဆိုပါတော့တဲ့၊ အဲဒီအလှမယ်ပွဲသဘင်ကိုတစ်ရွာလုံး တစ်နယ်လုံးသွားရောက်ကြည့်ရှုနေတဲ့ အခါတွင် ရှင်ဘုရင်က သေစားသေရန် ဖြစ်မှုရှိတဲ့ ရာဇဝတ်သားတစ်ယောက်ကို ထောင်တွင်းမှ ထုတ်လာပါတယ်တဲ့၊ နောက်ပြီး ပြောလိုက်တာက—

"အမောင်ယောကျ်ား၊ သင်ဟာ ဟောဒီနှုတ်ခမ်းအနားရစ် ပြည့်နေတဲ့ ဆီခွက်ကို မဖိတ်မစဉ်အောင် ဇနပဒကလျာဏီဇနပုဒ်မယ် သီဆိုကပြနေတဲ့ပွဲခင်းအလယ်ကနေဖြတ်ပြီး ဟိုဘက်ပွဲခင်းအဆုံးရောက်အောင်ဆောင်သွားနိုင်ရင် သင့်အား ယခုကျရောက်နေတဲ့ သေစားသေစေပြစ်မှုမှ လုံးဝကင်းလွတ်ခွင့်ပေးမယ်၊ အကယ်၍ သင့်လက်တွင်းက ဆီခွက်ထဲက ဆီတစ်စက်လောက်ဖိတ်စဉ်ကျသွားရင်တော့ အဲဒီဖိတ်စဉ်တဲ့နေရာတွင် သင့်ရဲ့ဦးခေါင်းကိုဖြတ်ပြီး သတ်ဖို့ရာ အာဏာသား တစ်ယောက်ဟာ ဓားမိုးပြီး သင့်နောက်က အသင့်လိုက်လာလေရဲ့" လို့ ရှင်ဘုရင်က ခေါ်ထားစေလွှတ်လိုက်ပါသတဲ့။

အဲဒီသုတ္တန်မှာ ပုထုဇဉ်ယောဂီနဲ့ ရာဇဝတ်သားနဲ့တူတယ်၊ ဆီခွက်နဲ့ ကာယဂတာသတိနဲ့တူတယ်၊ နိဗ္ဗာန ငါးပါးနဲ့ ပွဲလမ်းသဘင်နဲ့ တူတယ်၊ သေခြင်းတရားနဲ့ အာရုံအသားနဲ့တူတယ်၊ လိုရင်းကတော့ ဆီခွက်ဆောင်သူ ရာဇဝတ်သားဟာ ဆီဖိတ်လျှင် သေမှာ၊ ဆီမဖိတ်လျှင် အသေလွတ်မှာကိုသိပြီး ဆီခွက်ကို ရိုရိုသေသေဆောင်ယူရမည် ဖြစ်သလိုပင် တရားရှုပွားတဲ့ ယောဂီဟာလဲပဲ အမှတ်လွတ်ရင် ကိလေသာဝင်ပြီး အသေသံသရာမှ မလွတ်နိုင်ပုံ၊ အမှတ်မလွတ်ဘဲ သတိမြဲလျှင် တရားထူးရပြီး အသေသံသရာလွတ်နိုင်ပုံကိုသိမြင်ပြီး တရားကို ရိုရိုသေသေရှုမှတ်ဖို့ အရေးကြီးပါတယ်၊ ရိုရိုသေသေရှုမှတ်လျှင် တရားတိုးတက်ပါမယ်၊ ယခုအခါ မြင်လွယ်တဲ့ ဥပမာပြရရင် ကြိုးတန်းလျှောက်တဲ့သူလိုပင် ယောဂီဟာ ရိုသေလေးစားစွာ တရားရှုမှတ်ရပါမယ်။

၃။ မနားမရပ် ခြားမပြတ် ရှုမှတ်မြဲရမည်။

သာတစ္စကိရိယာယ သမ္မာဒေတိ-မနားမရပ် ခြားမပြတ် တစ်စပ်တည်း ရှုမှတ်ခြင်းဖြင့်လည်း ဝိပဿနာဉာဏ်ကို ပြီးစေပါတယ်တဲ့။

ဒီနေရာမှာ မြတ်စွာဘုရားက ဟောကြားတော်မူတဲ့ မီးပွတ်တဲ့သူကဲ့သို့ ရှုမှတ်ရမယ်ဆိုတာကို မှတ်သားလိုက်နာသင့်ပါတယ်၊ ရှေးခေတ်မီးခြစ်မပေါ်မီက မီးကိုလိုချင်လျှင် သစ်သားခြောက်နှစ်ခုကို မီးမထွက်မချင်း ပွတ်တိုက်ရပါတယ်၊ မီးမထွက်ခင် ညောင်းတယ်ဆိုပြီး ရပ်နားမိရင် အရှိန်ပျက်အေးစက်သွားလို့ နောက်တစ်ခါပြန်ပွတ်လျှင်လည်း အစကပြန်ပွတ်ရပါတယ်၊ အရေးကြီးဟာကတော့ မီးမထွက်မချင်း မောပန်းသော်လည်း မနားဘဲနဲ့ ဇွဲကောင်းကောင်းထားပြီးတော့ ကြိုးစားပွတ်က မီးထွက်ပါတယ်။

ထိုနည်းတူပင် တရားရှုမှတ်တဲ့ယောဂီဟာ တရားမရမချင်း မရပ်မနားဘဲ တစ်ဆက်တည်း ရှုမှတ်သွားမှ တရားရနိုင်ပါတယ်၊ နောက်ထပ်ဥပမာတစ်ခုပြောရလျှင် ချောတိုင်တက်တဲ့လူလို လှေပြိုင်ပွဲဆင်တဲ့လူလို ပန်းတိုင်မရောက်မချင်း မရပ်မနားဘဲ ဇွဲကောင်းကောင်းနဲ့ ကြိုးစားလျှင် ပန်းတိုင်ရောက်သလိုပါပဲ၊ တရားရှုမှတ်တဲ့ ယောဂီဟာလဲ အဲသည်လိုကြိုးစားလျှင် တရားကို မုချရနိုင်ပါတယ်။

၄။ သင့်လျော်လှစွာ ခုနစ်ဖြာ ကောင်းစွာမှီရမည်။

သပ္ပါယ ကိရိယာယ သမ္မာဒေတိ- သင့်လျော် လျောက်ပတ်သည်ကို သာ ပြုခြင်းဖြင့်လဲ ဝိပဿနာဉာဏ်ကို ပြီးစေပါတယ်တဲ့။

တရားအားထုတ်သူ ယောဂီများ လိုက်နာပြုလုပ်သင့်တဲ့ သပ္ပာယ ၇-ပါးဆိုတာရှိတယ်။

သပ္ပါယ ၇-ပါးက—

၁။ ယောဂီနဲ့သင့်လျော်တဲ့ကျောင်း။
၂။ ယောဂီနဲ့သင့်လျော်တဲ့ ကျက်စားရာအာရုံ။
၃။ ယောဂီနဲ့သင့်လျော်တဲ့စကား။
၄။ ယောဂီနဲ့သင့်လျော်တဲ့ပုဂ္ဂိုလ်။
၅။ ယောဂီနဲ့သင့်လျော်တဲ့အစားအစာ။
၆။ ယောဂီနဲ့သင့်လျော်တဲ့ အပူအအေး ဥတု။
၇။ ယောဂီနဲ့သင့်လျော်တဲ့ ဣရိယာပုတ်တို့ဖြစ်တယ်၊ ဒါတွေကိုသာ မှီဝဲရမယ်တဲ့၊

ယောဂီနဲ့သင့်လျော်တယ်ဆိုတာက တရားရစေနိုင်လို့ သင့်တော်တာပဲ ယောဂီနဲ့မသင့်လျော်ဘူးဆိုတာက တရားမရစေနိုင်လို့ မသင့်တော်တာပဲ၊ အဲဒီတော့တရားရစေနိုင်တဲ့ သပ္ပာယ ၇-မျိုးကို မှီဝဲခြင်းဖြင့် တရားတိုးတက်နိုင်ပါတယ်။

၅။ စိတ်တည်ကြည်ကြောင်း နိမိတ်ကောင်း၊ ကောင်းကောင်း မှတ်ရမည်။

သမာဓိဿ စ နိမိတ္တဂ္ဂါဟေန သမ္မာဒေတိ-ဝိပဿနာ သမာဓိဖြစ်ကြောင်းကို မှတ်သား(ကျင့်သုံး) ခြင်းဖြင့်လည်း ဝိပဿနာဉာဏ်ကို ပြီးစေပါတယ်တဲ့။

"မုဆိုးစိုင်သင်"ဆိုတာ အတွေ့အကြုံအများကို သိမြင်၍ အမှန်ကို သိမြင်သွားတယ်ဆိုတာလိုပါပဲ ထို့အတူ တရားရှုမှတ်တဲ့အတွေ့အကြုံ ရလာတဲ့ယောဂီဟာ စကြံရှုမှတ်များပြီး အထိုင်နည်းလာလျှင် သမာဓိကျလာတယ်၊ ဒါကြောင့် စင်္ကြံနှင့်ရှုမှတ်မှုကို ညီမျှအောင် ရှုမှတ်ရမယ်။

တရားရှုမှတ်ပြီး ရပ်နားပြီးစကားပြောလျှင် သမာဓိပျက်ပြယ်တယ်၊ မရပ်မနားဘဲမှန်မှန်ရှုမှတ်ပြီး စကားမပြောဘဲ ရှုမှတ်မှသာလျှင် သမာဓိရတယ်စသည်ဖြင့် ယောဂီဟာအများကိုမြင်ပြီး အမှန်ကိုသိကာရှုမှတ်တတ်လာတယ်၊ အဲဒီလိုစိတ်တည်ကြည်မှုသမာဓိရသောနည်းများကို တရားရှုမှတ်ရင်းပင် အတွေ့အကြုံအရမှတ်သားပြီး ကျင့်သုံးသွားတတ်လာတယ်၊အဲဒီလို မှတ်သားပြုပြင်တတ်ရင် သမာဓိရပြီး ဉာဏ်လဲတိုးတက်လာပါတယ်။

၆။ သင့်လျော် လျောက်ပတ် ဗောဇ္ဈင်မြတ် မပြတ် သွားရမည်။

ဗောဇ္ဈင်္ဂါနုဋ္ဌ အနုပဝတ္တနတာယ သမ္မာဒေတိ-ဗောဇ္ဈင်တရားတို့ကို လျော်စွာ ဖြစ်စေခြင်းဖြင့်လဲ ဝိပဿနာဉာဏ်ကိုပြီးစေပါတယ်တဲ့၊ ဗောဇ္ဈင် တရားဆိုတာ အရိယမဂ်ဉာဏ်ရဲ့ အသင်းအဖွဲ့ပဲ၊ အရိယမဂ်ဉာဏ်ရကြောင်း အစိတ်အပိုင်းပဲ၊ဗောဇ္ဈင်ပွားမှသာလျှင် မဂ်ဉာဏ်ကိုရနိုင်ပါတယ်၊ ဒီဗောဇ္ဈင် တရားတွေဟာ တရားရှုမှတ်မှုအချိန်ရလို့ သမာဓိဉာဏ်ထက်သန်တဲ့ယောဂီရဲ့ သန္တာန်မှာ ဖြစ်ပေါ်လာမြဲပါပဲ၊ ဗောဇ္ဈင် ၇-ပါး ရှိပါတယ်။

ဗောဇ္ဈင် ၇-ပါးဆိုတာ....

၁။ ဒွါရနှင့်အာရုံဆုံတဲ့အခါမှာ ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ဥပါဒါန်ရဲ့အာရုံဖြစ်တဲ့ ရုပ်နာမ်တရားတွေကို 'မြင်တယ်ကြားတယ်'စသည်ဖြင့် ပေါ်တိုင်းမပြတ်ရှုမှတ်နိုင်မှုဟာ သတိသမ္ဗောဇ္ဈင်ပါပဲ။

၂။ အဲဒီလို ပေါ်တိုင်း မပြတ်ရုပ်နာမ်ခတ်ကို ရှုမှတ်နိုင်မှုကြောင့် မှတ်ချက်ဘိုင်းပင် ရုပ်နာမ်ကြောင်းမျိုး အနိစ္စဒုက္ခအနတ္တ တစ်မျိုးမျိုးကို ပြတ်သားစွာသိမှုဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါပဲ။

၃။ အဲဒီလို သတိ, ဓမ္မဝိစယ, ဝီရိယတွေ ဖြစ်ပေါ်လာတဲ့အခါတွင် ယောဂီဟာ ဝမ်းသာပြီး တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ကာ ကြက်သီးမွေးညင်း များ ထလာအောင် ချမ်းသာလာမှုဟာ ပီတိသမ္ဗောဇ္ဈင်ပါပဲ။

၄။ အဲဒီလိုအမှတ်သတိနှင့် အမှန်သိမှုများဖြစ်ပွားတိုးတက်အောင် မပြတ် ကြောင့်ကြစိုက်အားထုတ်နေမှုက ဝီရိယသမ္ဗောဇ္ဈင်ပဲ။

၅။ အဲဒီလို အမှတ်အသိ ကြိုးစားမှု ဝမ်းသာမှု ချမ်းသာမှု များ အားကောင်းတည်ငြိမ်လာတဲ့ အခါမှာကိုယ်ရောစိတ်ပါ ငြိမ်းချမ်းအေးမြ နေမှုဟာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ပါပဲ။

၆။ အဲဒီလိုအမှတ်အသိကြိုးစားမှု ဝမ်းသာချမ်းသာမှု အေးငြိမ်းမှု အားကောင်းလာတဲ့အခါမှာ ကိုယ်ရောစိတ်ပါ မလှုပ်မယှက်တည်ငြိမ်မှုဟာ သမာဓိသမ္ဗောဇ္ဈင်ပါပဲ။

၇။ အဲဒီလို သတိ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိများ အလွန် အားကောင်းနိုင်နင်းလာတဲ့အခါမှာ ယောဂီဟာ အထူးကြောင့်ကြစိုက် မရှုမှတ်ရတော့ဘဲ သူ့အချိန်နဲ့သူ သက်သက်သာသာ ရှုမှတ်လျက်သား ဖြစ် နေမှုဟာ ဥပေက္ခာသမ္ဗောဇ္ဈင်ပါပဲ။

ဒီဗောဇ္ဈင်တရားတွေဟာ အများအားဖြင့် ဥဒယဗ္ဗယဉာဏ်နဲ့ သင်္ခါရု- ပေက္ခာဉာဏ်ပိုင်းရောက်တဲ့ ယောဂီတွေရဲ့သန္တာန်မှာ အဖြစ်များပါတယ်၊

ယောဂီဟာ ရှုမှတ်မှုဘာဝနာစိတ် လျော့ပါးလျှင် ပီတိ ဝီရိယ ဓမ္မဝိစယ သမ္ဗောဇ္ဈင်များကိုဖြစ်ပွားအောင် ရှုမှတ်ရပါတယ်၊ ယောဂီဟာရှုမှတ်မှု ဘာဝနာစိတ် တက်ကြွပျံ့လွင့်နေလျှင် ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင် များကို ဖြစ်ပွားအောင် ရှုမှတ်ရပါတယ်။

သတိသမ္ဗောဇ္ဈင်ကတော့ ပိုတယ်မရှိဘဲ အမြဲတမ်းလိုအပ်နေပါတယ် ဘာဝနာစိတ် လျော့ပါးလျှင်လဲ သတိဦးစီးတဲ့ပီတိ,ဝီရိယ,ဓမ္မဝိစယတို့နဲ့ မြှင့် တင်ပေးရပါတယ်၊ဘာဝနာစိတ်တက်ကြွပျံ့လွင့်လျှင်လဲ သတိဦးစီးတဲ့ ပဿဒ္ဓိ သမာဓိ ဥပေက္ခာဗောဇ္ဈင်များနဲ့ ထိန်းပေးရပါတယ်၊ အဲဒီလို ရှုမှတ်တတ် အောင် ကမ္မဋ္ဌာန်းဆရာများက ကွပ်ကဲညွှန်ကြားပေးရပါတယ်၊ ဒီအခါ တရားတွေကို တိုးတက်ရနိုင်ပါတယ်။

၇။ ကိုယ်နှင့်အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်။

**ကာယေစ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေတိ** – ကိုယ်၌လည်း ကောင်း၊ အသက်၌လည်းကောင်း မငဲ့ကွက်မတွယ်တာခြင်းကို ဖြစ်စေ ရမယ်၊ ဒီလိုဖြစ်စေခြင်းဖြင့် ဝိပဿနာဉာဏ်ကို ပြီးစေရမယ်တဲ့။

ဒါကလဲအရေးကြီးပါတယ်၊ ဝိပဿနာတရား ကြိုးစားအားထုတ်သူ ဟာ ခန္ဓာကိုယ်နှင့်အသက်ကိုငဲ့ကွက်တွယ်တာနေလျှင် ဘယ်မှာတရားရနိုင်ပါ့ မလဲ၊ ဆရာမှန် ဘုရားဟောတရားကို ရထားသူယောဂီဟာ သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံအားထုတ်ရတယ်၊ဒီနေရာတွင်မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ မှာ ပါတဲ့ သာဝတ္ထိပြည်သား ဦးတိဿဆိုတဲ့ ရဟန်းတော်တစ်ပါးဟာ မိမိ တရားအားထုတ်ရာ တောထဲတွင်လာပြီးမိမိအားသတ်ရန် ဝိုင်းထားတဲ့ သူခိုး ဓားပြတို့အား ကိုယ့်ပေါင်ကိုကျောက်ခဲနဲ့ရိုက်ချိုးပြီး ယနေ့တစ်ညဝါဘယ် ကိုမှမသွားပါဘူးလို့အာမခံပေးကာ တရားအားထုတ်၍ရဟန္တာအဖြစ်နဲ့ပရိ နိဗ္ဗာန်စံသွားပုံကိုလဲ စံထားအားကျယုံကြည်ကြိုးစားသင့်ပါတယ်။

တစ်ခါတုန်းက ရဟန်းတော် ၃၀-တို့ဟာ ကျားရဲတောမှာသွားပြီး တရားအားထုတ်ကြတယ်၊ ထိုတွင် ရဟန်းတစ်ပါးဟာ ညအခါအိပ်ငိုက် နေစဉ် ကျားကဆွဲသွားပြီး "ကမ်းပါးပြတ်တစ်ဘက်ကို ချီသွားခံရတယ်၊ အပေါ်ရဟန်းများက ဒီဘက်ကမ်းကနေပြီး"ငါ့ရှင် သင်ဟာဒီအတိုင်းနေလဲ ကျားစားသေမှာပဲတရားရှုမှတ်နေလဲ ကျားစားသေမှာပဲ ဒီတော့တရား လက်လွှတ်အသေမခံဘဲ တရားရှုမှတ်နေပါ"လို့ လှမ်းပြီးသတိပေးကြတယ်။

ဒီအခါ ကျားစားခံနေရတဲ့ရဟန်းဟာ တရားကိုရှုမှတ်နေတယ်၊ကျား က ခြေမျက်စိခဲစားစဉ် သောတာပန်ဖြစ်တယ်၊ ပုဆစ်ဒူးဝန်းခဲစားစဉ် သက ဒါဂါမ်ဖြစ်တယ်၊ ပေါင်ကိုခဲစားစဉ် အနာဂါမ်ဖြစ်လို့ နှလုံးသားမစားမိ

ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံခဲ့တယ်၊ ဒီရဟန်းကိုစံထား အားကျ ယုံကြည်ပြီးတော့လဲ တရားကို ကျင့်ပွားအားထုတ်သင့်ပါတယ်၊ အဲဒီလိုကိုယ်နှင့်အသက်မငဲ့ကွက် ကြိုးစားအားထုတ်လျှင် တရားထူးတိုးတက်မှာ သေချာပါတယ်။

၈။ ဖြစ်ပေါ်လာရိုး ဆင်းရဲမျိုး လွှမ်းမိုးပယ်ရမည်။

တတ္ထ စ အဘိဘုယျ နေက္ခမ္မေန သမ္ဘာဒေတိ-ထိုသို့ ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲကြိုးစားအားထုတ်ရာ၌ဖြစ်ပေါ်တိုင်းသော ဆင်းရဲကို ပျင်းရိမှုမှထွက်မြောက်သော ဝိပဿနာဝီရိယဖြင့် လွှမ်းမိုးပယ်ဖျောက်၍လည်း ဝိပဿနာကို ပြီးစေရမယ်တဲ့။

အားထုတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပင်ပန်းဆင်းရဲမှု ဟူသမျှကို မလျှော့သောလုံ့လဖြင့် စူးစူးစိုက်စိုက်ရှုမှတ်၍ ပယ်ဖျောက်ရမည်လို့ဆိုလိုပါတယ်၊ အထူးအားဖြင့် တရားအားထုတ်ခါစ ယောဂီများဟာ ထိုင်လျက်ရှုမှတ်စဉ် နာကျင်ကိုက်ခဲတဲ့ ဒုက္ခဝေဒနာကို နိုင်နင်းအောင်မရှုမှတ်နိုင်ဘဲ အခက်အခဲရှိနေတတ်ပါတယ်၊ အမျှားသောယောဂီတွေဟာ အဲဒီဒုက္ခဝေဒနာတွေကို "ပရိညေယျံ ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ-ရဟန်းတို့ ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိရမယ်" လို့ ဘုရားဟောကြားတော်မူတာကို သတိထားဖို့ လိုပါတယ်။

နောက်ပြီး ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော၊ ဒုက္ခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ-ဆင်းရဲကိုခံစားသည်ရှိသော် ဆင်းရဲကိုခံစားသည်ဟု သိရာ၏လို့ သတိပဋ္ဌာနသုတ်တွင် ဘုရားဟောကြားတော်မူတာကို သတိထားဖို့လိုပါတယ်။

၁။ ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိရမယ်။

၂။ ဆင်းရဲကိုခံစားသည်ရှိသော် ဆင်းရဲကိုခံစားသည်ဟု သိရမယ်တဲ့ အမျှားသောယောဂီတွေကတော့ ဒုက္ခဝေဒနာကို လျင်စွာပျောက်ကင်းစေချင်တဲ့ လောဘစိတ်နဲ့ ရှုမှတ်နေတတ်ကြတယ်၊ဖောင်စီးရင်းရေငတ်ဆိုတာလို လောဘစသည်ကင်းအောင် တရားရှုမှတ်ရင်းက ဒုက္ခဝေဒနာ ပျောက်ကင်းလိုတဲ့ လောဘစိတ်ဝင်နေကြတယ်၊ နှလုံးသွင်းလွဲနေကြတာပေါ့။

အမှန်ကတော့ ဘုရားဟောအတိုင်း ဆင်းရဲဒုက္ခဝေဒနာဖြစ်နေတာကို ဆင်းရဲဒုက္ခဝေဒနာဖြစ်နေတယ်လို့ ရှုမှတ်သတိပြုနေရပါမယ်၊ ပျောက်ကင်းသွားရင်လဲ ပျောက်ကင်းသွားတ ယ်လို့ရှုမှတ်သတိပြုရမယ်၊ ချမ်းသာရင်လဲ ချမ်းသာနေတယ်လို့ ရှုမှတ်သတိပြုရမယ်၊ပျောက်ကင်းရင်လဲပျောက်

ကင်းတယ်လို့ ရှုမှတ်သတိပြုရမယ်၊ ဆင်းရဲနေတာကို ဆင်းရဲတယ်လို့ မရှုမှတ်ဘဲ ဆင်းရဲပျောက်ချင်လို့ ရှုမှတ်ရင် လွဲနေမှာပေါ့။

အမှန်ကဆင်းရဲပျောက်အောင် ရှုမှတ်တာမဟုတ်ဘူး ဆင်းရဲဖြစ်ပေါ်ရင် ဆင်းရဲပေါ်တယ်၊ ဆင်းရဲပျောက်သွားရင်လဲ ပျောက်သွားတယ်လို့ ဆင်းရဲဒုက္ခဝေဒနာဖြစ်ပေါ်တာနှင့် ပျောက်ပျက်တာကိုသိအောင် ရှုရပါတယ်၊ဆင်းရဲဒုက္ခဝေဒနာ ဖြစ်ပေါ်တာကိုသာ ရှုသိနေရပြီး ပျောက်တာကို မတွေ့ရသေးရင်လဲ ဖြစ်ပေါ်နေတဲ့ဆင်းရဲဒုက္ခဝေဒနာကို ပျောက်ကွယ်သွားသည့်အထိသည်းခံပြီးဇွဲကောင်းကောင်းနဲ့ ရှုမှတ်နေဖို့ အရေးကြီးပါတယ်၊ သည်းခံရင်နိဗ္ဗာန်ရောက်တယ်ဆိုတဲ့မြန်မာစကားပုံအတိုင်းပင် ဖြစ်ပေါ်နေတဲ့ ဆင်းရဲဒုက္ခဝေဒနာကို ပျောက်ကင်းသည့်အထိ သည်းခံရှုမှတ်နေရင် သူလဲ ဆင်းရဲတဲ့သင်္ခါရသဘောမို့ ပျောက်ကင်းသွားတာကို တွေ့ရတာချည်းပါပဲ၊ မပျောက်ကင်းသေးရင်လဲ ဘုရားဟောအတိုင်း ဒုက္ခဆန္ဓာကို ပိုင်းခြားသိနေတာ၊ ဒုက္ခဝေဒနာကိုဒုက္ခဝေဒနာပဲလို့ အမှန်အတိုင်းသိနေတာမို့ ရှုမှတ်သိနေသမျှ အရှုံးမရှိဘဲ အမှန်တရားကိုသိနေတာပါပဲ၊ တရားတိုးတက်နေတာပါပဲ၊ သည်းခံပြီး ဝီရိယဇွဲကောင်းကောင်းနဲ့ရှုမှတ်နေရင် ယောဂီကသာ လွှမ်းမိုးအနိုင်ရပြီး ဣန္ဒြေငါးပါး ညီညွတ်ထက်မြက်လို့ တရားတိုးတက်ပါတယ်။

ဒီနေရာတွင် မဟာသတိပဋ္ဌာနသုတ် ဝေဒနာနုပဿနာအဋ္ဌကထာ အဖွင့်၌လာသော မထေရ်တစ်ပါး၏ ဒုက္ခဝေဒနာကို သည်းခံအနိုင်ယူ၍ တရားရပုံကို ပြောပြပါဦးမယ်၊ တစ်ခါတုန်းက စိတ္တလပဗ္ဗတတောင်တွင် တရားအားထုတ်နေသော ယောဂီမထေရ်တစ်ပါးဟာ ဒုက္ခဝေဒနာနှိပ်စက်သဖြင့် အော်ဟစ်ညည်းညူပြီးလူးလှိမ့်နေရပါသတဲ့၊ ဒီအခါရဟန်းငယ်တစ်ပါးက "အရှင်ဘုရား-အရှင်ဘုရားတို့အား အဘယ်နေရာက နာကျင်ပါသလဲ ဘုရား" လို့မေးလျှောက်ပါသတဲ့ ဒီတော့ မထေရ်ယောဂီက "ငါ့ရှင် အသီးအခြားနာကျင်ခြင်းမည်သည်မရှိပါ၊အကြောင်းဝတ္ထုကို အာရုံပြု၍ဝေဒနာ သည်သာလျှင် နာကျင်မှုဝေဒနာကိုခံစားနေရပါတယ်" လို့ဖြေကြားတော်မူပါတယ်၊ ဒီအခါရဟန်းငယ်က "ဒီလိုဆိုရင် ဖြစ်ပေါ်တဲ့ ဒုက္ခဝေဒနာကို အမှန်သိတဲ့အချိန်ကစပြီး သည်းခံရှုမှတ်နေဖို့ မသင့်ပါလားဘုရား" ဟု သတိပေးပါသတဲ့၊ ဒီတော့ ယောဂီမထေရ်က "သည်းခံရှုမှတ်နေပါမည်ငါ့ရှင်" လို့ ဖြေကြားတော်မူပါတယ်။

ဒီအခါ ရဟန်းငယ်က "အရှင်ဘုရား သည်းခံတော်မူခြင်းဟာ မှန်မြတ်လှပါတယ်ဘုရား" လို့ လျှောက်ထားပြန်ပါတယ်၊ ယောဂီမထေရ်ဟာ

ပြင်းထန်တဲ့ ဒုက္ခဝေဒနာကို ရှုမှတ်မှုသတိဖြင့်သည်းခံတော်မူပါတယ်၊ ယောဂီမထေရ်တွင် ဖြစ်ပေါ်လာတဲ့ လေရောဂါ ဒုက္ခဝေဒနာဟာ အလွန်ပြင်းထန်လှပေတယ်၊ လေရောဂါဟာ မထေရ်၏ဝမ်းကို ဖောက်ခွဲတယ်၊ မထေရ်လျှောင်းစက်တဲ့ညောင်စောင်းခုတင်ပေါ်တွင်အူတွေဟာအခွေလိုက်ပုံနေပါသတဲ့၊ ဒီအခါမထေရ်က ရဟန်းငယ်ခေါ်ပြီးပြတယ်၊ ဒါလောက် သည်းခံရင်တော်လောက်ပလားလို့ မေးပါသတဲ့၊ ဒီတော့ ရဟန်းငယ်က "အရှင်ဘုရား၏ သည်းခံမှုဟာ သင့်လျော်လုံလောက်ပါတယ်ဘုရား" လို့ လျှောက်ထားပါသတဲ့။

မထေရ်ရဟန်းဟာ စီရိယနှင့်သမာဓိကို အညီအမျှယှဉ်စေ၍ ဝိပဿနာရှုပွားသဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူပါတယ်တဲ့၊ ဒါဟာ ဒုက္ခဝေဒနာကို သည်းခံရှုမှတ်အနိုင်ယူပြီး တရားထူးရပုံသာကေပါပဲ။

ထို့ပြင်လဲ ယခုမြန်မာနိုင်ငံ မဟာစည်ရိပ်သာကြီးတွင် တရားရှုမှတ်ကြသော ယောဂီများဟာ ဒုက္ခဝေဒနာတွေကို သည်းခံရှုမှတ်ကြသဖြင့် တရားထူးတိုးတက်ကြပါတယ်၊ အချို့ယောဂီများဆိုရင် ဆရာဝန်ကသေတော့မည်ဟု လက်လျှော့လိုက်သောရောဂါကိုပင် သည်းခံပြီး တရားရှုမှတ်ကြသဖြင့် ရောဂါလဲပျောက်ကင်းပြီး တရားလဲရသွားကြပါတယ်။

### ၉။ လမ်းဆုံးမရောက် လက်မမြှောက် တောက်လျှောက်သွားရမည်။

အန္တရာစ အဗျောသာနေန သမ္ပာဒေတိ-မဂ်ဖိုလ်သို့ မရောက်သေးမီအတွင်း၌ အဆုံးမသတ်ဘဲ မပြတ်အားထုတ်ခြင်းဖြင့်လဲ ဝိပဿနာဉာဏ်ကို ပြီးစေပါတယ်တဲ့။

လိုအပ်သော တရားထူးသို့ မရောက်သေးမချင်း ရှုမှတ်မှုကိုမစွန့်ရ၊ ကမ္မဋ္ဌာန်းမှမထွက်ရ၊ မပြတ်အားထုတ်နေရမည်-လို့ ဆိုလိုပါတယ်၊ ဒါကလဲ အရေးကြီးပါတယ်၊ တရားအားထုတ်မှုကာလမပြီးဆုံးသေးခင် တရားအရသာကို မခံစားရသေးခင် ရက်သတ္တတစ်ပတ်, နှစ်ပတ်မျှနဲ့ တရားခွင်မှ ထွက်ခွာသွားရင်လဲ လိုအပ်သလောက် တရားထူးကိုမရနိုင်ပါဘူး၊ တရားမရမချင်း တရားခွင်က မပြန်ဘူးလို့ စိတ်တင်းတင်းနဲ့ ကြိုးစားအားထုတ်ရန် အရေးကြီးပါတယ်။

ဒီနေရာတွင် ဝမ္မိကသုတ် အဋ္ဌကထာအဖွင့်တွင်ပါတဲ့ ကဿပဘုရားရှင်လက်ထက်က ရဟန်း ၇-ပါး၏ ဇွဲသတ္တိစိတ်ဓာတ်ကို နမူနာယူဖို့ ပြပါ

ဦးမယ်၊ ရဟန်းတော် ၇-ပါးတို့ဟာ တရားအားထုတ်ရန် သပိတ်တစ်လုံး, သင်္ကန်းသုံးထည်နဲ့ တောအရပ်ကြီးရှိ မတောင်စောက်ကြီးတစ်ခုပေါ်သို့ ဝါးလှေကားထောင်ပြီးတက်ကြပါသတဲ့၊ တောင်ထိပ်ရောက်တဲ့အခါ ခေါင်းဆောင်မထေရ်က "ကိုယ်နှင့်အသက်ကို ငဲ့ကွက်သူရှိက ပြန်ဆင်းနိုင်ပါသေးတယ်" သုံးကြိမ်မေးပြီး အားလုံး တိတ်ဆိတ်စွာနေခြင်းဖြင့် သဘောတူကြောင်းသိရလို့ ထောင်ထားတဲ့လှေကားကို ခြေနှင့်ကန်ချလိုက်ပါသတဲ့။

အဲဒီအချိန်ကစပြီး တရားရအောင်ကြိုးစားအားထုတ်ရန် တစ်မျိုးသာအားကိုးစရာရှိပါတော့တယ်၊ တရားအားမထုတ်ရင်လဲ ပြန်ဆင်းနိုင်ဖို့ နည်းလမ်းမရှိတဲ့အပြင် အစာပြတ်ရေငတ်ပြီး သေရုံသာ ရှိပါတော့တယ်၊ အဲဒီလိုစိတ်ဓာတ်နဲ့ ပြတ်ပြတ်သားသားအားထုတ်ကြတဲ့ရဟန်းတော်၇-ပါးတို့ဟာ ကိုယ်နှင့်ကိုယ် ထိုက်တန်ရာ တရားထူးများကို ရသွားကြပါတယ်တဲ့။

တရားအားထုတ်သူ ယောဂီများဟာ အဲဒီလို "လမ်းဆုံးမရောက် လမ်းမမြောက် ဖောက်လျှောက်သွားရမည်" လို့ ဆိုတဲ့အတိုင်း စိတ်ဇွဲသန်သန်နဲ့ အားထုတ်ရင် ငြိမ်းချမ်းရာနိဗ္ဗာန်ကို အမှန်ရနိုင်ပါတယ်။

တရားအားထုတ်သူ ယောဂီများဟာ တရားထူးများမရရှိ မတိုးတက်လျှင် ယခုဟောကြားခဲ့တဲ့ ဣန္ဒြေထက်ကြောင်း အင်္ဂါ ၉-ပါးတို့ကို လိုအပ်သလို ဖြည့်စွက်ကျင့်ပွားသွားကြရင် သဒ္ဓါ, သတိ, သမာဓိ, ဝီရိယ, ပညာဆိုတဲ့ ဣန္ဒြေငါးပါးထက်မြက်ညီညွတ်ပြီး တရားထူးများကိုရရှိနိုင်ကြပါမယ်။

ဤသို့ ဘုန်းကြီးက ဦးသောင်းလွင်၏ အင်္ဂလိပ်ဘာသာပြန်မှု အကူအညီဖြင့် ပြောကြားဟောကြားပါသည်၊ ထိုအခါ မေးမြန်းသူ နိုင်ငံခြားသား ယောဂီများလည်း သဘောကျလက်ခံ၍ သာဓုခေါ်ဆိုကာ ပြန်ကြသွားကြပါသတည်း။

(လေးနိုင်ငံ ဓမ္မဒူတခရီးစဉ်မှ ကောက်နုတ်ချက်တရားတော်ဖြစ်ပါတယ်)၊

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေးဆရာတော်

ဘဒ္ဒန္တဣန္ဒကအား

# ပူဇော်ပွဲအလှူရှင်များ

---

## ပစ္စည်းအလှူရှင်များ

ဦးမြစ်-ဒေါ်သစ်သစ်လွင် မိသားစု၊ ၁၁-မင်းကြီးလမ်း၊ အင်းစိန် မှ ယိုးဒယားလွယ်အိတ် အလုံး ၅၀-နှင့် ယိုးဒယားခါးပန်းကြိုး ၅၀။ ဒေါ်တောကြီး၊ အောင်မင်္ဂလာသင်္ကန်းတိုက်၊ မုံရွာမြို့မှ တက်ထရွန် သင်္ကန်း ၁-စုံ၊ ဖိနပ် ၁-ရံ။

## ၅၀၀၀-ကျပ်

ဦးဝကြီး-ဒေါ်တင်စမ်း၊ ထိပ်တန်းအထူးကုဆေးခန်း၊ သိမ်ဖြူလမ်း။

မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့။

## ၃၆၃၀-ကျပ်

ဒေါ်ခင်ဝင်း မဟာစည်သာသနာ့ရိပ်သာမှ ကောက်ခံပေးငွေ။

## ၂၀၀၀-ကျပ်

ဦးဝင်းကြည်-ဒေါ်လှရီမိသားစု-ဂ၊ ကျိုက်ဝိုင်းဘုရားလမ်း၊သမိုင်း။

ဦးခင်အောင်-ဦးထွန်းတင်၊ထူး စားသောက်ဆိုင်မိသားစု၊အင်းစိန်-လမ်းမကြီး၊ ကြို့ကုန်း။

ဦးချစ်လှိုင်နှင့်အဖွဲ့၊ ဥက္ကဋ္ဌ၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့၊ အင်းစိန်။

## ၁၅၁၇-ကျပ်

ဒေါ်တင်တင်မြင့်၊ ကောက်ခံပေးငွေ။

## ၁၅၀၀-ကျပ်

ဗိုလ်မှူးကြီး သိမ်းထူး၊ ဒေါ်အေးယုံ မိသားစု၊ ၆၊ ပုလဲလမ်း၊ ဗဟန်း။

၁၁၅၁-ကျပ်

ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၊ သက်န်းကျွန်း။

၁၁၀၀-ကျပ်

ဒေါ်ခင်နှင့်သမီး မစမ်းယဉ် ၆၁၀၊ ၅-လမ်းထိပ်၊ ကမ်းနားလမ်း။

၁၀၀၀-ကျပ်

ဦးလှမျိုး-ဒေါ်သန်းသန်း ၂၅၊ ရှမ်းရိပ်သာ၊ စမ်းချောင်း။

ဦးပညာဝံသ၊ ညောင်ကန်အေး ကွင်းကျောင်း သာသနာ့ရိပ်သာ၊ သက်န်းကျွန်း။

ဦးကျော်စိန်မိသားစု၊ ၃၁၊ ဦးဘစံလမ်း၊ ဇဝနရပ်ကွက်၊ သက်န်းကျွန်း။

ဗိုလ်ကြီး လှမြင့်၊ ဒေါ်ခင်မမကြီး မိသားစု၊ ၂၈/၁၊ ကြို့ကုန်းရိပ်သာ။

ဒေါ်မြအေး၊ ၁၁၃၊ ၁၄-လမ်း၊ လမ်းမတော်။

ဦးတင်ဝင်း-ဒေါ်သိန်းရင်မိသားစု၊ ၂၂၊ လမ်းသစ်၊ အင်းစိန်။

ဦးသန်းအောင်-ဒေါ်သန်းသန်းမိသားစု၊ အောင်စိုးမိုး ပုံနှိပ်တိုက်၊ ၁၈၉၊ ၃၂-လမ်း၊ ပန်းဘဲတမ်း။

ဦးတင်မောင်-ဒေါ်စိန်စိန်မိသားစု၊ ၈၆၁၊ မေတ္တာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာ။

၁၀၀၀-ကျပ်

ဦးကုသလ ရတနာမဥ္ဇူကျောင်း၊ စလင်းတိုက်၊ ကြည့်မြင်တိုင်။

ဒေါ်အေးရီ ဒေါ်ဆင့်ဆင့်၊ တိလောကရပ်၊ ထောက်ကြံ့။

ဒေါ်လှလှမြင့် အင်ဂျင်နီယာမြို့ပြ၊ သ/မ၊ အင်းစိန်။

ဒေါ်ခင်သောင်း မိသားစု၊ ၆၆/၈၊ အောင်ဓမ္မရိပ်သာလမ်း၊ သမိုင်း။

ဒေါ်မြမြသန်း ၆-ဿ၊ ၃၆-လမ်းသစ်၊ အာလိန်ငါးဆင့်ရှေ့၊ အင်းစိန်။

ဦးခင်မောင်တင် ဒေါ်မြမြလေး သမီး စွင့်စွင့်ခိုင်၊ ပြည့်စုံခိုင်၊ ပြည့်ဖြိုးခိုင်၊ ၆/ဿ၊ ၃၆-လမ်းသစ်၊ အာလိန်ငါးဆင့်ရှေ့၊ အင်းစိန်။

ပေါင်းတည် ဦးကိုကိုကြီး-ဒေါ်အေးကြည် သား၊ သမီးတစ်စု ၈၆၁၊ ၅-မိုင်ခွဲ၊ ပြည်လမ်း၊ မြကန်သာလမ်းသွယ်။

## ၁၀၀၀-ကျပ်

ဦးသန်းမောင် - ဒေါ်သန်းသန်းမော် မိသားစု ဂ၊ အင်းစိန်လမ်း၊ ကြို့ကုန်း။
ဦးခင်မောင်တင်-ဒေါ်သီတာအောင်မိသားစု။
ဦးတင်ဆွေလတ်-ဒေါ်ခင်စန်းမိသားစု။
ဒေါ်ရီရီမိသားစု ၂၂၊ နဝဒေးလမ်း၊ ဒဂုံ။
ဒေါ်တင်အေးမိသားစု (စိန်မောင်ရုပ်ရှင်) ကုန်းမြင့်ရိပ်သာ၊ ၇-မိုင်ခွဲ။
ဗိုလ်ကြီး ညိုစော (ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးကျောင်း)၊ ဒေါ်စန်းစန်းအေး (အကောက်ခွန်)၊ သမီး သန့်ညိုစော။
ဦးသီရိမ္မ (ထီလာ)၊ မဟာစည်သာသနာ့ရိပ်သာ။
ဘုန်းတော်ကြီး ဦးဣန္ဒာစံရိယ။
ဒေါ်တောကြီးတောက်ခံပေးငွေ(ကိုညို-မခင်သင်၊မိသားစုမှရ)။
ဒေါက်တာကျော်မြင့်-ဒေါ်မြမြရီမိသားစု ၂၂၄၊ ၂၇၆၊ ဘားလမ်း။
ဒေါ်နွဲ့ရင်မိသားစု ၂၊ မြဝတီလမ်း၊ ပြည်သာယာ၊ ရန်ကင်း။

## ၉၉၉-ကျပ်၊ ၉၀ ပြား

အရှင်ဝိစာရ ညောင်ကန်အေးသာသနာ့ရိပ်သာ။
ဗိုလ်မှူးကြီး မင်းဒင် (အငြိမ်းစား)၊ ဒေါ်မြစိန်မိသားစု ၂၉၀ / ၁၀-အရှေ့ရန်ကင်း။

## ၈၃၈-ကျပ်

ဒေါ်မြသွင် ကောက်ခံပေးငွေမှ

## ၆၁၅-ကျပ်

အေးကမ္ဘာကုသိုလ်တော်အဖွဲ့။

## ၆၀၀-ကျပ်

ဦးခင်မောင်မိသားစု ၅၁၈၊ အောင်မြေသာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း။

## ၅၇၀-ကျပ်

ဒေါ်အမာမိသားစု ၆၄၊ ပြည်တော်အေးလမ်း၊ သဃ်န်းကျွန်း။

## ၅၀၀-ကျပ်

ဦးအုန်းမောင်-ဒေါ်တင်ရွှေ မယ်ဇလီကုန်းမြို့။
ဦးအောင်မင်း- ဒေါ်အမာကြူ ၃၊ ပိတောက်လမ်း၊ ပုဇွန်တောင် တပ်မြေ။
ဦးထွန်းအေး - ဒေါ်အုန်းကြည် တိုက် ၁၉၊ အခန်း ၂၊ မြို့ကုန်း ရိပ်သာ။
ဦးပညာဗလ အမှူးထား၍ ဒေါ်မြင့်မြင့်တင်မိသားစု၊ ၆၃၊ အိုးဘို လမ်း၊ ကြည့်မြင်တိုင်။
ဦးလှအောင်-ဒေါ်စု မိသားစု (ပပဝင်းစတိုး) ခဲပြံ အင်းစိန်။
ဦးပညာသာမိ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ သက်နိုးကျွန်း။
ဒေါ်ကျင်ထွေး မိသားစု ၁၂၆၊ ၃၄-လမ်း၊ ကျောက်တံတား။
ဦးအုန်းရွှေ-ဒေါ်ကြည်ကြည်သန်း မိသားစု ၃/၃၊ ကြို့ကုန်းရိပ်သာ အင်းစိန်။
မိဘနှစ်ပါးအား ရည်စူး၍ ဦးထွန်းရှိန်-ဒေါ်ခင်စု မိသားစု ၅၆၊ အောင်သုခလမ်း၊ ဈေးကုန်းအနောက် အင်းစိန်။
ဦးအေးသန်း - ဒေါ်စာင်တင်နွယ် ညီမ ဒေါ်မြကြည် ၃၀/၂ ကြို့ကုန်းရိပ်သာ။
ဦးအောင်ကြိုင်-ဒေါ်ခင်ရီမိသားစု တီလောကအရပ်၊ ထောက်ကြံ့။
အဖိုးအဖွားအား ရည်စူး၍ မြေးညွန့်ညွန့်စအေး၊နွယ်နွယ်အေး၊ကိုဖြိုး၊ မသီတာလွင် မြစ်စုစန္ဒီသွေး၊ (အမျိုးသားအအေးဆိုင်) ရေနံ ချောင်းမြို့။
ဦးညွန့်ငွေး-ဒေါ်အေးအေးချို မိသားစု၊ မုံရွာမြို့။
ဦးကိုကိုကြီး-ဒေါ်ခင်ငွေးဝင်း မိသားစု ၅၆၊ ရှင်စောပုလမ်း၊ ရန်ကုန်။
ဦးခင်မောင်ဝင်း-ဒေါ်စိန်စိန်ဝင်း ရှမ်းစုရပ်၊ မိုးကုတ်မြို့။
ဦးဘုန်းမြင့်မောင်-ဒေါ်ခင်လေးရီ ဈေးဟောင်းရပ်၊ ငိုးဘုအိမ်မြို့။
ဦးလှဘင်-ဒေါ်ဆွေဆွေအေးမိသားစု ၄၀၊ ဈေးဆလေး[illegible]သာ ၉-လမ်း၊ ဗားကရာ ကြည့်မြင်တိုင်။
ဦးသိန်း-ဒေါ်ကြည်ကြည် သားသမီးမြေးတစ်စု ၈/၃ [illegible]- ရိပ်သာ။
ဒေါက်တာ မြမောင်-ဒေါ်စီစီမိသားစု စိုက်ပျိုးရေးဝင်း၊အနောက် ကြို့ကုန်း။

၅၀၀-ကျပ်

ဒေါက်တာတင်စိုး-ဒေါ်ကြည်လှမိသားစု စိုက်ပျိုးရေးဝင်းအနောက် ကြို့ကုန်း။
ဒေါ်မိုးခင်မိသားစု ညောင်ကန်ရွာ၊ဘုတလင်မြို့နယ်။
ဦးတင်အောင်ဝင်း - ဒေါ်မြနှင်းလွင် မိသားစု ၁၊ ဆိဆုံလမ်း၊ စမ်းချောင်း။
ကိုကျော်ကျော်နိုင် တိုကျိုမြို့၊ ဂျပန်နိုင်ငံ။
ဦးရွှေဝင်း-ဒေါ်မြစိန် နိုင်ငံခြားရေးရုံးနှင့် ဦးထွန်းလှ-ဒေါ်အုန်း ကြိုင် အမ်ပီအက်ဖ် ခြံ ၂။
ဦးခင်မောင်ညွန့်-ဒေါ်သန်းရီ သမီး ကျော့ကေခိုင်ညွန့် ၃၁၊၁၀ ကြို့ကုန်းရိပ်သာ။
ဦးရီ-ဒေါ်မြသန်းမိသားစု ၄၊ စွန်းလွန်းဂူကျောင်းလမ်း တောက် ထော်။
ဦးတင်အောင်-ဒေါ်ရွှေရည် မိသားစု ၄၁၂၊ ကမ်းနားလမ်း၊ ရန်ကုန်။
ဦးမြင့်သိန်း-ဒေါ်ခင်လှမိုး မိသားစု ၅၂၊လမ်း-၂၀၊ လသာ။
ဦးကောဝိဒနှင့် တပည့်များ တာတိုက်ရွာ ကော့မှူးမြို့နယ်။
ဆရာတော်ဦးသံဝရမဟာစည်သာသနာ့ရိပ်သာ၊ တောင်တွင်းကြီးမြို့၊
ဆရာတော် ဦးဩဘာသ သုမနာရာမတိုက် အုန်းတော ၂၊ တောင် တွင်းကြီးမြို့။
ဒေါ်စီမိသားစု ၆၇၊ သမိန်ဗရမ်းလမ်း၊ တာမွေ။
ဗိုလ်မှူးသက်အောင်-ဒေါ်မာမာခိုင် မိသားစုနိဗ္ဗာန္ဒလမ်း၊ အင်းစိန်၊
ဦးဘန်းစိန်-ဒေါ်သောင်း မိသားစု ၃၁-၂၂၊ ကမာရွတ်။
သမားတော်ကြီး ဦးတန်ကေ ၁၀၃၊ စပ်စံထွန်းလမ်း (စုန်ဝမ် ဆေးတိုက်) တောင်ကြီးမြို့။
ဒေါ်ရီမိသားစု(ထွန်းမေတ္တာ လက်ဖက်ရည်ဆိုင်)
ဦးမောင်တင်-ဒေါ်စိန်စိန် မိသားစု ၄-ရပ်ကွက်၊ တောင်ဥက္ကလာ၊
ဒုတိယဗိုလ်မှူးကြီး စံသင်း-ဒေါ်ခင်မြင့်မြင့်၊ အကျဉ်းဦးစီးဌာန။
ဦးဝင်းသိန်း မိသားစု (စားဖျော်လုပ်ငန်း)၊ ပန်းဘဲတန်း။
ဦးကြည်မိသားစု (ခေါက်ဆွဲလုပ်ငန်း) စားဖျော်။
ဦးတွန်းတောက်-ဒေါ်ကြည်ကြည်မိသားစု လမ်းသစ်၊ အင်းစိန်။
ဦးလင်းထွန်း-ဒေါ်နွဲ့ရီမိသားစု ၂၂၊ နဝဒေးလမ်း၊ ဒဂုံ။
ဦးကြင်လင် မိသားစု ဘုရားလမ်း၊ သမိုင်း။

၅၀၀-ကျပ်

ကိုစိုးလွင်၊ မချိုချိုဝေ ၂၅၇၊ ကျိုက္ကစံရပ်၊ ဗျိုင်းရွာမရပ်၊ တာမွေ။
ဦးမောင်ကြည်-ဒေါ်ငွေမြင့် ၅၅၊ ဇီဇဝါလမ်း၊ ရေကျော်။
ဦးဝင်းမြင့်-ဒေါ်တင်တင် မိသားစု ၄၊ အရှေ့ကြို့ကုန်း၊
မယ်တော်ကြီး ဒေါ်ပွဲဟန်
ရွှေမင်းဝံသာသနာ့ရိပ်သာဆရာတော်နှင့်တပည့်များ။
ဒေါ်ခင်နှင်းစန် အမှူးထား၍ ဦးကံရှိန်-ဒေါ်တင်တင်အေး မိသားစု ဆစ်ဘုရားကျောင်းအနီး၊ အင်းစိန်။
ကိုစိုးထွန်း-မခင်သန်းလှိုင်သား မောင်ကောင်းသန့်ဂ၁၊ ဂ၂-ကြား ၄၇-လမ်း၊ မန္တလေး။
ဦးစန်းမောင်-ဒေါ်ခင်ဝင်း မိသားစု (တက်နေဝင်းဗွီဒီယို) ၂၆-ဘီလမ်း ဆိုင်းတန်းရပ်၊ မန္တလေး။
ဦးသန်းဆွေ၊ ဦးခင်မောင်ဦး မိသားစု (ရတနာပုံထီဆိုင်) ၂၆၊ ဘီလမ်း၊ မန္တလေး။
ဟိတေသီအမှုဆောင်များ မဟာစည်သာသနာ့ရိပ်သာ။
ဦးတင်လှ-ဒေါ်တင်တင်ရီ ၃၁၊ ဦးဘဇံလမ်း၊ ဇဝနရပ်၊ သင်္ကန်းကျွန်း။
ဦးရဲနိုင်-ဒေါ်လှလှမိသားစု ၃၄၊ မဟာဆိုရှယ်လမ်း၊ လှည်းတန်း။
ဒေါ်လှလှ မိသားစု၊ မုံရွာမြို့။
ဦးညာဏ်ဦး-ဒေါ်မြသွင် မိသားစု၊ ကျောက္ကာလမ်း၊ မုံရွာမြို့။

၅၀၀-အောက် အလှူရှင် ၇၁၂-ဦး ရှိပါသည်။





တင်ထွန်းထွန်း



ညောင်ကန်အေးဆရာတော် သာသနာပြုခဲ့ရာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗြိတိန်မြန်မာဗုဒ္ဓဘာသာဝိဟာရကို တွေ့မြင်ရပုံ
ဂုဏ်ထူးဆောင် နာယက ဒေါ်တောကြီးက ငွေမိုးရွာသွန်း ပူဇော်
ညောင်ကန်အေးဆရာတော်အား နိုင်ငံတော်ဇာတ်မင်းသမီးကြီး ဒေါ်အောင်သန်းတင်နှင့် အဆိုတော်ထားတို့က ရတုတေးထပ်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်